# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၂၅*

သူတို့တောင်းပန်သွားပြီးကတည်းက, ကောင်းဖန်ကသူတို့ကိုထပ်မတားဖို့ဆုံးဖြတ်လိုက်သည်။

ဂိုဒီ၏အကျီကိုချိုင်ကွမ်မင်းမှပြန်ယူလာပြီးနောက်, သူကဘဲ၏ခေါင်းကိုပုတ်လိုက်သည်။

“သွားကြစို့၊ ငါမင်းအတွက်ဒါကိုဝတ်ပေးမယ်”

“ဂတ်”

ဂိုဒီကကောင်းဖန်အား
ခေါင်းတစ်ဖက်စောင်းကြည့်လိုက်ပြီး အတောင်ပံတွေကို
မြှောက်လိုက်ကာ
ကောင်းဖန်အားကုတ်ကိုဝတ်ခွင့်ပေးလိုက်သည်၊
ကောင်းဖန်က မတ်တပ်ရပ်လိုက်ပြီး
ညစ်ပေနေသည်များကိုခါလိုက်သည်။

“ကိုယ်ကိုကိုယ်တောင် အဝတ်မဝတ်တတ်တဲ့ဘဲကို
ဘယ်သူကမှမယူချင်ဘူးဆိုတာ မင်းသိလား”
ကောင်းဖန်ကပြောလိုက်သည်။

စာစဉ် ၁၅

"အခိပ္ပါယ်မရှိတာ!" ဂိုဒီကပြန်ပက်ပြောလိုက်သည်။

"ရေကန်နားမှာ နှစ်ထပ်ဘဲ လှောင်အိမ်ရှိတယ်၊ နေ့တိုင်း, ငါးအမျိုးမျိုးစားပြီးအရသာရှိတဲ့စိတ်ဝိညာဉ်တောင်ရေကို သောက်တယ်။
ငါကမြို့မှာအချမ်းသာဆုံးဘဲတစ်ကောင်ဘဲ!
မင်းတီဗွီပရိုဂရမ်တွေမှာ
တွေ့တဲ့ဘဲတွေထက်ငါကပိုပြီးချမ်းသာတယ်"
ဂိုဒီကမောက်မာစွာဖြင့်ပြောလိုက်သည်။

"မင်းဒီအကြံဉာဏ်တွေကိုဘယ်ကရတာလဲ?"
ကောင်းဖန်ကဂိုဒီ၏ခေါင်းကိုလက်သီးနဲ့
ထိုးကာပြောလိုက်သည်။

စာစဉ် ၁၅

“ငါ့ခေါင်းကိုရိုက်နေတာရပ်လိုက်!
ငါပိုပြီးဉာဏ်တုံးလာလိမ့်မယ်, ပြီးရင်အဲ့တာမင်း
အပြစ်ဘဲ!”

ဂိုဒီကသူ့သခင်ကိုစိုက်ကြည့်ကာပြောလိုက်သည်။

ချိုင်ကွမ်မင်းသည်
ဘဲတစ်ကောင်၏မိခင်လိုသဘောထားကာ
ပျော့ပျောင်းနူးညံ့သော
ကောင်းဖန်၏တစ်ဖက်ခြမ်းကိုမြင်လိုက်ရသောကြောင့်
အံ့သြနေသည်။

ကောင်းဖန်သည်
ထိုနေ့မနက်တွင်အတန်းတစ်တန်းသာရှိသည်။

## စာစဉ် ၁၅

အတန်းပြီးသောအခါတွင်
သူ့စာအုပ်များကိုလွယ်အိတ်ထဲသို့ထည့်သည်။

“ကျောင်းသားအသင်းအဖွဲ့ကသားရဲအမျိုးအစားအသစ်
တစ်မျိုးရှာတွေ့တယ်တဲ့၊ မင်းလိုက်ပြီးကြည့်ချင်လား?”
ကျွင်းမော့ယီက ရုတ်တရက်သူ့ကိုပြောလိုက်သည်။

“သားရဲအမျိုးအစားအသစ်?”
ကောင်းဖန်ကပြောလိုက်သည်။ “သွားချောင်းကြည့်ဖို့
တော့ ဘာမှသိပ်မဖြစ်ပါဘူး။
ဒါပေမယ့်အဲ့လိုလုပ်တာကောင်းလို့လား?
ငါကကျောင်းသား
အသင်းအဖွဲ့ကအဖွဲ့ဝင်မဟုတ်ဘူးလေ”

စာစဉ် ၁၅

"ငါတို့သူငယ်ချင်းတွေကိုဖိတ်ဖို့ခွင့်ပြုထားတယ်၊
သားရဲအသစ်ကိုရှာတွေ့တဲ့တစ်ယောက်က
ငါတို့ကျောင်းကစီနီယာဘဲ"
ကျွင်းမော့ယီကပြောလိုက်သည်။

"ဒါဆိုလည်းကောင်းပြီလေ၊ ငါသွားမယ်"

...

ဒါကတော့ယွိကျိုးတွင်နေသော
လီယွီ၏ဇာတ်လမ်းဖြစ်သည်။

ကပ်ဆိုးကြီး၏အကြိုရက်တွင်, သူ၏အိမ်ဟောင်းသည်
ငလျင်ကြောင့်လုံးဝကိုပျက်စီး သွားသည်။

စာစဉ် ၁၅

သူကတခြားတစ်နေရာသို့ပြောင်းဖို့အတွက်
ကြိုးစားအားထုတ်နေသည်။

သူ့ရဲ့အိမ်အသစ်ကို ကမ္ဘာသစ်မဟာမိတ်အစိုးရမှ
အပြည့်အဝပေးချေခဲ့သည်။

ငယ်စဉ်ကပင်မိဘနှစ်ပါးလုံးဆုံးရှုံးခဲ့ရပြီးနောက်သူသည်
မိဘမဲ့ဂေဟာတွင် သူမှတ်မိသလောက်
အတော်ကြာကြာနေထိုင်ခဲ့သည်။
သူကမိဘမဲ့ဂေဟာနှင့်  စေတနာထက်သန်သောအလှူရှ
င်အချို့၏အကူအညီကြောင့်တက္ကသိုလ်ပြီးဖို့အတွက်
စီစဉ်နိုင်သွားပြီး
မိဘမဲ့ဂေဟာမှသူ၏သူငယ်ချင်းများဖြင့်ပင်
အဆက်အသွယ်မပြတ်သေးပေ။

## စာစဉ် ၁၅

မကြာသေးမီကလီယွီသည် သူ့အထက်တွင်နေထိုင်သောအိမ်ထောင်သည်စုံတွဲ၏ အဆက်မပြတ်ရန်ဖြစ်နေမှုကြောင့် စိတ်ပူပန်ခဲ့ရသည်။ ညနက်သန်းခေါင်းအထိ အသေးအဖွဲ့အရာများက သူတို့နှစ်ယောက်ပါးစပ်ထဲတွင် အမြဲရှိနေတတ်သည်။

ဒါကသာမန်လက်ထပ်ပြီးသားစုံတွဲတွေရဲ့တစ်ခါတစ်ရံရန်ဖြစ်ခြင်းမှန်းသူသိသည်။ ပြီးတော့ဒီလူတွေညတိုင်းအပေါ်ထပ်မှာရန်ဖြစ်နေတဲ့အတိုင်းအတာကို သူနားလည်ပေးနေသေးသည်။

သို့သော်, ပြဿနာက သူ့နေရာသည် အမြင့်ဆုံးအထပ်တွင်ဖြစ်နေသည်။

စာစဉ် ၁၅

လီယွီသည်သူ့အိပ်ယာပေါ်တွင်စိုးရိမ်ကြောင့်ကြလျက်ထိုင်နေသည်။ ငွေရောင်လရောင်ကို လင်းထိန်သွားစေရန်အတွက် သူ၏လိုက်ကာများကိုဆွဲဖယ်ထားသည်၊ သူဗူးထဲမှ စီးကရက်တစ်လိပ်ကိုခါလိုက်ပြီးနောက်, မီးခြစ်နှင့်မီးညှိလိုက်ပြီး ခပ်ပြင်းပြင်းဆွဲရှိုက်လိုက်ကာဖြည်းညင်းစွာဖြင့် မီးခိုးငွေ့များကိုလေထဲသို့ထုတ်လိုက်သည်။

နာရီလက်တံတစ်ချောက်ချောက်သွားနေသလိုမျိုး, မျက်နှာကျက်ကနေ ယောကျာ်းနှင့်မိန်းမ၏တစ်စုံတစ်ခုအား ငြင်းခုံနေကြသည့်အသံများထွက်လာတော့သည်။

စာစဉ် ၁၅

"ငါမင်းကိုပြောတယ်, သူနဲ့ဘာမှမဆိုင်ဘူးလို့!"

"မင်းကငါ့ကိုဘာလို့မယုံတာလဲ?"

"ငါ့ကိုအဲ့လိုမျိုးပေါက်တက်ကရတွေလာပြောမနေနဲ့၊ တစ်ယောက်ကနင်တို့နှစ်ယောက် ဟိုတယ်ထဲကို ညစာစားဖို့ဝင်သွားကြတာတွေ့လိုက်တယ်..."

အသံကပိုပြီးအားနည်း လာသည်၊ ထို့နောက်ထိုနေရာမှ ဗလုံးဗထွေးဖြစ်နေသောအသံများဖြစ်လာပြီး စားပွဲနှင့်ကုလားထိုင်အသံများ လှည့်နေသလိုထွက်လာသည်။

စာစဉ် ၁၅

“ငါကအပေါ်ဆုံးထပ်မှာ၊
မိသားစုဒရမ်မာကိုကြည့်နေတာဘယ်သူလဲ?” လီယွီက
ဒေါသထွက်လာသည်။

သူကမနက်အစောကြီးထပြီး
ဘယ်သူတွေကဆူညံတဲ့အသံတွေ
လုပ်နေတာလဲဆိုတာကိုတက်ကြည့်ဖူးသည်၊ သို့သော်,
အပေါ်ထပ်တွင်ဘာမှမရှိပေ။
အိမ်နီးချင်းများ၏ပန်းများစိုက်ထားမှုနှင့်အပင်များရှိပြီး,
အမိုးပေါ်တွင်ဘယ်သူမှနေရန် နေစရာမရှိပေ။

လီယွီကသူ့အိပ်ယာမှထလိုက်သည်၊
“ဒါဘဲ! ငါဆက်ပြီးသည်းမခံနိုင်တော့ဘူး!
ငါညကောင်းကောင်းမအိပ်ရတာလအတော်

ကြာလောက်ရှိနေပြီ! ငါ့စိတ်ကိုငြိမ်းချမ်းအောင် လုပ်ပေးမယ့်ဘယ်သူမဆိုငါအားလုံး ပေးမယ်”

လီယွီကမတ်တပ်ရပ်လိုက်သည်။ အဝါရောင်ခွေးက သူ့အိပ်ယာပေါ်မှခုန်ထလိုက်ပြီး သူ့ကိုယ်သူခြေထောက်ဖြင့်ပွတ်သပ်နေသည်။

ကောင်းတာတစ်ခုက ငါ့မှာကိုယ်ပိုင်သားရဲရှိတယ်။ လီယွီသည် သူ၏ကိုယ်ပိုင်သားရဲ ရှိနေခြင်းအတွက် လုံခြုံတယ်လို့ခံစားရသည်။

သူ့ဆီမှာရှိနေတာနှစ်နှစ်နီးပါးရှိနေပြီဖြစ်သည်။ မှန်ကန်စွာလေ့ကျင့်ပေးရန်အတွက် သူသည်အလုပ်အမြဲရှုပ်နေသော်လည်း

## စာစဉ် ၁၅

သူ့၏အကျွမ်းတဝင်သားရဲသည်
ထိပ်တန်းအဆင့်သို့သူ့ကိုယ်သူတက်နိုင်ခဲ့သည်။

ထိုသို့သောကြောက်ဖို့ကောင်းသည့်ခွေးက
သရဲကိုတောင်ကြောက်ဖို့ကောင်းသည့်
အကြည့်ပေးနိုင်သည်။

သူသည်မကြာသေးခင်ကမှသူ့သားရဲကို
ရွှေမြေသိမ်းပိုက်သူအဖြစ်တိုးမြင့်စေရန်
ကူညီပေးသည့်တောင်ပိုင်းကောင်းကင်အဖွဲ့၏
လူသိများသောမြေကြီးဆေး အမျိုးအစားကိုပေးခဲ့သည်။

"ဆေးကသူတို့ပြောသလိုဘဲကောင်းပါစေ..."
လီယွီကတီးတိုးရေရွတ်လိုက်သည်။

## စာစဉ် ၁၅

သူကလှေကားတံခါးကိုဖွင့်လိုက်ပြီး
လှေကားခွင်၏အမှောင်ထဲသို့စိုက်ကြည့်လိုက်သည်။
အေးစက်သောလေကတိုက်လိုက်လာပြီး
လီယွီ၏ကျောရိုးတွေကိုပါ တုန်လှုပ်
ခြောက်ခြားသွားစေသည်။

"ဝုတ်!" ရွှေမြေသိမ်းပိုက်သူခွေးသည်
ဟောင်သံတစ်ချက်ထုတ်လွှင့်လိုက်ပြီး,
ရွှေ့လျားအာရုံခံမှုကိုသုံး၍
လှေကားခွင်ရှိမီးများကိုခလုတ်နှိပ်လိုက်သည်။

စာစဉ် ၁၅

လီယွီသည်ဘာမှမရှိသော
ခပ်ဖျော့ဖျော့အလင်းရောင်ကိုပေးနေသည့်လှေကားခွင်
ကို စိုက်ကြည့်နေသည်။

ခဏလောက်စဉ်းစားပြီးနောက်, သူ့နေရာကိုပြန်သွားပြီး
ခုတ်ခါးနှစ်ချောင်းကို
သူ့မီးဖိုချောင်ထဲမှထုတ်လာခဲ့သည်။

သူ့ဘေးနားတွင်ခွေးရှိပြီး သူ့လက်ထဲတွင်လည်း
ခုတ်ခါးနှစ်လက်ရှိတာကြောင့်,
အခုဆိုကြောက်စရာဘာမှမရှိတော့ပေ။

"သွားကြစို့!" လီယွီကသူ၏ခန့်ညားသောမျက်နှာ၌
ရှုပ်ထွေးခြင်းတို့ကိုထိန်းချုပ်ထားသည်။

စာစဉ် ၁၅

သူတစ်လလုံးကောင်းကောင်းမွန်မွန်မအိပ်ခဲ့ရပေ။ ဒီညတော့, သူရဲ့အိပ်ရေးမဝတဲ့ ပြဿနာကို အားလုံးတစ်ကြိမ်တည်းအပြီးတိုင်ငြိမ်းသက်တော့မည်။

၎င်း၏သခင်ကလှေကားပေါ်တက်သွားသည်ကိုမြင်တော့ ရွှေမြေသိမ်းပိုက်သူခွေးသည် သူ့နောက်သို့အပြေးလိုက်သွားသည်။

ခေါင်မိုးထပ်သည်ကြီးမားသောတံခါးကြီးနောက်တွင်ရှိသည်၊ ၎င်းကတံခါးသော့ခတ် မထားသော်လည်း, အတော်လေးလေးလံလှသည်။ သူ၏အားအကုန်လုံးဖြင့်သုံးပြီး, လီယွီကရင်းကိုတွန်းဖွင့်သည်။

သူကတံခါး၏တစ်ဖက်ကနစ်ယောက်၏ရန်ဖြစ်နေသည့်
အသံကိုခုထိကြားနေရသေးသည်။
ဖွင့်လိုက်သည့်အချိန်တွင်
ဘာမှမရှိသောခေါင်မိုးထပ်ကိုသာ သူနှင့်တွေ့လိုက်ရ
သည်။
လီယွီသည်ငွေရောင်လရောင်အောက်တွင်မဖြန်းပက်ခင်
အထိအရာအားလုံး ဖြစ်နေခဲ့သည်။

ဆူညံသံကတစ်စွန်းတစ်စပင်မရှိဘဲ
ပျောက်ကွယ်သွားတော့သည်။

“ဝုတ်!?” ရွှေမြေသိမ်းပိုက်သူခွေးသည်
ဘာမှမရှိသောခေါင်မိုးထပ်သို့အပြေးအလွှား
သွားပြီးရွှတ်နောက်နောက်ဖြင့်ခုန်ပေါက်နေသည်။

စာစဉ် ၁၅

အများစုသောရွှေမြေသိမ်းပိုက်သူများသည် ၎င်းတို့၏ဆင့်ကဲဖြစ်စဉ်ပြောင်းလဲလာသောအခါရွှေရောင်များကိုပျော်စေပြက်စေဖြင့် ထိန်းသိမ်းလေ့ရှိသည်။

သူဘယ်ကို...သွားတာလဲ?
လီယွီကစပ်စုစွာဖြင့်သူ၏ဘေးပတ်လည်သို့ဂရုတစိုက်ကြည့်နေသည်။

သို့သော်, လှေကားတစ်များရှိအာရုံခံမီးများပြတ်တောက်သွားပြီးလှေကားထစ်များကို မမြင်နိုင်သောအမှောင်ထဲသို့ပြန်ကျသွားစေသည်ကိုသူမသိလိုက်ပေ။ ရုတ်တရက်, ညှိုးခြောက်နေသော

စာစဉ် ၁၅

နက်ပြာရောင်လက်တစ်စုံသည်
အမှောင်ထဲမှရောက်လာပြီး
လီယွီကိုနောက်မှဖက်လိုက်သည်…

“ဝုတ်!” ရွှေမြေသိမ်းပိုက်သူခွေးသည်
တစ်စုံတစ်ခုမှားယွင်းနေသည်ကိုအာရုံခံမိလိုက် သည်။
၎င်း၏မျက်လုံးများလီယွီ၏နောက်သို့ကြည့်ရင်းဖြင့်ပြူး
ကျယ်လာပြီး ၎င်းကလျင်မြန်စွာဖြင့်
တဟုန်ထိုးသူ့ဆီကိုလာတော့သည်။

“ဘာဖြစ်တာလဲ?”
သူ့သားရဲ၏ထိတ်လန့်မှုကိုခံစားလိုက်ရသဖြင့်လေ့ခါးခွင်
မှ ခေါင်မိုးထပ်သို့သွားလိုက်သည်။

စာစဉ် ၁၅

ရွှေမြေသိမ်းပိုက်သူခွေးသည်
သူ့ဘေးတွင်စက်ဝိုင်းပုံစံလှည့်ပတ်နေပြီး, လီယွီက
သူ့ခန္ဓာကိုယ်ကိုစစ်ဆေးနေသည်။
ထို့နောက်ခိုက်ခိုက်တုန်သွားသည်။

သူ့လက်နှစ်ဖက်တွင်
နက်ပြာရောက်လက်ဖဝါးရာကပေါ်နေသည်!
ထိခိုက်ထားမိသည့်
ထိုနေရာကိုထိကြည့်လိုက်သောအခါတွင်
ရုတ်တရက်စူးရှနာကျင်မှုကိုခံစားလိုက်ရသည်။

***

# စာစဥ် ၁၅

စာစဉ် ၁၅

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၂၆*

“သူကလီယွီ၊ ယွီကျိုးတက္ကသိုလ်ကနေဘွဲ့ရထားတာ”

ကောင်းဖန်နှင့်ကျွင်းမော့ယီသည်
ဆံပင်တိုတိုခဲရောင်အနောက်တိုင်းဝတ်စုံနှင့်
လူငယ်၏ရှေ့တွင်ထိုင်နေကြသည်။
ထိုလူကကြောက်နေပုံရသည်၊
အမဲရောင်မျက်ကွင်းများက
သူ့မျက်လုံးအောက်တွင်ရှိနေပြီး သူသည်
အချိန်တစ်ခုထိကောင်းစွာ မအိပ်ရသေးကြောင်း
သိသာသည်။

စာစဉ် ၁၅

"ဒီရက်တွေမှာ ငါရုံးမှာအိပ်ဖြစ်တယ်"
လီယွီကသက်ပြင်းချလိုက်သည်။

"ကိုယ့်ကိုယ်ပိုင်အိမ်ကိုပြန်ဖို့အရမ်းကြောက်နေရတယ်ဆိုတာမင်းတို့သိလား? ငါ့နေရာရဲ့အထပ်မှာလင်မယား 'စုံတွဲ'တစ်တွဲအချင်းချင်းရန်သတ်နေတာကို ပထမဆုံးကြားရတဲ့နေ့ကိုငါမှတ်မိနေသေးတယ်၊ အိုးဘုရားသခင်, ငါကထိပ်ဆုံးထပ်မှာနေရတာ!
ခေါင်မိုးထပ်မှာဘယ်သူကလာပြီးနေနိုင်ဦးမှာလဲ?"

စားပွဲဝိုင်းပတ်လည်ရှိအကုန်လုံးက
စာနာသနားစွာဖြင့်လီယွီကိုကြည့်နေကြသည်။

“စိတ်မပူပါနဲ့, ကျွန်တော်တို့အားလုံးအကုန်ပေါင်းပြီး အစ်ကို့ရဲ့ ‘သရဲ’ပြဿနာကိုဖြေရှင်းပေးပါ့မယ်” တတိယနှစ်ကျောင်းသားက လီယွီကိုပြောလိုက်သည်။

သူကကျောင်းသားအဖွဲ့အစည်းဆက်သွယ်ရေးဌာန၏ ခေါင်းဆောင်ကျောင်းသားလည်းဖြစ်သည်။

သားရဲလေ့ကျင့်သူဌာနကျောင်းသားအဖွဲ့သည်ယွီကျိုး ကျောင်းသားကောင်စီ၏ စီရင်ပိုင်ခွင့်အပြင်ဘက်တွင် အကျုံးဝင်သည်၊ မည်သူမဆို သားရဲတစ်ကောင်ကို လေ့ကျင့်ပေးနိုင်သော်လည်း သားရဲလေ့ကျင့်သူဌာနမှကျောင်းသားများသည် အခြားဌာနများမှ ကျောင်းသားများထက် ၎င်းတို့၏ကိုယ်ပိုင်အရည်အချင်းများဖြင့် သားရဲလေ့ကျင့်သူများအဖြစ် အချိန်နှင့်ခွန်အားကိုပို၍အသုံးပြုရသည်။

## စာစဉ် ၁၅

ရွှယ်မင်သည် ယွိကျိုးမြို့တော်ကောင်စီ၏
ဂုဏ်ထူးဆောင်ဥက္ကဌရာထူးကိုရယူပြီးကတည်းက
ကျောင်းသားအသင်းသည်
ဗျူရိုကရေစီဆန်လွန်းလှသည်။

ဒါကတော့ကောင်းဖန်
ကျောင်းသားအသင်းအဖွဲ့သို့မဝင်ရခြင်း၏
အကြောင်းအရင်း တစ်ခုဖြစ်သည်။

“ဒါဆိုကောင်းတာပေါ့”
လီယွီကပင်ပန်းနေသောအပြုံးဖြင့် ပြောလိုက်သည်။

ထို့နောက် အားလုံးသည်
လီယွီ၏နေရာကိုလိုက်သွားကြသည်။

ကျောင်းသားအသင်းအဖွဲ့အဖွဲ့ဝင်အများစုသည်ကောင်း
ဖန်ကိုအပြင်လူအဖြစ်သို့ မြင်နေကြဆဲဖြစ်သည်။
ဒါပေမယ့်, ကျွင်းမော့ယီက
သူ့ကိုခေါ်လာပေးတာဖြစ်သည်။
ကောင်းဖန်ကဘယ်သူလဲဆိုတာကိုလည်း
သူတို့သတိထားမိသည်၊ မည်သူကမျှ
သူ့ဆီကဘာကိုမှမထင်မှတ်ဘဲ
ပြောနိုင်ကြလောက်အောင်မမိုက်မဲကြပေ။

## စာစဉ် ၁၅

သူတို့သည်သားရဲတစ်ကောင်စီနှင့်
သဘောတူညီမှုပြုပြီးကတည်းက, အကုန်လုံးသည်
သူတို့၏သားရဲများကိုယူလာကြသည်။

ကောင်းဖန်က
သူ့ဘေးတွင်လျှောက်နေသောဂိုဒီကိုကြည့်လိုက်ပြီး
နူးညံ့စွာပြောလိုက်သည်။ "တစ်ယောက်တည်း
ကိုယ့်ဘာသာကိုယ်လျှောက်မပြေးနဲ့။ ပထမဆုံးပြဿနာ
တက်တာနဲ့, မင်းငါ့ကိုအဲ့ကနေသယ်ထုတ်ပြီး
မင်းခြေထောက်တွေနဲ့ တတ်နိုင်သလောက်မြန်မြန်ပြေး,
သိပြီလား?"

## စာစဉ် ၁၅

ဂိုဒီကမျက်မှောင်ကြုတ်လိုက်သည်၊ “ဒါပေမယ့်, ငါမှမင်းကိုမသယ်နိုင်တာ, ငါက ဘဲလေးတစ်ကောင်ဘဲလေ။”

ကောင်းဖန်ကအံ့သြစွာဖြင့်စိုက်ကြည့်နေသည်။

မင်းက တစ်ချက်တည်းနဲ့ သစ်ပင်တစ်ပင်ကိုနှစ်ခြမ်းကွဲအောင်ကန်နိုင်တဲ့ ငါသိတဲ့ဘဲလေ!

ကျွင်းမော့ယီက အနက်ရောင်ခေါင်းနှစ်လုံးအမဲလိုက်ခွေးကို သူနှင့်အတူယူလာသည်၊ ၎င်း၏မျက်လုံးများ, လျှာနှင့်လက်သည်းများအားလုံးက အနီရောင်ဖြစ်သည်။

စာစဉ် ၁၅

“မင်းရဲ့အနက်ရောင်အန်ဒါကွန်ဒါမြွေကဘယ်မှာလဲ?”

“အဲ့တာကမြို့ထဲလျှောက်သယ်သွားရမှာအရမ်းကြီးလွန်းတယ်။ ယွိကျိုးမြို့လမ်း တော်တော်များများက ချန်အန်းထက်ကျဉ်းတယ်”
ကျွင်းမော့ယီကသူ့ခေါင်းကိုယမ်း ကာပြောလိုက်သည်။

“ငါသိပြီ” ကောင်းဖန်ကပြန်ပြောလိုက်သည်။

သူတို့အားလုံးကလီယွိ၏စုစုပေါင်း၁၃ထပ်ရှိသော သူ့တိုက်ခန်းအဆောက်အဦးဆီသို့ လိုက်သွားကြသည်။

စာစဉ် ၁၅

တောအုပ်ကိုဖြတ်ပြီးခရီးထွက်လာရသလိုခံစားရပြီး ဘာမှမရှိသောကော်ရစ်ဒါ တစ်လျှောက်တွင် လမ်းလျှောက်လာရင်းဘာမှမမြင်ရ၊ မကြားရပေ။

သူတို့ကနောက်ဆုံးတော့ ထိပ်ဆုံးထပ်ကိုရောက်လာကြပြီး လီယွိကသူ့နေရာကို တံခါးဖွင့်လိုက်သည်၊ "အန်း,အန်း, ငါအိမ်ပြန်ရောက်ပြီ" သူကအော်လိုက်သည်။

တိတ်ဆိတ်နေမှုကသာသူနှင့်တွေ့ဆုံခဲ့သည်။

လီယွိနောက်တွင်ရပ်နေသောကောင်းဖန်သည် ရုတ်တရက်လေထဲမှမခံမရပ်နိုင်သော အနံ့အသက်ကိုရလိုက်သည်၊ ငါးပုပ်နံ့လိုမျိုးဘဲ၊

စာစဉ် ၁၅

ကောင်းဖန်၏ဘေးဘက်တွင်ရပ်နေသောကျွင်းမော့ယီက “ဒီမှာတစ်ခုခုသေသွားသလို အနံ့မျိုးရနေတယ်”

“အန်းအန်း!” လီယွီကအိပ်ခန်းထဲမှအော်ဟစ်လိုက်သည်။

အခြားသူများကအိပ်ခန်းထဲသို့ဝင်လာပြီး, ဘာဖြစ်နေလဲဆိုတာလာကြည့်ကြတော့သည်။

သိသာစွာဖြင့်, လီယွီ၏ရွှေမြေသိမ်းပိုက်သူခွေးသည် အိပ်ခန်းထဲတွင်သေနေသည်။ နွေရာသီ၏အပူရှိန်ကြောင့်အသေကောင်၏ပုပ်သိုးခြင်းကအရှိန်မြင့်နေပြီး, ၎င်း၏အနံ့ကို တစ်ရက်တည်းနှင့် တိုက်ခန်းတစ်ခုလုံးပြည့်သွားစေသည်။

စာစဉ် ၁၅

“ဒါငါ့အမှားပါ၊ ငါမင်းကိုအိမ်မှာ
တစ်ကောင်တည်းမထားခဲ့သင့်ဘူး”
လီယွီကပြောလိုက်သည်။

“ဒီအရာတွေကိုကြည့်ခြင်းအားဖြင့်
ငါတို့နဲ့တွေ့ရမယ့်သတ္တဝါက အရမ်းရန်လိုပြီး
သူ့ကိုယ်တိုင်ကလည်း
အတော်လေးအားကောင်းတယ်...”
ဆက်သွယ်ရေးဌာနမှ ခေါင်းဆောင်က
ရေရွတ်လိုက်သည်။

အရင်တုန်းက,
သူသည်ရှုပ်ထွေးမှုနည်းသောမစ်ရှင်များတွင်
ကျောင်းသားအသင်းအဖွဲ့ များကိုဦးဆောင်ခဲ့သည်၊

သို့သော် ဤသည်မှာ
ကိုယ်ပိုင်သားရဲတစ်ကောင်သေဆုံးခြင်းကို
ပထမဆုံးရင်ဆိုင်ရတာဖြစ်သည်။
ဒါကကိုင်တွယ်ရလွယ်တဲ့ကိစ္စတော့မဟုတ်ပေ။

"ငါတို့ ရဲတွေကို အဲ့ဒီကိစ္စကိုင်တွယ်ခိုင်းလိုက်ကြမလား?"
တစ်စုံတစ်ယောက်က မေးလိုက်သည်။

"ငါတို့ကဒီကိုတောင်ရောက်နေပြီဘဲ၊
ငါတို့အဲ့တာကိုဖြတ်ကျော်ရမယ်၊ သားရဲရဲ့
အဆင့်ကသိပ်ပြီးမမြင့်နိုင်လောက်ဘူး၊ မဟုတ်ရင်,
သူကအမှောင်ထဲမှာ လူအုပ်ထဲက အရိပ်တစ်ခုလို
ပုန်းလျှိုးကွယ်လျှိုးလုပ်နေမှာမဟုတ်ဘူးလေ၊"

"မင်းကြောက်နေတာလား?"

"ငါပိုပြီးအန္တရာယ်ရှိတဲ့သားရဲတွေနဲ့တွေ့ဖူးတယ်၊ ဒါကဘာမှမဟုတ်ပါဘူး"

အကုန်လုံးက ၎င်းတို့၏သားရဲအမဲလိုက်ခြင်းကို ဆက်လက်လုပ်ဆောင်သင့် မလုပ်ဆောင်သင့်အကြောင်းကို အချင်းချင်းငြင်းခုံလာကြသည်။

ကောင်းဖန်ကသက်ပြင်းချလိုက်သည်။

"သွားရအောင်၊ ဂိုဒီ" ကောင်းဖန်က ဘဲ၏ခေါင်းကိုလက်ဖြင့်ပုတ်ကာ ပြောလိုက်သည်။

ပထမတော့ကောင်းဖန်သည်
ကျောင်းသားအသင်းအဖွဲ့နှင့်တွေ့ကြုံနေရသည့်သားရဲ
အမျိုးအစားကိုသိချင်ခဲ့သည်။ သို့သော်,
သူတို့ရန်ဖြစ်နေတာမြင်ရတော့ငြီးငွေ့လာပြီ ဖြစ်သည်၊
ထို့နေ့တွင် ဒီအရာအားလုံးကိုမဖြေရှင်းနိုင်ပါက
၎င်းနှင့်ပတ်သတ်ပြီးတစ်ခုခု လုပ်ဆောင်ရန်သူ့အဘိုးအား
တစ်စုံတစ်ယောက်ကိုစေလွှတ်ခိုင်းရမည်။

ထို့နောက်,ကောင်းဖန်သည်
သူ၏ခြေလှမ်းတွေကိုရပ်လိုက်သည်။

လီယွီ၏အဆိုအရ သားရဲသည်
သူ့အားတစ္ဆေတစ်ကောင်ကဲ့သို့အမဲလိုက်နေသည်၊

## စာစဉ် ၁၅

လှေကားအောက်ဆင်းပြီး
သူကိုယ်တိုင်ချောင်းမကြည့်ဘူးလား?

ကောင်းဖန်ကတိတ်ဆိတ်စွာဖြင့်ထိုကိစ္စနှင့်ပတ်သတ်ပြီး စဉ်းစားလိုက်သည်။ ထို့နောက်သူကပြောလိုက်သည်, “တခြားသူတွေကိုစောင့်ကြရအောင်”

ထို့နောက်အားလုံးက ခေါင်မိုးထပ်သို့တက်သွားကြသည်၊ သို့သော်, ထိုနေရာတွင် ဘာကိုမျှရှာမတွေ့ပေ။

ဆက်သွယ်ရေးဌာနမှခေါင်းဆောင်ကမျက်မှောင်ကြုတ်လိုက်သည်၊ လီယွီက သားရဲသည် ခေါင်မိုးထပ်တွင် နေ့တိုင်းပေါ်လာသည်ဟုသူ့ကိုပြောသည်၊ ဖြစ်နိုင်တာက သူကထောင့်တွေမှာများပုန်းနေတာလား။

“ဖြစ်နိုင်တာ...” ကောင်းဖန်ကစပြောလိုက်သည်၊ “ဖြစ်နိုင်တာကလီယွီကြားတဲ့အသံက ခေါင်းမိုးထပ်ကကြားရတာ မဖြစ်နိုင်ဘူး...”

“ဒါဆိုရင်သူတို့ကဘယ်ကလာတာဖြစ်နိုင်လဲ?” တစ်စုံတစ်ယောက်ကမေးလိုက်သည်၊

“နံရံတွေဆီကနေ”

“...”

လီယွီကတုန်ယင်သွားပြီးနောက်,
အားနည်းစွာဖြင့်ရယ်လိုက်သည်၊
"မင်းနောက်နေတာဘဲဖြစ်ရမယ်..."

"ငါကတော့သားရဲက
ခေါင်မိုးထပ်မှာဘဲရှိနေသေးတယ်လို့ တွေးနေတုန်းဘဲ"
ကျောင်းသားထဲကတစ်ယောက်ကပြောလိုက်သည်။

"ဒါပေမယ့်ငါတို့အဲ့တာကို ဒီနေရာရဲ့နေရာအနှံ့မှာ
ရှာကြည့်ပြီးပြီ၊ အဲ့ကောင်ရဲ့
အရိပ်အယောင်ဘာမှမရှိဘူး"
နောက်ထပ်ကျောင်းသားကပြောလိုက်သည်။

စာစဉ် ၁၅

“မင်းနေရာအနှံ့ရှာကြည့်ပြီးတာသေချာလား?”
ကောင်းဖန်ကမေးလိုက်သည်။

အတွေ့အကြုံမရှိသောဒီလူများကို
သူဘယ်လိုမှမယုံနိုင်ပေ။

“အင်း,သေချာတယ်
ငါခေါင်မိုးထပ်ကနေရာတွေအားလုံးကို ရှာပြီးပြီ”

“အခုတိုက်ခန်းအဆောက်အဦးရဲ့ဘေးတွေမှာသားရဲတစ်
ကောင်တွယ်ကပ်နေရင် ဘာဖြစ်မလဲ?
မမြင်နိုင်ရင်ဘယ်လိုလုပ်မလဲ?”
ကောင်းဖန်ကပြောလိုက်သည်။

“ဒါကမဖြစ်နိုင်တာဘဲ”

သို့သော်, ဆက်သွယ်ရေးဌာနခေါင်းဆောင်က
“ငါ့အထင်တော့ ကောင်းဖန်ဆိုလိုတာ
ဖြစ်ကောင်းဖြစ်နိုင်တာဘဲ။
ကြည့်ကြည့်လို့လည်း
ဘာမှတော့ဖြစ်မသွားလောက်ပါဘူး”

အဆောက်အဦး၏နံရံမှာ သားရဲပုန်းနိုင်သည့်နေရာ
ဘယ်နေရာမှမရှိပေ။
နောက်တော့တစ်ခုခုဖြစ်သွားခဲ့သည်။

ကျောင်းသားတစ်ယောက်က
ခေါင်မိုးထပ်အစွန်းကိုကြည့်နေရင်း
စူးဝါးသောအော်ငိုသံကို
ညလေအေးထဲတွင်ကြားလိုက်ရသည်၊

စာစဉ် ၁၅

ထိတ်လန့်သွားပြီးခေါင်မိုးအစွန်းဘက်ကို ကြည့်နေတဲ့ကျောင်းသားက နောက်ပြန်ကျသွားပြီး ၎င်း၏ကျောဘက်နှင့်ကျသွားတော့သည်။

အဖြူရောင်လက်သည် ခေါင်မိုးထပ်အစွန်ပေါ်မှအန္တရာယ်ပြုကာ ပြင်းထန်စွာဖြင့်ပစ်ချလိုက်သည်။

***

စာစဥ် ၁၅

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း၂၂၇*

အား!!!

စူးစူးရှရှအော်သောအသံကတိတ်ဆိတ်သော ညကောင်းကင်ယံကိုထိုးဖောက် သွားတော့သည်။

ခေါင်မိုးထပ်အစွန်နားတွင်ရပ်နေသောမိန်းကလေးက ချက်ချင်းပင်သတ္တဝါနားမှ ဆုတ်သွားပြီး, သူမမျက်နှာကဖြူဖျော့နေသည်။

ကောင်းဖန်ကထိုသားရဲ၏စွမ်းရည်များကို စစ်ဆေးကြည့်လိုက်သည်။

စာစဉ် ၁၅

[မကောင်းဆိုးဝါးအမည်]-အစိမ်းရောင်အမဲလိုက်သူ

[မကောင်းဆိုးဝါးအဆင့်]-အဆင့်၂၀

[မကောင်းဆိုးဝါးအဆင့်အတန်း]-သာမန်အဆင့်အတန်း

[မကောင်းဆိုးဝါးစွမ်းရည်]-တစ္ဆေ/ ဖုတ်ကောင်

[မကောင်းဆိုးဝါးကျွမ်းကျင်မှုများ]-
စိတ်လှည့်စားခြင်းအဆင့်၁

[မကောင်းဆိုးဝါးအားနည်းချက်]-
အလင်း/ဘုရား/လျှပ်စီး

[မကောင်းဆိုးဝါးအခြေအနေ]-ကျန်းမာ(စိတ်လှုပ်ရှား)

[ထူးခြားသောသွင်ပြင်လက္ခဏာများ];
၎င်းကကြောက်ရွံ့မှုများမှသန်မာသည်၊
အခြားသောသက်ရှိသတ္တဝါများ၏ကြောက်ရွံ့မှုကို

ယင်အမျိုးအစားတိုက်ခိုက်မှုအဖြစ်
ပြောင်းလဲတိုက်ခိုက်နိုင်သည်။

ကောင်းဖန်သည်၎င်း၏စွမ်းရည်များကို
စစ်ဆေးနိုင်ခြင်းကြောင့် ဆိုလိုသည်မှာ
၎င်းတို့သည်သားရဲတစ်ကောင်နှင့်
ရင်ဆိုင်ဆက်ဆံနေရခြင်းဖြစ်သည်။

ရှေးခတ်တစ်ချိန်တစ်ခါက စိုးရိမ်ကြောက်ရွံ့ရသော
အယူသီးတဲ့စိတ်တွေကိုသရဲခြောက်ခဲ့ဖူးတဲ့တစ္ဆေတွေလို
မျိုး
တခြားသားရဲတွေကိုစိတ်တွင်ထင်မြင်လာစေခြင်းဖြင့်
လှည့်စားခြင်းကဲ့သို့လုပ်ခြင်းသည် သူတို့အတွက်တော့
သိပ်ပြီးပြဿနာမဖြစ်ပေ။

၎င်း၏စွမ်းရည်များနှင့်အားနည်းချက်များကို
သိရှိခြင်းသည်လည်း ၎င်းကိုနှာတစ်ဖျား ပိုသာပြီး
၎င်းကိုဆန့်ကျင်နိုင်သည်။

ဘယ်သူမှမသိကြဘဲ, အိမ်ခေါင်မိုးပေါ်သို့
ထူထဲသောမြူများသည်ရုတ်တရက်
ကျရောက်လာသည်။

အဆောက်အဦး၏အစွန်မှ မြူခိုးနှာမောင်းနွယ်နှစ်ခုက
ဖြည်းညင်းစွာဖြင့်ကျလာပြီး
သူတို့ကိုလိုက်ရှာတော့သည်။

မီးဘောလုံး၏အောက်တွင်ရှည်လျားပြီး,
သေးသွယ်သောခန္ဓာကိုယ်ရှိသည်၊
၎င်း၏ခေးသွားခေါင်းသည် အဖုများဖြင့်ပြည့်နေပြီး,

## စာစဉ် ၁၅

ငှင်းမှပိန်လီနေသော အဝါရောင်ပြည်များက ငှင်းမှတစက်စက်ကျနေသည်။

"အဲ့တာဘာကြီးလဲ?" တစ်စုံတစ်ယောက်က အသက်ရှူဖို့ပင်ကြောက်လန့်နေကာ မေးလိုက်သည်။

ရေ၏အရည်စက်များကသူတို့ခြေထောက်အောက်တွင်ေ ေလျှာတစ်ခုဖြစ်မသွားခင်ထိ ရုတ်တရက် သူတို့အောက်သို့လှိမ့်ဝင်လာတော့သည်။

ကောင်းဖန်က သူ၏ညာဖက်ခြေထောက်ကို ရေထဲမှဆွဲထုတ်ရန်ကြိုးစားသော်လည်း ချက်ချင်းပင်သူ့ကိုပြန်ဆွဲချသည်။

စာစဉ် ၁၅

“ဘယ်လိုတောင်ဒုက္ခပေးတဲ့စွမ်းရည်လဲ…” ကောင်းဖန်ကသူ့မျက်လုံးများကို အစိမ်းရောင်အမဲလိုက်သူများ ကျဉ်းမြောင်း၍ကြည့်ကာပြောလိုက်သည်၊ ၎င်း၏လှည့်စားမှုအစစ်အမှန်များကိုခံစားခဲ့ရခြင်းအတွက် ဘယ်လောက်ဘဲနားလည် သဘောပေါက်ခဲ့တောင် သူအကူအညီမဲ့ခဲ့သည်။

“ပြေး!” ဆက်သွယ်ရေးဌာနမှခေါင်းဆောင်က အော်လိုက်သည်၊ ၎င်း၏ပတ်ဝန်းကျင်ကို ပြောင်းလဲနိုင်သောသားရဲတစ်ကောင်သည် ကွန်မန်ဒါအဆင့်တွင်ရှိရမည်၊ သူတို့၏သားရဲများသည် တစ်ကောင်မှ၎င်းနှင့်မယှဉ်နိုင်ပေ။

စာစဉ် ၁၅

ထို့နောက်သူ၏သားရဲကို
သူတို့၏နောက်ပြန်ဆုတ်မှုအတွက် ကာကွယ်ပေးရန်
အမိန့်ပေးလိုက်သည်။ "မင်းတို့သွားကြ၊
ငါအဲ့ကောင်ကိုပြန်ထိန်းထားပြီး မင်းတို့ကရဲကို
အကြောင်းကြားလိုက်၊ ဒါကငါတို့စွမ်းရည်တွေထက်
ကျော်လွန်သွားပြီ"

လူသားများက
တိုက်ခိုက်ရန်ပြုလုပ်နေကြဆဲဖြစ်တာကြောင့်
အစိမ်းရောင်အမဲလိုက်သူက
ပို၍ပင်ဒေါသထွက်လာသည်၊
၎င်းကသူ၏ခန္ဓာကိုယ်ကိုဘောလုံးတစ်လုံးလိုမျိုး
ပြန့်ကားလိုက်ပြီး
ဘေးပတ်လည်ရှိလေထုကိုလှုံ့ဆော်ကာ

စာစဉ် ၁၅

ကြောက်မက်ဖွယ်ကောင်း
သောစီကနဲအော်မြည်သံကိုထုတ်လွှင့်လိုက်သည်။

"ဘုရားရေ"
အသက်ရှူနေရင်းဖြင့်ဆက်သွယ်ရေးခေါင်းဆောင်ကပြော
လိုက်သည်၊ ၎င်းကပေ၂၀ထက်ပင်ပို၍ရှည်ကာ
ကြီးထွားလာသည်၊ ၎င်း၏လက်မောင်းများကယခုတွင်
လုံတစ်ချောင်းကဲ့သို့ရှည်လျားနေပြီဖြစ်သည်။

"ဂတ်!" အနီးနားမှရုတ်တရက်ဘဲအော်သံပြီး
သူကလှည့်ကြည့်လိုက်သော
ဘဲကသူ့ကိုဖြတ်ကျော်သွားသည်ကိုမြင်လိုက်ပြီး,
၎င်း၏ရေယက်ကြောင်းနောက်တွင်
ရွှေရောင်အလင်းကြောင်းတစ်ခုကို ချန်ထားခဲ့သည်။

## စာစဉ် ၁၅

“ပြန်လာခဲ့!”

ဆက်သွယ်ရေးဌာနခေါင်းဆောင်ချောင်ကျင်းသည်ဘဲ၏ အမြီးကိုဆွဲရန် ကြိုးစားပေမယ့်မအောင်မြင်ခဲ့ပေ။

အဝါရောင်ဘဲသည် အရေပြားဆက်ခြေချောင်းများဖြင့် ကွန်ကရစ်ကြမ်းပြင်မှ တဖတ်ဖတ်မြည်နေသည့်အသံကို ဆန့်ကျင်စွာပြုလုပ်နေပြီး အပြေးအလွှားဖြင့် အစိမ်းရောင်အမဲလိုက်သူထံသို့သွားတော့သည်။ ၎င်းကအနည်းဆုံး၁ဂပေအကွာမှရှိနေပြီး ၎င်း၏အတောင်ပံနှစ်ဖက်ကို အဆက်မပြတ်ခတ်ကာ ခုန်သွားနေသည်။

ငှင်း၏ညာခြေထောက်သည်
သားရဲ၏ခြေထောက်ကိုရည်ရွယ်လျက်
ငှင်းကိုပြင်းထန်စွာ ကန်ရန်အသင့်ဖြစ်နေသည်။

ဒေးဗစ်က ဂိုးလစ်ရှ်၏ခြေထောက်ကိုကန်ရန်
ရွယ်ထားသကဲ့သို့ပင် ဖြစ်နေသည်။

ရုတ်တရက် ဘဲ၏ခန္ဓာကိုယ်သည်
အပြာရောင်အလင်းများတောက်ပလာတော့သည်။
ထို့နောက် အပ်ကဘောလုံးကိုဖောက်လိုက်သလိုမျိုး,
လှည့်စားမှုတို့ကပျောက်ကွယ် သွားတော့သည်။
သူတို့၏ခြေထောက်အောက်မှပေါ်လာသော
ရေအိုင်များသည် အဆောက်အဦးပေါ်တွင်
ဆိုးယုတ်သောအသွင်အပြင်ဖြင့် လေထဲတွင်ထူထပ်သော
မြူခိုးတွေကဲ့သို့ ချက်ချင်းအငွေ့ပျံသွားတော့သည်။

ဘဲတစ်ကောင်သည်
အစိမ်းရောင်အမဲလိုက်သူ၏လှည့်စားမှုများကို
ဖယ်ရှားနိုင်ခဲ့သည်။

ချောင်ကျင်းသည်
ခေါင်မိုးပေါ်ရှိအရာအားလုံးကိုရှင်းလင်းစွာဖြင့်
မြင်နိုင်ပြီဖြစ်သည်။

အရပ်နှစ်ပေမြင့်သော
ပိန်လှီနေသည့်အသွင်ရှိသည့်သတ္တဝါသည်
ခေါင်မိုးထပ်အစွန်းကို ဖက်တွယ်ထားပြီး
မနှစ်မြို့စွာဖြင့်အကုန်လုံးကို
စူးစူးဝါးဝါးစိုက်ကြည့်နေသည်။ ၎င်းတွင်
လုံးဝန်းသောခေါင်းနှင့်ပိန်လှီသောလက်များရှိကာ

စာစဉ် ၁၅

သူ၏ခန္ဓာကိုယ်မှငေါ်ထွက်နေသည့်၊
၎င်းကကြောက်စရာကောင်းသောအသံစူးစူးကို
ထုတ်လွှင့်လိုက်သည်။

ဂိုဒီက ၎င်း၏မျက်နှာကိုကန်လွှတ်လိုက်သည်၊
ငါကမင်းမအော်ဖို့သင်ပေးမယ်!

ဘန်း!

အစိမ်းရောင်အမဲလိုက်သူသည် ခေါင်မိုးပေါ်မှ
ဂိုဒီ၏ကန်ချခြင်းကိုခံလိုက်ရသည်။

“ဘာလို့အဲ့လိုလုပ်တာလဲ?!” ကောင်းဖန်က
ဒေါသထွက်စွာဖြင့်ပြောလိုက်သည်၊

စာစဉ် ၁၅

မြေပြင်နှင့်တစ်ခုခုရိုက်မိသည့်အသံက
သူ့နားထဲသို့ရောက်လာတော့သူ့ခေါင်းက
ခေါင်မိုးစွန်းဘက်သို့ဆန့်သွားသည်။

သေစမ်း!

ဂိုဒီက
သူ့အမွေးတွေကိုကမ္ဘာပေါ်ရှိဘာကိုမှဂရုမစိုက်သလို
နှုတ်သီးဖြင့်ပြုပြင်နေသည်ကိုတွေ့သောအခါ
ကောင်းဖန်ကရယ်ရမလား ငိုရမလား
သူ့ခေါင်းကိုဘဲရိုက်လိုက်ရမလား မသိတော့ပေ။

သူကထိုအစိမ်းရောင်အမဲလိုက်သူကို
အိမ်ကိုဖမ်းယူ၍ဆက်လက်လေ့လာချင်သည်၊ ဂိုဒီသည်

၎င်းကိုပြုတ်ကျသေဆုံးစေမည်ဟု ဘယ်သူက တွေးထင်ထားမည်နည်း?

ဒီလိုကျသွားမှုမျိုးမှ ဘယ်သူမှအသက်မရှင်နိုင်ပေ။

"သားရဲကဘယ်ရောက်သွားပြီလဲ?"
တစ်စုံတစ်ယောက်ကမေးလိုက်သည်။

လှေကားထစ်အတွင်းတွင်ပုန်းအောင်းနေကြသော အခြားသူများသည်တံခါးဝမှခေါင်းကို ထုတ်လာကြပြီး အသံတိတ်၍ခေါင်မိုးပေါ်တွင် ရုပ်ထုတစ်ခုလိုမျိုးရပ်နေသည့် ချောင်ကျင်းကိုတွေ့လိုက်ရသည်။

အရာရာကိုမထုံတတ်တေးမျက်နှာဖြင့်ကြည့်နေသော ကျွင်းမော့ယီကသူ၏

ခေါင်းနှစ်လုံးခွေး၏ခေါင်းကိုပုတ်ပေးလိုက်ပြီး
တည်ငြိမ်စွာဖြင့်လှေကားမှလမ်းလျှောက်
ဆင်းသွားတော့သည်။

အစိမ်းရောင်အမဲလိုက်သူက ပန်းခင်းထဲသို့ကျသွားသည်။
ကျွင်းမော့ယီကအစိမ်းရောင်အမဲလိုက်သူကျသွားသည့်ေ
ေနရာသို့ရောက်သွားသောအခါ,
သူမြင်လိုက်ရတာကအစိမ်းရောင်သွေးအိုင်ဘဲဖြစ်သည်၊
၎င်း၏ခန္ဓာကိုယ်က ပျောက်ကွယ်သွားသည်။

“ဝုတ်!”
ခေါင်းနှစ်လုံးခွေးသည်စိတ်လှုပ်ရှားနေသောဟောင်သံကို
ထုတ်လွှင့်လိုက်ပြီး
ပန်းခင်း၏အခြားတစ်ဖက်သို့သားရဲ၏အနံ့ကိုခံကာလိုက်
လျှောက်သွားတော့သည်။

စာစဥ် ၁၅

ကောင်းဖန်နှင့်အခြားသူများကကျွင်းမော့ယီကိုမကြာခင်မှာဘဲမီသွားကြသည်။
ထို့နောက်,ပုံရိပ်တစ်ခုကသူ့လက်ထဲတွင်ကိုင်ကာရှေ့သို့သွားနေသည်ကိုသူတို့ မြင်လိုက်ရသည်၊
လက်ရှိသူတို့အားသတိပြုမိသည်နှင့်ပုံရိပ်ကချက်ချင်းပင်ထွက်ပြေး တော့သည်။

"ရပ်လိုက်!" ချောင်ကျင်းကအော်လိုက်သည်။

ခေါင်းနှစ်လုံးခွေး၏မျက်လုံးများကပို၍အနီရောင်တောက်လာကာ သားကောင်ထံသို့ ပြေးသွားတော့သည်။

ဘယ်ခြေနှစ်ချောင်းရှိသောသူမဆို
ကျွင်းမော့ယီ၏ခြေလေးချောင်းခွေးဆီမှထွက်မပြေးနိုင်ပေ၊ ခွေးကသူ့နှင့်နီးလာသည်ကိုမြင်သည်နှင့်,
ထိုလူကအစိမ်းရောင်အမဲလိုက်သူ၏
ခန္ဓာကိုယ်ကိုမြေပြင်သို့ပစ်ချလိုက်ပြီးနောက်ဖေးလမ်းကြားသို့ပြေးတော့သည်။

စာစဉ် ၁၅

ခွေးကငင်း၏အမှီလိုက်ခြင်းကိုအရှိန်မလျှော့ပေ၊ ထို့နောက်၎င်းကရှေ့သို့ခုန်လိုက်ပြီး, ၎င်း၏ခေါင်းတစ်လုံးစီကအစွယ်များဖြင့်ထိုလူ၏ခြေထောက်ထဲသို့နစ်ဝင်သွားစေပြီး, ထိုလူကိုလဲကျသွားစေသည်။

ကောင်းဖန်နှင့်တခြားသူများကနောက်ဆုံးတွင်သူတို့၏လိုက်မှီသွားတော့သည်။ "ဒီသားရဲကမင်းဟာလား? ငါ့ကိုဘာလို့ဒီလိုလုပ်ရတာလဲ?" လီယွီကမေးလိုက်ပြီး သိသိသာသာပင်သူကစိတ်လှုပ်ရှားနေသည်၊ ထို့နောက်ထိုလူစိမ်းကိုကန်လိုက်သည်။

"ငါဒီဟာနဲ့ဘာမှလုပ်ဖို့ကြံမထားပါဘူး၊ ဒါကငါ့ရဲ့သားရဲမဟုတ်ဘူး၊ ဒီအသေကောင်ကို ရောင်းပြီးငွေနည်းနည်းလောက်ရနိုင်မယ်လို့တွေးခဲ့တာ" ထိုလူကလက်နှစ်ဖက်ဖြင့် ခေါင်းကိုကာ၍ပြောသည်။

စာစဉ် ၁၅

"လီယွီ,ကျွန်တော်တို့သူကိုရဲတွေဆီလွှဲပေးသင့်တယ်" ချောင်ကျင်းကပြောလိုက်သည်။

မကြာခင်မှာဘဲရဲတွေကအခင်းဖြစ်ပွားရာနေရာသို့ရောက်လာပြီး အားလုံးကိုစစ်ဆေး မေးမြန်းခဲ့သည်၊ အစိမ်းရောင်အမဲလိုက်သူ၏အလောင်းနှင့်၎င်းကိုယူ၍ထွက်ပြေးရန် ကြိုးပမ်းခဲ့သူကိုရဲစခန်းသို့ခေါ်သွားကြသည်။

ကောင်းဖန်ကအသုံးမဝင်တော့သောအစိမ်းရောင်အမဲလိုက်သူ၏အလောင်းကိုကြည့် လိုက်သည်၊ ၎င်းနှင့်ပတ်သတ်ပြီးအသုံးဝင်တာကိုရှာမတွေ့တော့, သူကရဲလက်ထဲကို သာအပ်ဖို့ဆုံးဖြတ်လိုက်သည်။

အကုန်လုံးပြောဆိုပြီးသွားသည်နှင့်,လီယွီကသူ့အားကူညီပေးသည့်သူများအားလုံးကို ကျေးဇူးတင်သောကြောင့်အကုန်လုံးဒီရက်အတွင်းညစာကျွေးမည်ဟုကတိပေးလိုက် သည်။

အကုန်လုံးကိုလက်ယမ်းပြီးနှုတ်ဆက်လိုက်ကာ, ကောင်းဖန်ကတက္ကဆီငှားလိုက်ပြီး အိမ်သို့ပြန်ခဲ့သည်။

***

စာစဉ် ၁၅

## *သားရဲလေ့ကျင့်သူ*

### *အပိုင်း ၂၂၈*

ကောင်းဖန်ကသူသွားမည့်နေရာကိုပြောပြတော့ဒေါသတကြီးပြောတဲ့အပြင်,
တက္ကဆီဒါရိုက်ဘာသည်သွားရာလမ်းတစ်လျှောက်လုံးတွင်လည်းစကားတစ်လုံးမှ မပြောပေ။

ဒါရိုက်ဘာ၏တိတ်ဆိတ်ငြိမ်သက်မှုကိုစိတ်ဝင်စားခြင်းမရှိဘဲ, ကောင်းဖန်သည်
ပြတင်းပေါက်အပြင်ဘက်မှဖြတ်သန်းသွားသောရှုခင်းများကိုသာလိုက်ကြည့်နေသည်။လူမရှိသောလမ်းများပေါ်တွင်ကားကထိုအတိုင်းမောင်းသည်။

စာစဉ် ၁၅

“မစ္စတာ,

တောင်ပိုင်းကောင်းကင်အဖွဲ့ကဒီလမ်းမဟုတ်ဘူး၊”

ကောင်းဖန်ကပြောလိုက် သည်။

“အဝေးပြေးလမ်းမကြီးကယဉ်အသွားအလာပိတ်နေတာကိုရှောင်ပြီးလမ်းလွှဲမောင်း လာတာ”

ဒါရိုက်ဘာကပြောလိုက်သည်၊

ဒါရိုက်ဘာ၏အသံကအက်နေပြီး,

သူကအချိန်ကြာကြီးအသုံးမပြုခဲ့ဖူးသလိုဖြစ်နေသည်။

ကောင်းဖန်ကသူ့မျက်လုံးကိုကျဉ်းကာထိုသူ့ကိုကြည့်လိုက်ပြီးနောက်,

အများသုံးအိမ်သာရှိသည့်အနီးအနားတွင်ရပ်ခိုင်းလိုက်သည်။

“ကားကိုရပ်လိုက်ပါ၊

ကျွန်တော်သန့်စင်ခန်းသုံးဖို့လိုတယ်”

စာစဉ် ၁၅

ဒါရိုက်ဘာကညာဘက်သို့ကားကိုကွေ့လိုက်သည်၊ “ငါတို့မကြာခင်တောင်ပိုင်း ကောင်းကင်အဖွဲ့ကိုမိနစ်၂၀အတွင်းရောက်တော့မှာ၊ သေချာသာကိုင်ထားစမ်းပါ”

ကောင်းဖန်၏ဘေးတွင်ငြိမ်သက်စွာထိုင်နေသောဂိုဒီက ရုတ်တရက်ခုန်တက်ကာ ဒါရိုက်ဘာ၏ခေါင်းကိုသူ၏အတောင်တစ်ဖက်ဖြင့်ထိုးနှက်ရိုက်လိုက်သည်!

ဒါရိုက်ဘာကခဏလောက်မူးဝေသွားသည်၊ သူ၏ခေါင်းနောက်တွင်တဒုတ်ဒုတ်မြည်၍ နာကျင်နေသည်၊ ယုတ်မာသောအကြည့်တို့ကရုတ်တရက်သူ့မျက်နှာတွင်ပြတ်ပြေး သွားသည်။

သူ့၏အသက်ရှူသံအောက်တွင်ဆဲရေးလိုက်ပြီး ဒါရိုက်ဘာကပြောလိုက်သည်,

စာစဉ် ၁၅

“အဲ့တာနဲ့ပတ်သတ်ပြီးသိပ်အချိန်မဆွဲနဲ့ လူငယ်လေး၊ ငယ်ငယ်ရွယ်ရွယ်နဲ့အချိန်ကြာ မထိန်းနိုင်ဘူးဆိုရင်မင်းရဲ့ဆီးအိမ်မှာတစ်ခုခုမှားနေလို့ဘဲ” သူပြောခဲ့သောစကားနှင့် ပတ်သတ်ပြီးထိုသူကရယ်စရာတစ်ခုလိုရယ်မောလိုက်သည်။

“ဂိုဒီ,သူ့ကိုရိုက်”

ကောင်းဖန်ကကောင်းမောင်းသူကြားအောင်အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

ဒါရိုက်ဘာ၏မျက်နှာကဖြူဖျော့သွားပြီး ချက်ချင်းပင်ဘရိတ်ပေါ်သို့ဆောင့်နင်းလိုက် သည်၊

“အခုဒီလိုကြီးအလျင်တလိုမလုပ်ဘဲနေရအောင်”

ကောင်းဖန်ကတည်ငြိမ်စွာဖြင့်ကားပေါ်မှဆင်းလိုက်ပြီး သူ့နောက်မှဂိုဒီကိုကားပေါ်မှ ထုတ်လိုက်သည်၊

## စာစဉ် ၁၅

"ကျွန်တော်စပြောကတည်းက ခင်ဗျားရပ်သင့်တယ်၊ ခင်ဗျားကိုဘယ်သူ ပို့လိုက်တာလဲ, ပြောစမ်း?"

ဒါရိုက်ဘာကသူ့ခေါင်းကိုယမ်းလိုက်သည်၊
"ဒီလိုကောက်နှုတ်ချက်တွေကြား ခုန်မဝင်ပါနဲ့ကွာ"
သူကသူ၏လက်နှစ်ဖက်ကိုကောင်းဖန်အားအန္တရာယ်ပြု မည်မဟုတ် ကြောင်းပြသလိုမျိုးမြှောက်၍ပြလိုက်သည်။

တစ်ချိန်တည်းမှာပင်,
ကားနောက်ဖုံးမှတိတ်တဆိတ်ပွင့်သွားပြီး
အဖြူရောင်အမွေးများ
ရှိသောမျောက်ကခိုးကြောင်ခိုးဝှက်ဖြင့်အထဲမှအပေါ်သို့ တက်လာသည်။

၎င်း၏ဖွဖွလျှောက်နိုင်သောခြေထောက်များကျေးဇူးကြေ ာင့်, လမ်းပေါ်လာသောအခါ တွင်အသံမထွက်ပါ။

စာစဉ် ၁၅

အမွေးဖြူမျောက်သည်ကောင်းဖန်အနောက်မှဖြည်းညှင်းစွာချဉ်းကပ်လာပြီး ၎င်း၏မျက်လုံးများသည်ထိတ်လန့်ဖွယ်ကောင်းစွာတောက်ပနေသည်။

ထို့နောက်၎င်းကသူ၏ခေါင်းနောက်ကိုရိုက်ချလိုက်သည်။

ကောင်းဖန်လဲကျသွားသည်နှင့်, ထိုမျောက်ကဂိုဒီ၏ခေါင်းကိုသူ့အားရိုက်သလိုမျိုးရိုက်လိုက်သည်ကိုမြင်လိုက်သည်။ခရမ်းရောင်အလင်းကဂိုဒီ၏ခန္ဓာကိုယ်မှဖြတ်သန်း လာသည်၊ သတိပေးချက်မရှိဘဲ, ဘဲ၏ခန္ဓာကိုယ်သည်ကျယ်ပြန့်လာသည်။

ဒါရိုက်ဘာ၏ အူမြူးနေသောအကြည့်တို့သည်အံ့အားသင့်ခြင်းသို့ပြောင်းသွားသည်၊

စာစဉ် ၁၅

ဘာကြောင့်အဲ့ကောင်ကရပ်နေသေးတာလဲ? တစ်ခုခုတော့မှားနေပြီ, သူတွေးလိုက် သည်။

ကောင်းဖန်ကသူ၏ခေါင်းနောက်ဖက်ကိုစတင်ပွတ်သတ်လိုက်သည်၊ ဒဏ်ရာအပြင်းအထန်မရသော်လည်း ခေါင်းကတော့ကျိန်းနေသေးသည်။

သူကသုံးပေရှည်သောအမွေးဖြူမျောက်သည်သူ့အားစိုက်ကြည့်နေသည်ကိုတွေ့လိုက် ပြီး, ၄င်း၏စိမ်းပုပ်ရောင်မျက်လုံးများသည်အမှောင်ထဲတွင်ေ ောက်ပနေသည်။ ၄င်းက ကောင်းဖန်သည်လည်းသူ့ကိုကြည့်နေသည်အားသတိထ ားမိလိုက်ပြီး,သူ့ကိုပြုံးဖြဲဖြဲပြုံး ပြလိုက်ပြီးသူ၏ ပေါင်ခွကြားအားကန်ဖို့ရွယ်လိုက်သည်။

ဒါကတော့ အတော်လေးကိုဆိုးတဲ့မျောက်ဆိုးဘဲ, သူကတွေးလိုက်သည်။

စာစဉ် ၁၅

ကောင်းဖန်သည်လျင်မြန်စွာဖြင့်သူ၏ပေါင်ခွကြားကိုသူ၏လက်များဖြင့်ကာလိုက်ပြီး, မျောက်၏ခြေထောက်ကသူ၏လက်ခုံပေါ်သို့ကျသွားသည်။

ရှတ်တရက်သူ့လက်မှနာကျင်မှုသည် ခရမ်းရောင်တဖျပ်ဖျပ်လက်တောက်ပနေသော တစ်ကိုယ်လုံးပြန့်ကားလာသည့်ဂိုဒီဆီသို့ဦးတည်ရာပြောင်းသွားသည်၊

ဂိုဒီကခြောက်ပေလောက်ကြီးနေပြီဖြစ်သည်၊၎င်း၏အဝါရောင်အမွေးအကျီသည်ယခု တွင်ချုပ်ရိုးများကပေါက်ထွက်တော့မလိုဖြစ်နေသည်။

၎င်းသည်အကျီဇစ်ကိုအတောင်များဖြင့်ဆွဲချကာ၎င်း၏ ေ ာက်ဘက်ရှိကြွက်သားများ ကိုပေါ်လွင်စေအောင်သူ့အမွေးများကိုခါယမ်းလိုက်သည် ။

စာစဉ် ၁၅

[မကောင်းဆိုးဝါးအမည်]–
ဆီးနှင်းအလောင်းကောင်မျောက်

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၂၀

[မကောင်းဆိုးဝါးစွမ်းရည်]–ယင်/အလောင်းကောင်

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်အတန်း

အစိမ်းရောင်အမဲလိုက်သူနဲ့ငါတို့တွေ့ပြီးပြီးချင်းအလောင်
းကောင်အမျိုးအစားသားရဲ တစ်ကောင်၊
ကောင်းဖန်ကဒါကတိုက်ဆိုင်မှုတစ်ခုလို့တော့မထင်ပေ၊
ယာဉ်မောင်းသည်
အစိမ်းရောင်အမဲလိုက်သူ၏သေဆုံးမှုကိုလက်စားခြေရန်
လာခဲ့ခြင်း ဖြစ်ရမည်။
ဘယ်သူနဲ့အလုပ်အတူတွဲလုပ်နေလဲဆိုတာကြည့်ရအော
င်။

စာစဉ် ၁၅

ဒါရိုက်ဘာ၏မျက်နှာသည်ရှုပ်ထွေးမှုတို့အားထိန်းချုပ်ထ
ားပြီး သူ၏ဂျာကင်၏အင်္ကျီ
လက်ထဲမှသတ္တုချောင်းကိုထုတ်ကာကောင်းဖန်ဆီသို့လွှဲ
ယမ်းလိုက်သည်၊

ကောင်းဖန်ကအလွယ်တကူသတ္တုချောင်းကိုသူ၏ဘယ်
လက်ဖြင့်ဖမ်းလိုက်သည်။

သူ့ခန္ဓာကိုယ်တွင်သူ့သားရဲများ၏ကြီးထွားမှုကြောင့်ဖြစ်ေ
ပါလာသောတိုးတက်သည့်
အကျိုးသက်ရောက်မှုများကထိန်းသိမ်းထားဆဲဖြစ်သည်။
မျောက်ကိုသူကိုယ်တိုင် မကိုင်တွယ်နိုင်ပေမယ့်
သူ့သခင်ကိုတော့လက်ဗလာနှင့်ခေါက်နိုင်သေးသည်။

သူ့အဘိုးကသင်ပေးခဲ့သည့်လက်ဝှေ့ပုံစံကိုပြန်ပြောင်းသ
တိရတော့ ကောင်းဖန်က
သူ၏ညာခြေထောက်ကိုဆောင့်ချလိုက်ပြီးသူ၏စွမ်းအင်

စာစဉ် ၁၅

များကိုသူ့ခန္ဓာကိုယ်ရှိ အဆစ်တိုင်းဆီသို့ပို့လိုက်ပြီး
သူ၏ညာလက်သီးအတွင်းသို့ပို့လိုက်သည်။

ထို့နောက်, သူ၏လက်သီးကိုလေထဲသို့ထိုးသွင်းလိုက်ပြီး
ပေါက်ကွဲသောအသံကြီးကို ပြုလုပ်လိုက်သည်။

ကောင်းဖန်၏ထိုးချက်ကြောင့်
ဒါရိုက်ဘာသည်ချက်ချင်းပင်လမ်းကိုဖြတ်ကျော်ကာ
ပျံထွက်သွားတော့သည်။

သူ၏သခင်ကကန်ထုတ်ခံလိုက်ရတာကိုသတိထားမိသွား
ပြီးနောက်,
ဆီးနှင်းအလောင်းကောင်မျောက်သည်စူးစူးဝါးဝါးအော်
ဟာစ်လိုက်ပြီးကောင်းဖန်ဆီသို့ ခုန်ဝင်သွားတော့သည်။

ဂိုဒီကမျောက်၏ခေါင်းအပေါ်မှသူ့နှုတ်သီးကိုကွေးကာပိ
တ်ချလိုက်သည်၊ ဂိုဒီသည် အရမ်းကြီးလာပြီး
မျောက်ကဌင်း၏ရင်ဘတ်ရောက်ရုံမျှသာရှိတော့သည်။

စာစဉ် ၁၅

“မစားလိုက်နဲ့”
ကောင်းဖန်ကထိုမျောက်တွင်အဆိပ်ရှိနိုင်သောကြောင့်သ
တိပေးလိုက် သည်။

ဂိုဒီကခဏလောက်တုံ့ဆိုင်းသွားပြီးနောက်,
ဆီးနှင်းအလောင်းကောင်မျောက်ကို
ထွေးထုတ်လိုက်ပြီးဂှင်းပေါ်သို့တက်နင်းလိုက်သည်။

ဒါရိုက်ဘာနှင့်သူ၏အကျွမ်းတဝင်သားရဲတို့သည်နောက်
ဆုံးဂရုစိုက်မှုတို့ရသွားပြီး,
ကောင်းဖန်ကသူ၏ပတ်ဝန်းကျင်ကိုကြည့်လိုက်သည်၊

သူကအခုတွင်တော့အိမ်အနည်းလောက်သာရှိသောလမ်း
ကြားထဲတွင်တစ်ယောက် တည်းသာရှိတော့သည်၊
အပြင်ဘက်တွင်ဆူညံသောင်းကျန်းနေခြင်းတို့ကိုကြားေ
ော
ကြောင့်အိမ်အတွင်းထဲမှလူများသည်သူတို့၏ပြတင်းပေါ

စာစဉ် ၁၅

က်များကိုပိတ်ထားကြပြီး
မီးများကိုလည်းပိတ်ထားကြသည်။

ကောင်းဖန်ကဒါရိုက်ဘာ၏ခန္ဓာကိုယ်ကိုကားနောက်ခန်းထဲသို့သယ်သွားပြီးနောက်
ဂိုဒီ၏နှုတ်သီးသည်ဆီးနှင်းအလောင်းကောင်မျောက်၏ပြေ
ြေလက်များအားချိုးဖျက်လိုက် ကာ, အနောက်ထိုင်ခုံတွင်ရှိနေသောမျောက်အားစိုက်ကြည့်နေလိုက်သည်။ အားလုံးဖြေရှင်းသွားပြီးနောက်, ကောင်းဖန်ကခြေနင်းကိုနင်းလိုက်ပြီး, တောင်ပိုင်းကောင်းကင်အဖွဲ့ဆီသို့ပြန်မောင်းတော့သည်။

ခဏလောက်ကြာပြီးနောက်, ကောင်းဖန်သည်ကားပေါ်မှဆင်းလိုက်ပြီး, သူ့အဘိုးကိုဖုန်းခေါ်လိုက်သည်၊ သို့သော်, သူ့အဘိုးကဖုန်းမကိုင်ပေ၊

ထို့နောက်သူ့အဘိုးကသူ့ကိုပေးထားသောဖုန်းနံပါတ်တစ်ခုကိုဆက်ရန်ကြိုးစားလိုက် သည်၊

စာစဉ် ၁၅

တစ်စုံတစ်ယောက်ကနှစ်ခါလောက်မြည်ပြီးသွားတဲ့အခါ
မှာတော့ကိုင်လိုက် သည်။

“သခင်ငယ်လေး, ကျွန်တော်ဘာကူညီပေးရမလဲ?”
တစ်ဖက်လူ၏အသံကယဉ်ကျေးစွာ
ဖြင့်အဆုံးသတ်သွားတော့သည်။

“ဒီညတစ်ယောက်ယောက်များအားသလား?”
ကောင်းဖန်ကမေးလိုက်သည်။

ခဏလောက်တစ်ဖက်မှတိတ်ဆိတ်သွားသည်၊
ထို့နောက်ထိုအသံနှင့်လူကပြောလိုက် သည်,
“ကျေးဇူးပြုပြီးခဏလောက်စောင့်နေပေးပါ၊
မင်းအခုဘယ်မှာလဲ, သခင်ငယ်လေး?”

“ကျွန်တော်ကကုမ္ပဏီအပြင်ဘက်မှာ”

“ကျွန်တော်တို့လာနေပါပြီ”
ထို့နောက်ဖုန်းချလိုက်တော့သည်။

စာစဉ် ၁၅

မိနစ်အနည်းငယ်လောက်ကြာပြီးနောက်, ကောင်းဖန်သည်ကောင်းကင်မှရဟတ်ယာဉ်တစ်စီး၏တဝီဝီမြည်နေသောအသံတိုးတိုးကိုကြားလိုက်ရသည်။ အပေါ်သို့မော့ကြည့် သောအခါတွင်, အဖြူရောင်မီးအလင်းနှစ်ခုကိုမြင်လိုက်ရပြီးထိုမီးများကသူ့အပေါ်သို့ ကျလာကာ, ရဟတ်ယာဉ်သုံးစင်းကသူ့ဆီသို့ဆင်းသက်လာတော့သည်။

***

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၂၉*

ကြိုးနှစ်ချောင်းလှေကားများသည်ရဟတ်ယာဉ်များပေါ်မှကျလာပြီး, အပေါ်ရှိလူတိုင်း
ကိုမြေပြင်ပေါ်သို့ဆင်းစေသည်။

ရဟတ်ယာဉ်များအောက်တွင်စုရုံးနေသောလူအုပ်ကြီးထဲမှလူတစ်ယောက်ထွက်လာ
ပြီးကောင်းဖန်ထံသို့ချဉ်းကပ်လာသည်။
"ဘာအမိန့်ရှိပါသလဲ, သခင်ငယ်လေး?"

သူတို့အားလုံးသည်အနက်ရောင်တိုက်ပွဲကျည်ကာအင်္ကျီများကိုဝတ်ဆင်ထားပြီး
လေကာမှန်ဦးထုပ်တို့ကိုလည်းဆောင်းထားသည်၊သူတို့၏အရပ်အနိမ့်အမြင့်များက

မညီညာပေမယ့်,သူတို့သည်စူးရှပြီးအေးစက်ကာတိုက်ပွဲအတွက်ခေးအိမ်မှခေးများကို ထုတ်ထားသကဲ့သို့ပင်ဖြစ်နေသည်။

ကောင်းဖန်ကသူတို့အားလုံးကိုကြည့်လိုက်သည်။

“ဒီမှာအကုန်လုံးဆယ့်နှစ်ယောက်ရှိတယ်၊ အဲ့လောက်ဆိုလောက်လား?” တောင်ပိုင်းကောင်းကင်အဖွဲ့လုံခြုံရေးအဖွဲ့သည်ဒီဟာထက်အဆပေါင်းများစွာကြီး သည်။

သူ့အနားကိုချဉ်းကပ်လာတဲ့သူကဦးထုပ်ကိုချွတ်လိုက်ပြီး, အသက်သုံးဆယ်အရွယ် လူတစ်ယောက်ဖြစ်ကာ,ထူထဲသောမျက်ခုံး, မဲနက်နေသောမျက်လုံးများ,နှင့်အသားညို သည်၊ သူကသိပ်ပြီးတော့ဆွဲဆောင်မှုရှိနေတာတော့မဟုတ်ပေမယ့်

ထိုလူကအရွယ်ရောက်ခြင်းအရှိန်အဝါတို့နှင့်ပြည့်နေသ
ည်။

“မင်းကြုံနေတဲ့ပြဿနာတိုင်းကိုအတတ်နိုင်ဆုံးဆုံးဖြတ်
ချက်ချပြီးကူညီဖြေရှင်းပေးဖို့ အတွက်ကတော့
ကိုယ်တို့ကလုံလောက်တယ်လို့ထင်တယ်”
ထိုလူကြီးကပြောလိုက် သည်၊ သူကထပ်၍
“လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က
ဥက္ကဌကျီကကိုယ့်အသက်ကိုကယ်ခဲ့ တယ်၊
ဒီနေရာမှာကိုယ်တို့အားလုံးကသူ့အပေါ်တစ်နည်းမဟုတ်
တစ်နည်းအကြွေးတင် နေကြတယ်၊
အခုကိုယ်တို့ကသူ့အတွက်မကောင်းတဲ့ကိစ္စတွေကိုကိုင်
တွယ်ဖြေရှင်းပေး ဖို့ကူညီပေးမယ်”

ကောင်းဖန်ကခေါင်းညိတ်လိုက်သည်၊
“ကျွန်တော့်သူငယ်ချင်းကိုတစ်ခုခုကူညီပြီးသွားတဲ့
အချိန်,

## စာစဉ် ၁၅

ကျွန်တော်ကောက်ကျစ်တဲ့အဖွဲ့အစည်းကလူတစ်ယော
က်နဲ့ပြဿနာတက်ခဲ့တာ၊
ကျွန်တော်ကသာမန်တက္ကသိုလ်ကျောင်းသားတစ်ယော
က်ပါဘဲ၊ ဒါကြီးကကျွန်တော်
စွမ်းဆောင်နိုင်စွမ်းထက်ကျော်လွန်နေတာမလို့.....”

“ကိုယ်နားလည်ပြီ”
ဟွမ်ယလို့ခေါ်တဲ့လူကပြောလိုက်သည်။

ထို့နောက်ကောင်းဖန်ကတက္ကဆီထံသို့လျှောက်သွားလို
က်သည်၊ “ကျွန်တော်သူ့ကိုတော့ ချုပ်ထားတယ်၊”
သူကကားနောက်ဖုံးကိုဖွင့်လိုက်ပြီး
တက္ကဆီဒါရိုက်ဘာကိုထုတ်လိုက် သည်။

သတိလစ်နေသောကားနောက်ဖုံးတွင်လဲလျောင်းနေသ
ည့်ဒါရိုက်ဘာသည်,သူ့မျက်နှာ
မြေပြင်နှင့်ရိုက်ခံရချိန်ယိုင်နဲ့နဲ့နှင့်နိုးလာသည်။သူကအေ

စာစဉ် ၁၅

ေးသို့ဆွဲခေါ်သွားခြင်းခံနေရ
သည်ဟုသူ့ကိုယ်သူခံစားနေရသည်၊
ဟွမ်ယသည်ဒါရိုက်ဘာကိုထောင့်တစ်နေရာတွင်စစ်ဆေး
မေးမြန်းခဲ့သည်၊ ဆယ်မိနစ်
လောက်ကြာပြီးနောက်သူ့မျက်နှာကတည်တည်ငြိမ်ငြိမ်ြ
ြင့်ကောင်းဖန်ဆီသို့ပြန်၍ လျှောက်လာသည်၊
“သခင်ငယ်လေး, မင်းလိုချင်တဲ့အချက်အလက်တွေရပြီ၊
သူကပြစ်မှုကျူးလွန်တဲ့ရှန်းရှီအခြေစိုက်အဖွဲ့ကတစ်ယေ
ာက်ဘဲ၊ သူကမင်းကိုသူတို့ရဲ့
အစည်းအဝေးနေရာခေါ်သွားမလို့လုပ်နေတာ၊
မကြာခင်မင်းကိုဖမ်းပြီး
သူရဲ့ပင်ကိုပုံစံပေါ်လာမယ်လို့သူယူဆမထားခဲ့ဘူး၊
သူ့အဖွဲ့မှာလူ၇နှစ်ယောက်ရှိတယ်၊
သူတို့အသန်မာဆုံးသားရဲတွေကအလယ်အလတ်ကွန်မန်

စာစဉ် ၁၅

ဒါအဆင့် ထိန်လန့်ဖွယ်ညသရဲသားရဲနဲ့ အစဦးကွန်မန်ဒါအဆင့်ကလေးသရဲသားရဲတွေဘဲ”

ကွန်မန်ဒါအဆင့်သားရဲနှစ်ကောင်တည်း? ကောင်းဖန်ကတွေးလိုက်သည်။

သူကိုရာနဲ့ချီသောအဖွဲ့ဝင်များ၏ကွပ်ကဲမှုအောက်တွင်ရှိသည့်ကြီးမားတဲ့အရိပ်အဖွဲ့အစည်းတစ်ခုခုကသူ့ကိုပစ်မှတ်ထားနေတာဖြစ်နိုင်သည်ဟုသူတွေးနေခဲ့တာဖြစ်သည်၊ သူကလူရမ်းကားများ၏ပြန်ပေးဆွဲခံရရုံမျှသာဟုမမျှော်လင့်ထားခဲ့ပေ၊

ထို့နောက်,၎င်းတို့၏အဖွဲ့ဝင်အားလုံးကိုပိုမိုတင်းကျပ်စွာ ြိုးကိုင်ထားလေ့ရှိသော အကြီးစားရာဇဝတ်အဖွဲ့အစည်းများသည်၎င်းတို့၏ပြစ်မှုများကိုပွင့်လင်းမြင်သာစွာ ကျူးလွန်ရန်အလွန့်အတင့်ရဲမည်မဟုတ်ပေ။

စာစဉ် ၁၅

ကောင်းဖန်ကဟွမ်ယနှင့်အခြားသူတွေကိုကြည့်လိုက်ပြီး “ခင်ဗျားတို့အားလုံးမှာ အကျွမ်းတဝင်သားရဲတွေပါကြလား?”

“သေချာပေါက်ပါတာပေါ့၊ မင်းစိတ်ချလက်ချနားနိုင်ပါတယ်,သခင်ငယ်လေး၊ မင်းကလမ်းဘေးလူရမ်းကားတွေကိုကိုင်တွယ်ဖြေရှင်းရုံပါဘဲ” ဟွမ်ယကပြောကာ, ခေါင်းညိတ်လိုက်သည်။

ကောင်းဖန်၏အမိန့်ပေးမှုကိုလက်ခံပြီးနောက်ဟွမ်ယနှင့်တခြားသူများကရဟာတ်ယာဉ် ပေါ်သို့တက်သွားကြသည်၊ ကောင်းဖန်ကပြောလိုက်သည်, “အဲ့ဒီကွန်မန်ဒါအဆင့် သားရဲနှစ်ကောင်ကိုဖြစ်နိုင်ရင်အရှင်ဖမ်းထားပေးပါ”။

ဟွမ်ယကရဟာတ်ယာဉ်ပေါ်မှငုံ့ကြည့်လိုက်ပြီးကောင်းဖန် ကို အိုကေသင်္ကေတပြလိုက် သည်။

စာစဉ် ၁၅

ထို့နောက်သူသည်နားကြပ်ကိုချိန်ညှိပါမိုက်ခရိုဖုန်းဖြင့်ပြောလိုက်သည်၊

"ငါတို့ပစ်မှတ်ကယွိကျိုးမြို့ဟောင်းဧရိယာက ရှင်းမောက်အဆောက်အဦးဘဲ"

...

အမျိုးသမီးတစ်ဦးနှင့်ထိပ်ပြောင်နေသောအမျိုးသားတစ်ဦးသည်အခန်းငယ်တစ်ခုရှိ ကုတင်ပေါ်တွင်လဲလျောင်းနေကြသည်၊ ကုတင်ဘေးတွင်စာအုပ်စင်တစ်ခုနှင့်နံရံတွင် LCDတီဗွီရှိသည်။

ကုတင်ပေါ်တွင်ရှိနေသောလူနှစ်ဦးသည် ရှန်းရှီမှနှစ်ယောက်ဖြစ်သည်။

ယွမ်ဖန်လို့ခေါ်တဲ့လူကစတင်၍စိုးရိမ်စိတ်ဖြစ်လာသည်၊ အစောပိုင်းနှစ်နာရီလောက်က

အကိုချီကိုရဲတွေဖမ်းခေါ်သွားခဲ့ပြီ၊
အကိုစီလည်းထွက်သွားတာနာရီအတော်ကြာပြီ,
ပြီးတော့ယွမ်ဖန်သူ့ဆီကဘာမှပြန်မကြားရသေးဘူး။

"သွားစို့"
ယွမ်ဖန်ကထထိုင်လိုက်ပြီးသူ့ဘေးတွင်ရှိသောအမျိုးသမီး၏ကျောကိုရိုက် လိုက်သည်။

ထိုအမျိုးသမီးကိုအာ့လီဟုခေါ်သည်၊
ပျံ့လွင့်နေသောဆံစများသည်သူမ၏လှပသော
မျက်နှာပေါ်တွင်တင်နေသည်၊
သူမမျက်နှာတစ်ခြမ်းကတော့ခေါင်းအုံးဖြင့်အချိန်
အတော်ကြာဖိထားသောကြောင့်နီနေသည်၊
"အကိုဖန်,ဘာဖြစ်နေတာလဲ?"

ယွမ်ဖန်ကသူ၏ပြောင်နေသောခေါင်းကိုမရပ်မနားပွတ်
သပ်နေတော့သည်၊ "တစ်ခုခုတော့မှားနေပြီ၊
အစောပိုင်းတုန်းကအကိုစီက တက္ကသိုလ်ကျောင်းသား

စာစဉ် ၁၅

တစ်ယောက်ကိုတင်ခေါ်လာတယ်လို့မက်ဆေ့ပို့ထားတယ်၊ ဒါပေမယ့်အဲ့ကတည်းက သူ့ဆီကဘာနေမက်ဆေ့တစ်စောင်မှမတွေ့တော့ဘူး၊ သူ့ဆီဖုန်းတောင်ခေါ်လို့မရဘူး”

ယွမ်ဖန်ကသူ့ဂျတ်ကတ်ကိုဝတ်လိုက်ပြီး ထိုအမျိုးသမီးကိုပြောလိုက်သည်, “အင်္ကျီဝတ်,ငါတို့သွားရအောင်”

“ပင်းဇီနဲ့တခြားသူတွေကိုမခေါ်တော့ဘူးလား?” အာ့လီကမေးလိုက်သည်။

“အကိုစီကသူဝါးနိုင်တာထက်ပိုပြီးကိုက်နိုင်တယ်၊ ရဲတွေမတွေ့ခင်အခုလမ်းကို ဖြတ်သွားကြရအောင်” ယွမ်ဖန်ကပြောလိုက်သည်၊ ရှန်းရှီမှာအလုပ်ပြန်လုပ်ပြီးနောက် သူသူငယ်ချင်းနှစ်ယောက်နှင့်ယွိကျိုးသို့ရောက်လာခဲ့သည်၊ ယွိကျိုးကိုရောက်ပြီး

စာစဉ် ၁၅

ကတည်းကသူ့မှာသေးငယ်တဲ့စည်းစိမ်ဥစ္စာလေးတွေကိုစုစောင်းထားပြီး
သူ့သူငယ်ချင်းတွေကိုစွန့်ပစ်ဖို့စဉ်းစားနေပြီဖြစ်သည်၊
ဒါကဒီလိုလုပ်ဖို့အတွက်ပြည့်စုံတဲ့ အခွင့်အရေးတစ်ခုဘဲ၊

ယွမ်ဖန်သည်အံဆွဲတစ်ခုကိုဖွင့်လိုက်ပြီး,
ငွေသားအပုံလိုက်နှင့်လက်ဝတ်ရတနာမျိုးစုံ
ပါသောအနက်ရောင်အိတ်ကိုထုတ်ယူလိုက်သည်။

သူ့အပြေးဖိနပ်ကိုစီးလိုက်ပြီးနောက်ယွမ်ဖန်သည်ကြွေပန်းအိုးကိုယူလိုက်သည်၊
အဖြူရောင်မီးခိုးငွေ့များကရင်းထဲမှပေါ်ထွက်လာပြီးနှစ်ပေလောက်ရှည်သည့်
အဖြူရောင်သတ္တဝါတစ်ကောင်ဖြစ်သွားပြီး,
ချည့်နဲ့သောလက်ချောင်းများနှင့်
အနီရောင်မျက်လုံးတစ်စုံပေါ်လာသည်။၎င်းက

စာစဉ် ၁၅

အစိမ်းရောင်အမဲလိုက်သူနှင့်
အနည်းငယ်ဆင်တူလှသည်။

ထိုသတ္တဝါကအိုးထဲမှထွက်ပြီးနောက်,
၎င်းကပျော်ရွှင်စွာဖြင့်ယွိဖန်၏ခြေထောက်တွင်
တွယ်ကပ်နေပြီး
ပုံမှန်ထက်အရွယ်ကြီးမားသောအရိုးများဖြင့်သူ၏ဘောင်
းဘီနှင့် ပွတ်သပ်လိုက်သည်။

ယွမ်ဖန်ကသူ့အိတ်ကပ်ထဲမှအရိုးတစ်ပိုင်းကိုထုတ်ပြီး
သူ့အပေါ်တွင်တတိတိ ကိုက်နေသော
ထိတ်လန့်ဖွယ်ညသရဲကိုပေးလိုက်သည်။

ယွမ်ဖန်ကသူ့သားရဲ၏အမြင်တွင်
သူ့ကိုယ်သူတည်ငြိမ်စွာနေလိုက်ပြီးနောက်,
သစ်သားတံခါးကိုဖွင့်လိုက်ပြီး
ကော်ရစ်ဒါတစ်လျှောက်ဖြတ်လျှောက်လာတော့သည်၊

စာစဉ် ၁၅

အပြင်ဘက်တွင်,ယွမ်ဖန်သည်ခြံဝန်းအမှောင်အတွင်းတွ
င် ပင်းဇီ၏သားရဲအပါအဝင်
လဲလျောင်းနေသောသားရဲနှစ်ကောင်ကိုတွေ့ရသည်၊

သူတို့ပထမထပ်သို့ရောက်သည်နှင့်,အာ့လီကခြံဝန်းထဲမှ
ဝံပုလွေနှင့်တူသောသားရဲ
တစ်ကောင်ကိုလက်ပြလိုက်သည်၊
သားရဲသည်ပျော်ရွှင်စွာနှင့်အာ့လီဆီသို့
လျှာတစ်လစ်ဖြင့်ပြေးလာတော့သည်။

သူတို့နှစ်ယောက်ခြံဝန်းထဲမှထွက်တော့,
သူတို့နောက်မှအသံထွက်လာသည်။

“ဘယ်ကိုသွားမလို့လဲ, ဘော့စ်?”
ဝမ်ပင်းကယွမ်ဖန်နှင့်သူ့မိန်းမကိုအလေးအနက်
စိုက်ကြည့်ကာမေးလိုက်သည်။

## စာစဉ် ၁၅

ယွမ်ဖန်အေးခဲသွားပြီးနောက်, သူကပြောလိုက်သည်,
"ငါအာ့လီနဲ့အတူတူညစာ သွားစားကြမလို့"

"ထွက်ပြေးဖို့စဥ်းစားနေကြတာလား?"
ဝမ်ပင်းကမေးလိုက်သည်။

"ပြေးတယ်? ငါကဘယ်ကိုပြေးနိုင်ဦးမှာလဲ?
အိုးအကိုပင်း, မင်းနဲ့မင်းရဲ့စိတ်ကူးတွေက"
ယွမ်ဖန်ကရယ်လိုက်သည်၊ "ဒီလိုဆိုရင်ရောဘယ်လိုလဲ?
ဘာလို့ငါတို့နဲ့မလိုက်တာလဲ"

ပင်းဇီသည်သူတို့အဖွဲ့ထဲတွင်
ကွန်မန်ဒါအဆင့်ကိုယ်ပိုင်သားရဲရှိသောသူဖြစ်သည်။

ဝမ်ပင်းကမေးလိုက်သည်၊
"အကယ်၍မင်းတို့ကညစာသွားစားကြမယ်ဆိုရင်,
မင်းတို့ကဘာလို့အထုတ်အပိုးတွေနဲ့အတူသွားတာလဲ?"

စာစဉ် ၁၅

ကိုဒ့်ရို့ကားရားဖြင့်ခြံဝန်းထဲတွင်ခဏလောက်တိတ်ဆိတ်သွားသည်။

ယွမ်ဖန်စကားမပြောနိုင်သေးမှာပင်, သူ့တစ်ကိုယ်လုံးထုံကျင်သွားသလိုခံစားလိုက်ရ သည်၊ ပြီးတာနဲ့ချက်ချင်းပင်မြေပြင်ပေါ်သို့လဲကျသွားသည်။

သူ့မိန်းမအာ့လီသည်လည်းသူ့ဘေးတွင်လဲကျသွားသည်။

ဖြစ်ပျက်သွားသည်ကိုသိရှိပြီးနောက်,ထိတ်လန့်ဖွယ်ညသရဲသည် ကျောချမ်းစရာကောင်းသောအော်သံကိုထုတ်လွှင့်လိုက်ပြီးဆိုးဝါးသောေများကိုခြံဝန်းထဲတွင် ဂယက်ထစေသည်။

မကြာခင်တွင်,အနက်ရောင်အရိပ်များကခြံဝန်းအထက်ရှိလေထဲတွင်စတင်လှည့်ပတ် လာသည်၊ ဘေးပတ်လည်ရှိသစ်ပင်များကပြင်းထန်စွာဖြင့်လေထဲတွင်လှုပ်ခါနေကြ သည်။

စာစဉ် ၁၅

ရုတ်တရက်, တစ်နေရာမှမြင်းဟီသံထွက်လာပြီး, ညဏ်တိတ်ဆိတ်နေမှုကိုဖြိုခွင်းလိုက် သည်။

အနီရောင်တောက်လောင်နေသောအရိပ်ကခြံစည်းရိုးကို ခုန်ဝင်လာပြီးခြံဝန်းထဲသို့ ရောက်လာသည်။ ဓားသွားများ၏တချွမ်ချွမ်မြည်နေသလိုမျိုးလေထဲတွင်အ သံက ပြည့်နှက်သွားပြီး, သရဲလေ၏ငိုကြွေးမြည်တမ်းသည့်အသံကိုနစ်မြုပ်သွားေ ေသည်၊

သရဲကဲ့သို့သောသတ္တဝါကဝမ်ပင်းနောက်တွင်ပုန်းနေပြီး သူ့သခင်၏ခြေထောက်ကို ဖက်ထားကာ, ၎င်း၏သတိရှိသောမျက်လုံးများက, ခြံဝန်းအလယ်တွင်ရပ်နေသော အနီရောင်တောက်နေသောမြင်းကိုကြည့်နေသည်။

# စာစဉ် ၁၅

***

စာစဉ် ၁၅

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၃၀*

ဟွမ်ယ၏မျက်လုံးများက
ကြက်သွေးရောင်မြင်းခွာများအောက်ရှိနေသော
ထိန်လန့်ဖွယ်ညသရဲဆီမှတစ်ဆင့်
ထောင့်တစ်နေရာတွင်ထိတ်လန့်စွာရပ်နေသော
ဝမ်ပင်းဆီသို့လှည့်လိုက်သည်။

ဟွမ်ယကသူ့လက်ကိုထုတ်လိုက်သည်၊
"တောင်ပိုင်းကောင်းကင်အဖွဲ့ကနေကြိုဆိုပါ တယ်"

ဝမ်ပင်းကသတွေးမျိုချလိုက်ပြီးနောက်သူ၏ညာဘက်လ
က်ကိုရှုပ်အင်္ကျီဖြင့်သုတ်လိုက်
ကာစိတ်လှုပ်ရှားစွာဖြင့်ဟွမ်ယ၏လက်ဖြင့်လက်ဆွဲနှုတ်
ဆက်လိုက်သည်၊ "ကျေး- ကျေးဇူးတင်ပါတယ်"

စာစဉ် ၁၅

ဝမ်ပင်းရှေ့တွင်ရပ်နေသောအမျိုးသားကသူ့ကိုအလုပ်တ
စ်ခုကမ်းလှမ်းခဲ့တာဖြစ်သည်၊
ပထမတော့,သူကထိုအရာကိုလက်ခံရန်အတွက်တုန့်ဆိုင်
းနေခဲ့သည်၊ သူကပညာမတတ်သော်လည်း
ကွန်မန်ဒါအဆင့်သားရဲရှိသူဖြစ်တာကြောင့်သူက
ပိုပြီးထိုက်တန်ကြောင်းသူသိသည်။

ထို့နောက်ထိုလူကတောင်ပိုင်းကောင်းကင်အဖွဲ့၏လုံခြုံေ
ေးဌာနအကြောင်းကို
ပြောခဲ့သည်။ဝမ်ပင်းသည်ယွိကျိုးတွင်ရောက်နေသည်မှာ
သုံးလမျှသာရှိသော်လည်း
တောင်ပိုင်းကောင်းကင်အဖွဲ့ကမည်မျှပင်အင်အားကြီးေြ
ြောင်းကိုသိရှိခဲ့သည်။

မြို့တော်၏တစ်ဝက်ကိုယွိကျိုးမြို့အစိုးရကပိုင်ပြီး,
ကျန်တစ်ဝက်သည်

စာစဉ် ၁၅

တောင်ပိုင်းကောင်းကင်အဖွဲ့၏ဩဇာလွှမ်းမိုးမှုအောက်
တွင်ရှိသည်။

အဖွဲ့အစည်းတွင်များစွာသောကျယ်ပြန့်သည့်ကုမ္ပဏီအခွဲ
များခွဲထွက်ပြီး, နယ်ပယ်စုံနှင့်
စက်မှုလုပ်ငန်းနယ်ပယ်အသီးသီးတွင်လိုအပ်သောခြေကု
ပ်ကိုင်နိုင်သည့်အကြီးစား ကုမ္ပဏီများလည်းရှိသည်။

လူအများစုသည်အဖွဲ့၏ဌာနချုပ်တွင်အလုပ်လုပ်ရန်လ
က်နှင့်ခြေတို့ကိုပင်ပေးချင်ကြ သည်။

ဝမ်ပင်းအတွက်ကတော့,
သူကတည်ငြိမ်တဲ့အလုပ်ကလေးကိုအမြဲလိုချင်နေခဲ့တာ ြ
ြစ် သည်။
အရင်ကယွမ်ဖန်နှင့်သူ့ဇနီးတို့၏ကြင်နာမှုကိုပြန်ပေးဆပ်
ရန်အတွက်
ဝမ်ပင်းသည်ဟွမ်ယအားသူတို့၏အသက်ကိုချမ်းသာပေး
ရန်ပြောခဲ့သည်။

စာစဉ် ၁၅

သို့သော်,လင်မယားနှစ်ယောက်သည်သူ့ကိုစွန့်လွှတ်ဖို့အဆင်သင့်ဖြစ်နေပြီဆိုတာကို သိလိုက်ရတဲ့အချိန်တွင် ပြန်ပေးဆပ်ဖို့အတွက်ဒုတိယအတွေးကိုစတင်ခဲ့သည်။

“သွားကြစို့,
သွေးနီရက်ဘ်”ဟွမ်ယကခြံဝန်းအလယ်တွင်ရပ်နေသောကြက်သွေးရောင် မြင်းကိုပြောလိုက်သည်။

မြင်းကနှာမှုတ်လိုက်ပြီးသူ့ခေါင်းကိုမြင့်အောင်မော့လိုက်ပြီးဖြေးဖြေးမှန်မှန်ဖြင့်
ဟွမ်ယဘေးမှဖြတ်သွားတော့သည်။

ထိတ်လန့်ဖွယ်ညသရဲသည်ရင်ဘတ်တွင်အပေါက်ဒဏ်ရာဖြင့်မြေပြင်ပေါ်တွင်လဲနေ
သည်။ချော်ရည်ကဲ့သို့သောအရည်များသည်ဖြေးညှင်းစွာဖြင့်ဒဏ်ရာ၏အစွန်မှစီးကျနေ သည်။

စာစဉ် ၁၅

ဟွမ်ယကရေဖြန်းသောဘူးနှင့်တူသောတစ်ခုကိုထုတ်လိုက်ပြီး ထိတ်လန့်ဖွယ်ညသရဲ ဆီသို့ငွေရောင်သတ္တုပိုက်ကွန်ကိုပစ်ထုတ်လိုက်သည်၊ ထို့နောက်သူကပိုက်ကွန်၏ အစွန်းတစ်ဖက်ကိုကြက်သွေးရောင်မြင်း၏အမြီးတွင်ချည်လိုက်သည်။

မြင်းကဟီလိုက်ပြီးစိတ်ဆိုးမာန်ဆိုးဖြင့်သူ့အမြီးကိုဝှေ့ယမ်းလိုက်သည်။

"ငါတို့ဒီမှာတင်ပြီးပြီ၊" ဟွမ်ယကပြောလိုက်သည်၊ သူကမြင်း၏နောက်ကျောတွင်တက် ဖို့တွေးလိုက်ပေမယ့်, မြင်းကသူ့ကိုသတိပေးတဲ့အကြည့်နဲ့ကြည့်နေတာကိုသတိထားမိ သွားပြီးနောက်သူ့အတွေးကိုပယ်ချလိုက်သည်။

"ခဏလေး" ဝမ်ပင်းကရုတ်တရက်အော်လိုက်သည်။

စာစဉ် ၁၅

ဟွမ်ယကလှည့်ကြည့်ကာပြုံးပြလိုက်သည်၊ "အင်း?"

"အကိုယွမ်ဖန်နဲ့သူ့မိန်းမကိုသတ်ခံရမှာလား?"ဝမ်ပင်းကမေးလိုက်သည်။

"ဒါကနေ့စဉ်နဲ့အမျှကြုံတွေ့နေရတဲ့လုပ်ငန်းခွင်ထဲကလူတွေရဲ့အန္တရာယ်တွေထဲက တစ်ခုဘဲ,ကလေး"
ဟွမ်ယကစိတ်မဝင်စားစွာဖြင့်ပြောလိုက်သည်။

ဝမ်ပင်းကတိတ်ဆိတ်သွားတော့သည်၊
ဒုတိယအခွင့်အရေးလိုမျိုးအရာကသူထက်ပိုပြီး
ရာဇဝတ်ကြီးတဲ့သူတွေထက်ပိုပြီးထိုက်တန်မှန်းသူသိသည်။

....

နှစ်နာရီကြာပြီးနောက်,
ဟွမ်ယနှင့်တခြားသူများသည်ဝမ်ပင်းအားလူစုဆောင်းမှုနှင့် တခြားဖြစ်ပျက်သောအရာမှန်သမျှကိုတင်ပြသည်။

စာစဉ် ၁၅

ယွမ်ဖန်၏ဂိုဏ်းသည်မူးယစ်ဆေးဝါးဖောက်ကားရောင်းဝ
ယ်မှုဖြစ်ပြီးတစ်ခါတစ်ရံတွင်
၎င်းတို့၏ဝန်ဆောင်မှုများကို
အခကြေးငွေဖြင့်ငှားရမ်းသည့်လူရမ်းကားများကိုလည်း
ရောင်းဝယ်ကြသည်။

ကောင်းဖန်ကဟွမ်ယကို
ယွမ်ဖန်နှင့်သူ့မိန်းမအားဘယ်လိုလုပ်မလဲဆိုတာ
မေးဖို့စိတ်မဝင်စားပေ၊

“ထိတ်လန့်ဖွယ်ညသရဲကသူရဲ့အကျွမ်းတဝင်သားရဲလေ။
ကလေးသရဲကတော့ ဝမ်ပင်းပိုင်တာ”
ဟွမ်ယကပြောလိုက်သည်။

ကြက်သွေးရောင်မြင်းတစ်ကောင်ကဟွမ်ယ၏နောက်မှ
ထွက်လာပြီးတစ္ဆေနှင့်တူတဲ့
သတ္တဝါနှစ်ကောင်ကိုနောက်မှဆွဲလာခဲ့သည်။

[မကောင်းဆိုးဝါးအမည်]–သွေးနီတိုက်ပွဲမြင်း

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၃၂(ကွန်မန်ဒါအဆင့်)

[မကောင်းဆိုးဝါးအခြေအနေ]–
ကျန်းမာ(မာနကြီးနေခြင်း)

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးစွမ်းရည်]–မီး

[မကောင်းဆိုးဝါးကျွမ်းကျင်မှု]–နေမီးတောက်အဆင့်၂

[ဖော်ပြချက်များ]–
၎င်းသည်ပြောင်းလဲလာသောတိုက်ပွဲမြင်းများ၏သန်မာ
ြ့ခိုင်မှုကို ဆက်လက်ထိန်းသိမ်းထားကာ
စိတ်ဝိဉာဉ်နတ်ဆိုးများကိုဆန့်ကျင်၍ခုခံနိုင်သည်။

–

[မကောင်းဆိုးဝါးအမည်]–ထိတ်လန့်ဖွယ်ညသရဲ

စာစဉ် ၁၅

[မကောင်းဆိုးဝါးအဆင့်]-အဆင့်၂၇(ကွန်မန်ဒါအဆင့်)

[မကောင်းဆိုးဝါးအခြေအနေ]-
ပြင်းထန်သောဒဏ်ရာ(ဒေါသထွက်နေခြင်း)

[မကောင်းဆိုးဝါးအဆင့်အတန်း]-အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးစွမ်းရည်]-တစ္ဆေ/ဖုတ်ကောင်

[မကောင်းဆိုးဝါးကျွမ်းကျင်မှု]-
စိတ်လှည့်စားခြင်းအဆင့်၂

—

[မကောင်းဆိုးဝါးအမည်]-ဂျီဝိဥာဉ်

[မကောင်းဆိုးဝါးအဆင့်]-အဆင့်၂၃(ကွန်မန်ဒါအဆင့်)

[မကောင်းဆိုးဝါးအခြေအနေ]-ကျန်းမာ(ကြောက်ရွံ့)

[မကောင်းဆိုးဝါးအဆင့်အတန်း]-သာမန်အဆင့်အတန်း

[မကောင်းဆိုးဝါးစွမ်းရည်]-တစ္ဆေ/ဖုတ်ကောင်

စာစဥ် ၁၅

[မကောင်းဆိုးဝါးကျွမ်းကျင်မှု]-
စိတ်လှည့်စားခြင်းအဆင့်၁

[ဖော်ပြချက်များ]-
ရှေးခေတ်ဒဏ္ဍာရီလာဝိညာဉ်၁၄ခုထဲမှတစ်ခု, ကလေးသရဲသည် တကယ်တော့ကလေးဆန်ပြီးရှက်ရွံ့သောသဘာဝရှိသည် ။ ပြီးတော့၎င်းအား တစ်ခါတစ်ရံ၌ အော်မြည်ခြင်းညဝိညာဉ်ဟုလည်းခေါ်ကြသည်။

ကောင်းဖန်က ဂျီဝိညာဉ်၏ဖော်ပြချက်များကိုဖတ်ပြီးအံ့အားသင့်နေတော့သည်။

၎င်းသည်နောက်ကွယ်တွင်ဒဏ္ဍာရီလာတစ်ခုဖြစ်သည့်ရေနဂါးတစ်ကောင်နှင့်ပထမဆုံး မျက်နှာချင်းဆိုင်မိပြီးယခုနောက်ကွယ်မှဒဏ္ဍာရီလာသားရဲကဒုတိယအကြိမ် မျက်နှာချင်းဆိုင်တွေ့ခြင်းဖြစ်သည်။

စာစဉ် ၁၅

ထိုခေတ်တွင်တစ္ဆေအမျိုးအစားသားရဲများသည်
တောင်နှင့်သစ်ပင်နတ်အမျိုးမျိုးတို့မှ
ဆင့်ကဲပြောင်းလဲလာကြခြင်းဖြစ်သည်။
သို့သော်နတ်၂၄ကောင်၏နောက်ကွယ်မှ
ဒဏ္ဍာရီသည်ကောင်းဖန်ကြားဖူးသောအခြားဒဏ္ဍာရီများ
ထက်ကြားဖူးသလောက်
သိပ်ပြီးကြောက်စရာမကောင်းပေ၊

ဒဏ္ဍာရီတွေအရနတ်၂၄ကောင်သည်ရှေးခတ်ကလူတွေရဲ့
မှတ်ဉာဏ်တွေရဲ့ အစွန်းမှာ
ပုန်းလျှိုးကွယ်လျှိုးရှိနေခဲ့သောအဆင့်နိမ့်ဝိညာဉ်၂၄ကော
င်ဖြစ်သည်၊

သို့သော်ကျန်သူများနှင့်မတူသောဝိညာဉ်တစ်ခုရှိသည်၊
ပါ့ဝိညာဉ်ဖြစ်ပြီး, ၎င်းကို
ပျံသန်းခြင်းဒွန်ဘီဟုလည်းခေါ်သည်၊
တစ်ချိန်ကမိုးခေါင်ခြင်းနတ်ဘုရားအဖြစ်

ကြောက်မက်ဖွယ်ကောင်းသောနဂါးတစ်ကောင်ကိုသတ်ပြ
ြီး ကောင်းကင်တစ်ခုလုံးအား
မြို့ချနိုင်စွမ်းရှိသည်ဟုယုံကြည်ကြသည်။

“သခင်ငယ်လေး,
မင်းကကလေးသရဲကိုစိတ်ဝင်စားနေတာလား?”
ဟွမ်ယက
ကောင်းဖန်သည်ကြောက်ရွံ့တတ်သောတစ္ဆေသတ္တဝါေ
ေးကိုစူးစိုက်စွာကြည့်နေသည်
အားသတိထားမိပြီးမေးလိုက်သည်။

ဟွမ်ယနှင့်တခြားသူများသည်သားရဲ၏နာမည်အစစ်ကိုမ
သိကြပေ၊ သူ့ဒေတာဇယားမှာ
မှတ်တမ်းတင်ထားသောနာမည်နှင့်မတူသောနာမည်တ
စ်ခုအားလူတွေက
သားရဲတစ်ကောင်ကိုခေါ်ဝေါ်တာဒါပထမဆုံးအကြိမ်မ
ဟုတ်ပေ။

စာစဉ် ၁၅

ဂျီဝိညဉ်သည်နောက်သို့ခြေလှမ်းအနည်းငယ်ဆုတ်လိုက်ကာ သူ့အားချဉ်းကပ်လာသောသူ့ကိုစူးစိုက်ကာကြည့်နေသည်။

သူကအတော်လေးရှက်ရွံ့တတ်တာဘဲ, ကောင်းဖန်ကတွေးလိုက်သည်။

သူနဲ့ဝေးရာသို့ကျုံ့သွားသော ကွန်မန်ဒါအဆင့်သားရဲတစ်ကောင်ကိုမြင်ရတော့ ကြောက်လန့်တကြားယုန်တစ်ကောင်နှင့်ဝေးရာသို့ကျောခိုင်းနေသောခြင်္သေ့ တစ်ကောင်ကိုတွေးမိလိုက်သည်၊

ကောင်းဖန်သည်ကျောက်တုံးတစ်တုံးကိုကောက်ယူပြီးဂျီဝိညဉ်ထံသို့ပစ်လိုက်သည်၊ ၎င်းကလန့်ဖျပ်ကာခုန်လိုက်ပြီး လျင်မြန်စွာဖြင့်ထိတ်လန့်ဖွယ်ညသရဲ၏နောက်တွင်ပုန်းလိုက်သည်။

စာစဉ် ၁၅

ခဏာလောက်ကြာတော့,ၵင်းကသူ့ခေါင်းလေးကိုထိတ်လန့်ဖွယ်ညသရဲနောက်မှ ပြူထွက်လိုက်ပြီး ကောင်းဖန်ကိုကြောက်ကြောက်ရွံ့ရွံ့ဖြင့်ကြည့်လိုက်သည်။

"ကျွန်တော်ဂျီဝိဉာဉ်ကိုခဏာလောက်လေ့လာချင်တယ်လို့ ဝမ်ပင်းကိုပြောလိုက်ပါ" ကောင်းဖန်ကပြောလိုက်သည်။

ဟွမ်ယကခေါင်းညိတ်လိုက်သည်၊ "ကိစ္စမရှိပါဘူး၊ မင်းကြိုက်သလောက်အချိန်ယူနိုင် တယ်"

ကောင်းဖန်ကတခစ်ခစ်ရယ်လိုက်သည်၊ သူကသွေးနီတိုက်ပွဲမြင်းကိုတစ်ချက်ကြည့် လိုက်ပြီး, ပြောလိုက်သည်,

"ခင်ဗျားရဲ့သားရဲကိုလည်းခင်ဗျားအားတဲ့ဘယ်အချိန်မဆို ကျွန်တော့်ခတ်ခွဲခန်းကိုခေါ်လာလို့ရတယ်နော်"

စာစဉ် ၁၅

သူကပြောပြီးနောက်ဂိုဒီကိုဂျီဝိဉာဉ်အားအိမ်သို့သယ်ခဲ့ရန်အတွက်ဂိုဒီကိုအမိန့်ပေးလိုက် သည်။

***

စာစဉ် ၁၅

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၃၁*

ထိုကဲ့သို့ဆူညံပွက်လောရိုက်မှုပွဲတော်ကြီးပြီးဆုံးသွားပြီး နောက်နှစ်ရက်ရှိပြီဖြစ်သည်၊

ဂျူနီယာကျောင်းသားအသင်းအဖွဲ့မှချောင်ကျင်းသည်ေ ောင်းဖန်၏ဖုန်းနံပါတ်ကို ၎င်း၏ချိတ်ဆက်မှုများမှတစ်ဆင့်ရယူခဲ့သည်၊ သူကကောင်းဖန်ကိုဖုန်းဆက်ပြီး အဲ့ဒီနေ့ကဖြစ်ပျက်ခဲ့သည့်အရာတွေကိုပြောပြသည်၊ ရဲစခန်းသို့ခေါ်ဆောင်သွားခံရ သောလူသည်သူ၏ကြံ့ရာပါများကိုပြောပြီးသားဖြစ်ပေမယ့်, ရဲများကကြံ့ရာပါများ

စာစဉ် ၁၅

နေထိုင်သည့်အဆောက်အအုံကိုရောက်တော့သူတို့ကထွ
က်သွားပြီးဖြစ်သည်။

ချောင်ကျင်းကကောင်းဖန်ကိုကြံရာပါများသည်ကြိုတင်
သတင်းများကိုလက်ခံရရှိပြီး
လွတ်မြောက်သွားနိုင်ကြောင်းကောင်းဖန်ကိုသတိပေးလို
က်သည်! သူကကောင်းဖန်ကို
အထူးဂရုစိုက်ဖို့အတွက်ပြင်းပြင်းထန်ထန်တိုက်တွန်းနေပြ
ီး ကောင်းဖန်ကအချိန်မရွေး
တစ်ခုခုကိုသတိထားမိခဲ့လျှင်ချောင်ကျင်းကသူ့အားချက်
ချင်းဖုန်းဆက်နိုင်ရန်အတွက် ပြောသည်။

ကောင်းဖန်ကခဏလောက်တိတ်တဆိတ်သတိပေးခံရပြီ
းနောက်, ပါးပါးနပ်နပ်ဖြင့်
ချောင်ကျင်းကိုပြောလိုက်သည်,
“အဲ့ဒီလူတွေကအခုအတော်လေးပွက်လောရိုက်နေ

လောက်ပြီ၊ သူတို့ယွိကျိုးမှာနေမယ်လို့တော့မဖြစ်နိုင်ဘူး၊ တခြားမြို့ကိုပြောင်းသွား နိုင်တယ်”

ချောင်ကျင်းကသူ့ကိုတကယ်မယုံပေ၊ အဆုံးမှာတော့ကောင်းဖန်ကိုသတိထားဖို့ ထပ်၍သတိပေးခဲ့သည်။

ဖမ်းမိသောထိတ်လန့်ဖွယ်ညသရဲသည်စမ်းသပ်မှုများအတွက်အကြောင်းတစ်ခုအဖြစ် တော့အသုံးမဝင်ခဲ့ပါ။

သူ့သခင်သေသွားပြီလို့ခံစားရသည်၊ ဒါကထိတ်လန့်ဖွယ်ညသရဲကိုကောင်းဖန်အပေါ် အမုန်းတရားတွေနဲ့ပြည့်နေစေသည်၊ ကောင်းဖန်ကသူ့ဆီသို့ဘယ်အချိန်ဖြစ်ဖြစ် လက်လှမ်းလိုက်လျှင်, ၎င်းကသူ၏စိတ်လှည့်စားခြင်းစွမ်းရည်ကိုသုံး၍ကောင်းဖန်ကို ခြောက်လန့်သည်၊

စာစဉ် ၁၅

ကံမကောင်းစွာနဲ့ဘဲ,

အချိန်တိုင်းသူ၏စိတ်လှည့်စားခြင်းစွမ်းရည်ကိုသုံးတိုင်း ကောင်းဖန်၏နောက်တွင်ရပ်နေသောဂိုဒီကဖျက်စီးပစ်သည်၊

ဂိုဒီသည်တခြားသူများ၏စွမ်းရည်ကိုပယ်ဖျက်နိုင်သောစွမ်းရည်ရှိသဖြင့်

ထိုထင်ယောင်ထင်မှားဖြစ်မှုများကိုသဘာဝအတိုင်းဆန့်ကျင်နေသည်။

ရုပ်ထုအားဆွဲဆောင်နေသလို သို့မဟုတ်

မျက်စိမမြင်သောသူကိုမျက်လုံးမှိတ်ပြသလို

ဖြစ်နေသည်။

ကောင်းဖန်ကရင်းကိုစိတ်ထဲမထားပေ၊

အကြောင်းများနှင့်ယှဉ်လျှင်, သူကပျော်နေ သည်၊

စာစဉ် ၁၅

ဘာကြောင့်လဲဆိုတော့,
သူသည်ယခင်ကစိတ်လှည့်စားခြင်းစွမ်းရည်များစွာကို
မမြင်ဖူးသောကြောင့်ဖြစ်သည်။
သူသတိပြုနိုင်သောနမူနာတစ်ခုရောက်လာဖို့အတွက်
ခက်ခဲသည်။တိုက်ခိုက်မှုအောင်မြင်စွာအသုံးချနိုင်သည်ဖြ
စ်စေ, မရှိသည်ဖြစ်စေ အရေးမကြီးပါ။

သူကမည်သို့ပင်ဖြစ်စေ,စွမ်းအားနှင့်လှည့်စားနိုင်စွမ်း၏
ကန့်သတ်ချက်ကို စမ်းသပ်ချင်ခဲ့သည်။

သူတို့ကမှန်ချင်းခြားထားသည်၊
မှန်အတွင်းရှိထိတ်လန့်ဖွယ်ညသရဲသည်ဒေါသတကြီး
ဆက်လက်ထုရိုက်နေသည်။

ကောင်းဖန်၏ပတ်ဝန်းကျင်ကိုငရဲအဖြစ်သို့ပြောင်းလဲရန်
၎င်း၏ ထင်ယောင်ထင်မှား
ဖြစ်စေခြင်းစွမ်းရည်ကိုအသုံးပြုခဲ့သည်၊
ကောင်းဖန်၏ခြေဖဝါးအောက်တွင်မြေကြီး

## စာစဉ် ၁၅

သည်အက်ကွဲသွားပြီးမှချော်ရည်များထွက်လာပြီး, နတ်ဆိုးမကောင်းဆိုးဝါးများက မီးများပေါ်သို့အက်ကြောင်းများထဲမှထိုးတက်လာကြပြီး ဆာလောင်စွာဖြင့် ကောင်းဖန်ကိုကြည့်နေသည်။

ကောင်းဖန်ကလှည့်ကြည့်လိုက်တော့ သေးငယ်သောသရဲတစ်ကောင်က သူ၏ခါးမှ တက်လာသည်ကိုတွေ့လိုက်ရသည်၊ ကောင်းဖန်ကတည်ငြိမ်စွာဖြင့်သူ၏မှတ်စုစာအုပ် တွင်ချရေးလိုက်သည်, "အတော်လေးကိုအစစ်အမှန်နှင့်တူသည်။

သူသည်ထင်ယောင်ထင်မှားဖြစ်နေသည်များကိုသူ့ခြေ ေကာက်အားအသုံးပြု၍ ဖြတ်ကာနင်းလိုက်သည်၊ ခုခံမှုအနည်းငယ်ကိုသူခံစားလိုက်ရသည်၊ သူလည်း အပူဒဏ်ကိုခံစားရသည်၊

စာစဉ် ၁၅

ကောင်းဖန်ကခေါင်းငုံ့ပြီးသူ၏မှတ်စုစာအုပ်ထဲတွင်မှတ်လိုက်သည်, "ထိတွေ့မှုနှင့်အပူချိန်လိုမျိုးတခြားအာရုံခံမှုတွေကိုသက်ရောက်မှုရှိစေသည်၊"

ကောင်းဖန်ကငင်းကိုမြင်တော့ကြောက်ရွံ့မှုကိုမခံစားရပေ, ထိတ်လန့်ဖွယ်ညသရဲသည်စိတ်လှည့်စားမှုကိုပြောင်းလဲလိုက်ပြီး, ရုတ်တရက်ပတ်ဝန်းကျင်ကလည်း ပြောင်းလဲသွားသည်၊ သူ၏ခြေထောက်အောက်မှကျောက်ရည်ပူများနှင့်သူ့ရှေ့ရှိအကောင်များအားလုံးသည်ပျောက်သွားတော့သည်၊ သူ့အောက်မှမြေပြင်သည်အဖြူရောင်နှင်းကွင်းပြင်များအဖြစ်သို့ပြောင်းလဲသွားသည်၊ နံရံများသည်ရေခဲများဖြင့်ဖုံးလွှမ်းသွားပြီး,ပုံစံကွက်များပုံဖော်နေကြသည်၊ မှောင်မဲနေသော

စာစဉ် ၁၅

ကော်ရစ်ဒါတစ်လျှောက်မှတဝှီးဝှီးနှင့်လေများတိုက်ခိုက်လာသည်။

နက်ရှိုင်းသောကော်ရစ်ဒါမှနှင်းသံဖျော့ဖျော့တိုးဝင်လာပြီး
, ကော်ရစ်ဒါအဆုံးမှ
ရိုင်းစိုင်းကြမ်းတမ်းသောသားရဲတစ်ကောင်ထွက်လာသကဲ့သို့ပင်ဖြစ်နေသည်။

"ဒါကငါ့အတွက်အလုပ်မှာထင်ယောင်ထင်မှားမြင်ရတာပထမဆုံးအကြိမ်မဟုတ်တော့ ပေမယ့်,အဲ့ဒါကခုထိ..." ကောင်းဖန်ကစိတ်လှည့်စားခြင်း၏အစစ်အမှန်အဆင့်ကိုအံ့အားသင့်သွားရသည်။

ကောင်းဖန်ကရုတ်တရက်အကြံတစ်ခုရလာသည်၊
သရဲခြောက်တဲ့အိမ်အတွက် ဒါမှမဟုတ်
4Dတွေ့ကြုံခံစားမှုစင်တာများတွင်,သေချာပေါက်ပိုက်ဆံအများကြီး ရအောင်လုပ်နိုင်လိမ့်မည်။

စာစဉ် ၁၅

သူ့အတွက်ဘာမှကုန်ကျမည်မဟုတ်ပေ, ထို့ကြောင့် ရတဲ့ဝင်ငွေကအသားတင်အမြတ်နှင့်ညီမျှမည်ဖြစ်သည်။

ဝမ်းနည်းစရာကောင်းတာက ဒီထိတ်လန့်ဖွယ်ညသရဲကသူ့အမိန့်ကိုနားမထောင်ပေ၊ ၎င်းကသူ့ကိုအတော်လေးမုန်းနေသည်၊ ကောင်းဖန်ကပြုံးလိုက်သည်၊ သူကတကယ်ကို ကျီစယ်ကစားတတ်တဲ့ကလေးဘဲ။

ကောင်းဖန်ကမှန်ပြင်၏နောက်ဘက်မှထိတ်လန့်ဖွယ်ည သရဲကိုဖြေဖျောက်ပေးသည်၊ "ကောင်းပြီ, လုံလောက်ပြီ၊ ငါတို့ရဲ့စမ်းသပ်မှုပြီးပြီ၊ သွားပြီးခဏလောက်နားလိုက်ဦး, မဟုတ်ရင်ညကျမုန့်မကျွေးဘူးနော်" သူကနေကာကိုဆွဲချလိုက်ပြီးလှည့်ကာထွက်သွား လိုက်သည်။

သူ့အခန်းထဲမှကြားရတဲ့တစ်ခုတည်းသောအသံကတော့ ထိတ်လန့်ဖွယ်ညသရဲ၏

စာစဉ် ၁၅

ဒေါသထွက်စွာဖြင့်စူးဝါးစွာအော်မြည်ခြင်းဖြစ်သည်။
၎င်း၏စိတ်လှည့်စားခြင်းက
အတော်လေးကိုရှုးသွပ်လောက်သည်၊
တောင်တွေကအက်ကွဲနေပြီး ကော်ရစ်ဒါ
တစ်လျှောက်တွင်မီးတောင်များပေါက်ကွဲနေသည်…
သေချာတာပေါ့သူတို့အားလုံးက
လှည့်စားထားတာတွေကြည့်ဘဲ။

ရှုချင်းကျီကတံခါးအပြင်ဘက်တွင်မတ်တပ်ရပ်နေပြီး,
တံခါးခေါက်လိုက်ကာပြောလိုက် သည်,
"ကြီးမြတ်လှတဲ့မစ္စတာကောင်းဖန်,
ဟွမ်ယကမင်းကိုတွေ့ဖို့လာတယ်၊
သူပြောတာတော့ချိန်းထားတယ်ဆိုဘဲ"

"သူကချိန်းဆိုထားတယ်, ဟုတ်တယ် ဟုတ်တယ်,
သူ့ကိုအထဲခေါ်လိုက်"

စာစဥ် ၁၅

ကောင်းဖန်ကသူရောစပ်နေတဲ့ပြွန်မှအကြည့်လွှဲ၍ခေါင်းတောင်မေ့မကြည့်ဘဲ ပြောလိုက်သည်။

ရှုချင်းကျိကမျက်လုံးကိုလှိမ့်လိုက်ပြီး ထွက်သွားတော့သည်၊ ကြီးမြတ်တဲ့မစ္စတာကောင်း၊ ဒီဂုဏ်ပုဒ်ကသူ့ကိုကုန်သွယ်တစ်ယောက်လိုမျိုးထင်စေသည်။

“အင်း….” ဟွမ်ယကအသံထွက်လိုက်ရင်း, ရှက်ရွံ့မှုတစ်စုံတစ်ခုကိုခံစားရကာ အထဲသို့လမ်းလျှောက်၍ဝင်လာသည်။ သူသည်တောင်ပိုင်းကောင်းကင်အဖွဲ့မှ ရောင်းချသောနာမည်ကြီးဆေးဝါးအများစုသည်ကောင်းဖန်၏ခေတ်ခွဲခန်းထဲ၌ဖြစ် ကြောင်းအနီးအနားတွင်မေးမြန်းခဲ့ပြီး အလွယ်တကူသိခဲ့ရသည်။

စာစဉ် ၁၅

ဒီခေတ်ခွဲခန်းထဲမှာတစ်ယောက်တည်းအလုပ်လုပ်နေတဲ့လူတစ်ယောက်ဘဲ
ရှိတာကိုသူသိပြီးပို၍စူးစမ်းချင်လာသည်၊
ထိုလူကတော့ကောင်းဖန်…

အစပိုင်းအံ့သြသွားမှုနှင့်သူ၏စိတ်အခြေအနေကိုပြန်၍ပြင်ဆင်ရန်အတွက် အချိန်ခဏလောက်ယူပြီးနောက် ဟွမ်ယသည်နောက်ဆုံးတွင်ကောင်းဖန်ကမည်မျှပင်အံ့သြစရာကောင်းတာကိုနားလည်လိုက်သည်၊

သူကတကယ်ကိုအရည်အချင်းရှိတဲ့လူဆိုတာထင်ရှားလှသည်။

“မစ္စတာကောင်းကဒီလောက်ကျွမ်းကျင်နေတာအံ့သြစရာတော့မရှိတော့ပါဘူး၊ တခြားသူတွေကကစားနေချိန်မင်းကတော့စမ်းသပ်မှုတွေလုပ်နေတယ်လေ။
ဒါကမင်းအရမ်းကျွမ်းကျင်ရတဲ့အကြောင်းအရင်းဘဲ!”

စာစဉ် ၁၅

ကောင်းဖန်ကဟွမ်ယကိုကြည့်ကာပြုံးလိုက်သည်၊
"ကျွန်တော်ခင်ဗျားကို ပထမဆုံး မြင်တုန်းကလည်း,
ခင်ဗျားကအရမ်းကိုတည်ကြည်လေးနက်တဲ့သူဆိုပြီး
ကျွန်တော်တွေးခဲ့တယ်လေ"

ဟွမ်ယကရှင်ပျစွာဖြင့်ရယ်လိုက်သည်၊
"အခြေအနေတွေကတောင်းဆိုလာတော့
ကိုယ်ကစိတ်ထဲမှာအလေးအနက်ဖြစ်သွားတာပါ၊
အချိန်အများစုကိုတော့ပေါ့ပေါ့ပါးပါး နေတတ်ပါတယ်"

ဟွမ်ယကစကားပြောနေရင်းကောင်းဖန်ကိုကြည့်လိုက်
သည်၊ ကောင်းဖန်၏အမူအရာ
ကစိတ်ပျက်တဲ့ပုံစံပြောင်းမသွားဘူးဆိုတာကိုသူတွေ့ေ
ေ့မှစိတ်အေးသွားတော့သည်။

"ခင်ဗျားရဲ့သားရဲကိုယူခဲ့လား?"

"အင်း"

စာစဉ် ၁၅

"ကောင်းတယ်, ကျွန်တော့်နောက်လိုက်ခဲ့၊ ကျွန်တော်လိုအပ်တဲ့ပစ္စည်းတွေအကုန်ပြင်ဆင် ပြီးသား" ကောင်းဖန်ကပြောနေရင်းဖြင့်ခါတ်ခွဲခန်းတံခါးကိုဖွင့်လိုက်ပြီး

တခြားကော်ရစ်ဒါတစ်ဖက်သို့ဦးတည်သွားတော့သည်၊ သွေးနီတိုက်ပွဲမြင်းကိုယူလာ

အောင်သူဒီလိုလုပ်ခဲ့တာဖြစ်သည်။

သွေးနီတိုက်ပွဲမြင်းက

မာနကြီးစွာဖြင့်သူ၏ဘေးပတ်လည်ကိုလိုက်ကြည့်နေသည်။

ဟွမ်ယကသူ၏သားရဲကိုသွေးစာချုပ်မှတစ်ဆင့်အထပ်ထပ်ပြောလိုက်သည်,

"အချစ်လေး,သူကမင်းဆင့်ကဲတိုးမြှင့်ဖို့အတွက်ကူညီပေးနိုင်တယ်၊ မင်းအရမ်းကြီး မာနကြီးနေစရာမလိုပါဘူး"

စာစဉ် ၁၅

သွေးနီတိုက်ပွဲမြင်းကမောက်မာစွာဖြင့်ရယ်မောလိုက်ကာ ,ကောင်းကင်ကိုကြည့်၍ ပြောလိုက်သည်,

“ငါ့ဘဝကိုဘာလို့စွန့်စားဖို့လိုနေဦးမှာလဲ?”

ဟွမ်ယကအကူအညီမဲ့သလိုခံစားနေရသည်၊ အကယ်၍,သူသာသိခဲ့လျှင် ၎င်းကို လျှိုပု၏အထ္ထုပတ္တိကိုပြခဲ့မည်မဟုတ်ပေ၊ အဲ့ဒါကစိတ်ခံစားမှုလွန်ကဲပြီး သူ့ကိုယ်သူ သွေးနီရောင်တောယုန်တစ်ကောင်ကိုခံစားလာစေသည်။

“မင်းဒါကိုစားချင်လား?ဂ ကောင်းဖန်က ခါတ်ခွဲခန်းထဲမှဆေးပုလင်းကိုထုတ်ယူ၍ ဂုဏ်မောက်နေသောမြင်းအားအပြုံးတုဖြင့်စေ့စပ်စွာကြည့်ကာပြောလိုက်သည်။

သွေးနီတိုက်ပွဲမြင်းသည်မောက်မာစွာဖြင့်ရယ်မောလိုက်ပြီး, “ငါကမကျရှုံးတော့….”

စာစဉ် ၁၅

ကောင်းဖန်သည်ဆေးပုလင်းကိုဖွင့်လိုက်ပြီး ခေတ်ခွဲခန်းတစ်ဝိုက်တွင်အလွန်စွဲမက်ဖွယ်ကောင်းသောရနံ့တစ်ခုကိုပျံ့သွားစေသည်၊

တခြားသားရဲတွေကတော့ မွေးပျံ့သည့်ရနံ့ဘဲရလိမ့်မည်၊ သို့သော်, သွေးနီတိုက်ပွဲမြင်း အတွက်ကတော့ထိုအနံ့သည်၎င်း၏သွေးကြောများမ ှသွေးများကိုပို၍ညှစ်ထုတ်ကာ နှလုံးခုန်နှုန်းများကိုတိုးမြင့်လာစေသည်။

သွေးနီတိုက်ပွဲမြင်းသည်သွေးဆောင်ခံခဲ့ရသော်လည်း၎င်း၏မာနသည် အလွန်နှိမ်ချသောအရာတစ်ခုလုပ်ရန်အတွက်ခွင့်မပြုချေ။

၎င်းကမျက်လုံးများကိုပတ်ချာလည်လိုက်ပြီး, သွေးနီတိုက်ပွဲမြင်းသည်ဟွမ်ယအား စတင်မြည်ဟီးတော့သည်၊ ၎င်းကသူ၏ခေါင်းကိုဟွမ်ယ၏ပုခုံးဖြင့်ပွတ်လိုက်သည်။

စာစဉ် ၁၅

“ဟွမ်ယရေ,
အကယ်၍မင်းငါ့ကိုဆေးရအောင်ကူညီပေးနိုင်ရင်,
ငါမင်းကိုတစ်ကြိမ် စီးခွင့်ပေးမယ်!”
သွေးနီတိုက်ပွဲမြင်းကဟွမ်ယကိုပြောလိုက်သည်။

သူကဟွမ်ယသည်သူ့ကိုအမြဲတမ်းတက်စီးချင်မှန်းသိသည်, ဒါပေမယ့်သူကိုထိုသို့ လုပ်ဖို့သူကခွင့်ပြုမထားချေ၊ သို့သော်, ထိုဆေးအတွက်ဆိုလျှင်, သူ၏အဆင့်အတန်းကို အနည်းငယ်လောက်နှိမ့်ပေးနိုင်သည်။

ဟွမ်ယကလှုပ်ရှားသွားတော့သည်၊ အကယ်၍ဒါကတခြားသားရဲဆိုလျှင်သူကြောက်မှာမဟုတ်ပေ၊ သို့သော်, သွေးနီတိုက်ပွဲမြင်းသည်ကောင်းမွန်သောအမျိုးအစားဖြစ်ပြီး, ၎င်းကအရမ်းကြည့်ကောင်းပြီးမိုက်သည်၊

စာစဉ် ၁၅

ဒီလိုမျိုးမိုက်ပြီးကြည့်ကောင်းတဲ့မြင်းကို ဘယ်ယောကျာ်းကမစီးချင်ဘဲနေပါ့မလဲ?

သို့သော်,သူကနောက်ဆုံး၌သွေးနီတိုက်ပွဲမြင်း၏အားန ည်းချက်ကိုတွေ့သွားတာ ကြောင့်ဟွမ်ယကလွယ်လွယ်နှင့်သဘောမတူပေ၊ သူကသူ့ကိုယ်သူတည်ငြိမ်စွာဖြင့် ပြောလိုက်သည်, "သဘောမတူဘူး၊ ငါမင်းကိုအနည်းဆုံးဆယ်ကြိမ်စီးမယ်! ပြီးရင်တစ်ကြိမ်ချင်းစီမှာအနည်းဆုံးသုံးနာရီကြာတယ်!"

"ငါ့ကိုတွန်းအားမပေးနဲ့နော်!" သွေးနီတိုက်ပွဲမြင်းကဒေါသထွက်စွာဖြင့်ဟွမ်ယအား ကြည့်လိုက်သည်၊

"မင်းမလိုချင်ဘူးလား?" ကောင်းဖန်ကဟန်ဆောင်ပြုံးလိုက်သည်၊ သူ့လက်ထဲမှ ပုလင်းကိုလွှတ်ချလိုက်သည်၊

စာစဉ် ၁၅

ပုလင်းကမြေပြင်ပေါ်သို့လွတ်ကျသွားပြီး ကျယ်လောင်သည့်အသံကိုပြုလုပ်လိုက်သည်။

“မဖြစ်ဘူး!”
သွေးနီတိုက်ပွဲမြင်း၏မျက်လုံးများကထွက်ကျတော့မလိုပင်ဖြစ်သွားသည်၊ ၎င်းကသူ့နှလုံးမှသွေးများထွက်နေသလိုပင်ခံစားရသည်။

ကောင်းဖန်ကဖိတ်စင်နေသောဆေးများကိုလှမ်းယူလိုက်ပြ ြီး သူ့အင်္ကျီထဲမှတူညီသော ဆေးတစ်ပုလင်းကိုဖြည်းညှင်းစွာဖြင့်ထုတ်ယူလိုက်သည် ။

“ဒီဆေးက ငါ့မှာရှိနေတုန်းဘဲနော်၊ မင်းလိုချင်သရွေ့ငါမင်းကိုဆေးပမာဏအဆုံးမရှိ လုပ်ပေးနိုင်တယ်၊”
ကောင်းဖန်ကနူးညံ့စွာဖြင့်ပြောလိုက်သည်။ “ပြီးတော့, ဒီထက် ကောင်းတဲ့ဆေးလည်းလုပ်နိုင်သေးတယ်”

စာစဉ် ၁၅

သွေးနီတိုက်ပွဲမြင်းကတံတွေးမျိုချလိုက်သည်၊ “ဒီလူ, ဒီလူကတကယ်ကိုနတ်ဆိုးဆန် တာဘဲ...”

ထို့နောက်ကောင်းဖန်ကဟွမ်ယဆီသို့ပုလင်းအားလက်လှမ်းလိုက်သည်၊ “ဒီဆေးက အခုမင်းရဲ့သခင်လက်ထဲရောက်သွားပြီနော်၊ သူဘယ်လိုသုံးမလဲဆိုတာတော့ သူဘဲရွေးချယ်လိမ့်မယ်၊ ငါ့မှာထိန်းချုပ်ထားခွင့်မရှိဘူး”

သူစကားပြောပြီးသည်နှင့်သူ၏ညွှေ့သည်များကိုလက်ယမ်းပြလိုက်သည်၊

ဟွမ်ယကကောင်းဖန်အားကျေးဇူးတင်သောအကြည့်ဖြင့်ြ ြည့်လိုက်ပြီးနောက်, သွေးနီတိုက်ပွဲမြင်းကိုခေါ်ကာထွက်သွားတော့သည်။

ဟွမ်ယနှင့်သွေးနီတိုက်ပွဲမြင်းတို့မည်သို့သောသဘောတူညီချက်ကိုရလဲဆိုတာတော့

စာစဉ် ၁၅

ကောင်းဖန်အနေနှင့်စိတ်ဝင်စားနေဖို့မလိုပေ။ သို့သော်,ထိုနေ့ကသူမြင်လိုက်သည်နှင့် ဟွမ်ယကထက်မြက်သူတစ်ဦးဖြစ်ကြောင်းသူဆုံးဖြတ်နိုင်ခဲ့သည်။”

***

စာစဥ် ၁၅

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း၁၃၂*

"အဘိုး, ဒီရောက်နေတာဘဲ"
ရေကန်ဘေးတွင်သူ့သားရဲအားလေ့ကျင့်နေသော ကောင်းဖန်ကအဘိုးလမ်းလျှောက်လာတာကိုမြင်လိုက်တာကြောင့်,နှုတ်ဆက်လိုက် သည်။

"မင်းရဲ့သားရဲတွေကိုထပ်ပြီးလေ့ကျင့်ပြန်ပြီပေါ့?"
ကျီဟာန့်ဝူကကောင်းဖန်နှင့်အတူ
သူ၏သားရဲများကိုကြည့်ကာပြောလိုက်သည်။

တဲ့ဇီနှင့်အစင်းလေးသည်ထူးချွန်ပြောင်မြောက်စွာဖြင့် တိုက်ပွဲဆင်နွှဲနေကြသည်၊ သူတို့နှစ်ကောင်လုံးက ထူးခြားအဆင့်အတန်းသားရဲတွေဖြစ်ကြပြီး,
နှစ်ကောင်လုံးက အဆင့်၃၀ပတ်လည်တွင်ရှိကြသည်။

စာစဉ် ၁၅

တစ်ကောင်ကပျံသန်း၍တိုက်ခိုက်မှုစွမ်းရည်နှင့်,
တစ်ကောင်ကတိုက်ပွဲကိုထိန်းချုပ်ရန်၎င်း၏ပင့်ကူအိမ်မျ
ားရှိသည်။ ပင့်ကူအိမ်များက
အစင်းလေး၏ပျံသန်းနိုင်မှုမရှိသောအချက်ကိုလျော့ပါးေ
ေရန်လုံလောက်သည်၊
တစ်ခါတစ်ရံမှာတိုက်ပွဲကပြင်းထန်လာတာကြောင့်ဘယ်
သူကဘယ်သူလဲဆိုတာကိုပင် မပြောနိုင်ပေ။

သို့သော်,တစ်ဖက်ကတိုက်ခိုက်နေမှုကတော့ပို၍တောင်ပြ
ြင်းထန်လာသည်။

“ဟား”

ဂိုဒီကသူ၏ခြေထောက်ကိုမြှင့်လိုက်ပြီးခုန်လိုက်ကာ
၎င်း၏ရှည်လျားသော
နှုတ်သီးသည်အောက်ဘက်သို့ညွှန်နေပြီး၎င်း၏အတောင်
ပံများကိုလက်သီးကဲ့သို့
ဆုပ်ထားကာ,ပေ၃၀ရှည်တဲ့ခန္ဓာကိုယ်ကလေပေါ်တွင်ပျံ

စာစဉ် ၁၅

တက်သွားတော့သည်၊
ထို့နောက်၎င်းကရှေ့သို့ထိုးလိုက်သည်၊
၎င်း၏တောင်ပံများထိပ်ရှိကြွက်သားများက
အတူတကွတွန်းထုတ်လိုက်ပြီး,
လုံးဝန်းနေသောပုံစံမျိုးဖြစ်သွားစေသည်။

ဘန်း!

ဂိုဒီ၏ထိုးချက်ဖြင့်ဒမ်ဘီကပျံထွက်သွားသော်လည်းမြေပြ
င်ပေါ်သို့တည်ငြိမ်စွာဖြင့် ဆင်းလိုက်သည်၊
ခြေဖဝါးတွင်အနက်ရောင်အရိုးများကိုသုံး၍မြေကြီးကိုကု
ပ်တွယ်
လိုက်ပြီးမြေစာများကိုနက်နက်တူးထုတ်လိုက်သည်။

"မဆိုးဘူး…" ဒမ်ဘီကဖြေးညှင်းစွာဖြင့်ပြောလိုက်သည်၊
သူကဖြောင့်တန်းစွာဖြင့်
သူ၏ညာဘက်လက်ကိုဆန့်တန်းလိုက်ပြီး,
သူ၏နောက်ဘက်သို့ရောက်သွားကာ,

စာစဥ် ၁၅

အနက်ရောင်မြီးညှောင့်ရိုးကိုကိုင်ထားသည်၊
သူကရုတ်တရက်အရှေ့သို့ဆွဲလိုက်ပြီး
လေးပေရှည်သောမြီးညှောင့်ရိုးကိုငင်း၏ကျောရိုးမှချက်ခ
ျင်းချိုးလွှတ်လိုက်သည်၊
အရိုးများ၏အပိုင်းတစ်ခုစီကဖြောင့်တန်းသည်၊
ငင်းကဒမ်ဘီ၏လက်ထဲတွင်
ဓားတစ်ချောင်းကဲ့သို့ပင်ဖြစ်နေသည်။

အနီရောင်သွေးကြောများကဒမ်ဘီ၏လက်ချောင်းအက်
ကြောင်းများကြားထဲမှ ပေါ်ထွက်လာသည်၊
အနီရောင်သွေးကြောများသည်ဖြေးညှင်းစွာဖြင့်အရိုးဓား
၏
ပတ်လည်တွင်ရစ်ပတ်သွားပြီး,အရိုးဓားကိုပို၍ခိုင်မြဲအော
င်ပို၍လွယ်ကူစွာထိန်းချုပ်နိုင် စေရန်ပြုလုပ်နေသည်။

ဒမ်ဘီသည်သားသတ်ရုံတွင်သုံးပတ်နေရုံသာရှိသေးသော်
လည်း ငင်း၏အဆင့်သည်

၃၃မှ၃၉အထိလျင်မြန်စွာတိုးတက်လာခဲ့သည်၊
သူသည်ကေရာဇ်အဆင့်သို့တိုးမြှင့်သွား
ရန်အတွက်အဆင့်၂ဆင့်သာလိုတော့သည်။

ဒမ်ဘီ၏အဆင့်တက်သွားမှုအရှိန်သည်ကောင်းဖန်၏မျှော်လင့်ချက်ထက်ကျော်လွန် သွားပြီဖြစ်သည်။သို့သော်, ဒမ်ဘီကအဆင့်၃၆သို့ရောက်သည်နှင့်၎င်းကနှေးကွေးသွား တော့သည်၊ ဒမ်ဘီသည်အဆင့်၃၉တွင်သုံးရက်ကြာပိတ်မိနေပြီဖြစ်သည်။

ဂိုဒီသည်လည်းအဆင့်တက်လာတာအရမ်းမြန်သည်၊ ၎င်းကကောင်းဖန်၏ အဆင့်အနိမ့်ဆုံးကိုယ်ပိုင်သားရဲဖြစ်တာကြောင့်အဆင့်တက်သည့်အရှိန်ကမြန်နေခြင်း ဖြစ်သည်၊ ၎င်းကကွန်မန်ဒါအဆင့်သို့နှစ်ပတ်အကြာကမှရောက်ရှိထားခြင်းဖြစ်ပြီး, ၎င်းကလက်ရှိတွင်အဆင့်၂၄၌ရှိသည်၊

ဂိုဒီသည်ကွန်မန်ဒါအဆင့်သို့တိုးမြင့်သွားသည် နှင့်,၎င်း၏အဆင့်အတန်းသည်ဒဏ္ဍာရီလာအဆင့်အတန်းမှ ထူးခြားအဆင့်အတန်းသို့ အဆင့်ကျသွားခဲ့သည်။ သူအရင်ကဒဏ္ဍာရီလာအဆင့်အတန်းသို့ရောက်ဖူးတာေြ ြောင့် ထိုအဆင့်အတန်းသို့ပြန်ရောက်ရန်အတွက်မခဲယဉ်းပေ။

ကောင်းဖန်ကဂိုဒီအားဒဏ္ဍာရီလာအဆင့်သို့ပြန်ရောက်ရ န်တန်ဖိုးရှိသောပစ္စည်းများကို အသုံးပြုခဲ့ရသည်။

ဒဏ္ဍာရီလာသားရဲနှင့်ထူးခြားအဆင့်သားရဲတို့တိုက်ခိုက်ြ ြချိန်တွင်, သူတို့၏အဆင့် များသည်တူညီလုနီးပါးဖြစ်နေကာ, ဒဏ္ဍာရီလာအဆင့်သားရဲကတိုက်ပွဲတွင်လွှမ်းမိုး နိုင်လိမ့်မည်။

စာစဉ် ၁၅

ဒါကြောင့်ပင်,
ဒမ်ဘီကဂိုဒီအတွက်အသင့်တော်ဆုံးလေ့ကျင့်ဖော်ဖြစ်ခြ
င်းဖြစ်သည်။

ဒမ်ဘီသည်ဂိုဒီကိုဝန်းရံပြီးတိုက်ခိုက်ရန်အတွက်မသေဆုံ
းနိုင်သောသားရဲရာချီကို ဆင့်ခေါ်ကာတိုက်ခိုက်ခဲ့သည်၊
ဂိုဒီ၏ခန္ဓာကိုယ်သည်အနီးနားရှိမသေနိုင်သော
သားရဲများ၏တိုက်ခိုက်မှုကြောင့်
၃၅ပေအထိမြင့်လာခဲ့သည်။

ထို့နောက်ဒမ်ဘီသည်၎င်း၏မသေဆုံးနိုင်သောမီးတော
က်စွမ်းရည်ကိုရပ်တန့်လိုက် သည်၊
၎င်းသည်မသေဆုံးနိုင်သောသားရဲများကိုတိုက်ခိုက်ရန်
ဆင့်ခေါ်နိုင်ပေမယ့်လည်း
၎င်း၏ကိုယ်ပိုင်သန်မာမှုခွန်အားကိုသုံး၍မတိုက်ခိုက်နိုင်
ဟုမဆိုလိုပေ။

မသေဆုံးနိုင်သောမီးတောက်၏တခြားသောအကျိုးသက်ရောက်မှုသည် ပိပိရိရိဖြင့်
ဒမ်ဘီ၏အရိုးများကိုသန်မာစေသည်၊
သွေးကြောမျှင်နှလုံးဖြင့်ချိတ်ဆက်ထားသော
ပေါက်ကွဲမှုစွမ်းရည်ဖြင့်,
ဒမ်ဘီသည်အနီးကပ်တိုက်ခိုက်မှုတွင်အတော်လေးကို
ကြောက်ဖို့ကောင်းသည်၊
အကယ်၍တစ်စုံတစ်ယောက်ကမှားယွင်းစွာဖြင့်ဒမ်ဘီကို
ပျော့ညံ့သောအောက်လမ်းဆရာဟုယူဆ၍
၎င်း၏လက်ပါးစေများကိုကျော်လွန်ကာ
သူ့အားတိုက်ရိုက်တိုက်ခိုက်ခြင်းဖြင့်အနိုင်ယူလိုပါက
သူတို့သည်တစ်ဘဝလုံး
နာကျင်မှုတို့ဖြင့်တွေ့ဆုံရလိမ့်မည်။

“သတ်စမ်း!”

ဒမ်ဘီက၎င်း၏ခါးကိုရှေ့သို့ညွှန်ပြလိုက်ပြီးအပြေးအလွှား

စာစဉ် ၁၅

ားသွားစေသည်၊
၎င်းကသူ၏ခန္ဓာကိုယ်ကျယ်ကျယ်ဖွင့်လိုက်ပြီး
သူ့ကိုယ်သူအရှေ့ကိုပြေးနေတဲ့
တောင်တစ်လုံးလိုဖြစ်သွားစေသည်။

၎င်းဓား၏တိုက်ခိုက်မှုစွမ်းရည်က
ဓားသခင်တစ်ယောက်ကိုဌားရမ်းထားသလိုပင်
ဖြစ်နေသည်။

ဒမ်ဘီ၏အရိုးများသည်ဈေးထဲတွင်ရှိသော
သတ္တုဘီးများထက်ပင်မာကြောနေပြီဖြစ် တာကြောင့်,
သူကသံချပ်ကာပင်မလိုအပ်ပေ။ သို့သော်,
ရှေးခတ်ကလူတို့သုံးသော
ဓားဖြင့်တိုက်ခိုက်မှုနည်းလမ်းများကိုဒမ်ဘီကအသုံးပြုေ
ေခြင်းဖြစ်သည်၊ သူ့ခန္ဓာကိုယ်
အချိုးအစားသည်လူနှင့်ဆင်တူလှသည်၊
လူသားများအတွက်သင့်တော်သော

## စာစဉ် ၁၅

ဓားဖြင့်တိုက်ခိုက်မှုနည်းအချို့သည်ဒမ်ဘီအတွက်လည်း သင့်လျော်လှသည်။

ဂိုဒီသည်အရွယ်အစားရာနှင့်ချီ၍ချဲထွင်နိုင်လျှင်လည်းသူ့ အတွက်တော့ကိစ္စမရှိပေ၊ အဆုံးတွင်တော့, ဒမ်ဘီကဘဲ တိုက်ပွဲတွင်အောင်မြင်သွားဆဲဖြစ်သည်။

ဒမ်ဘီကတိုက်ပွဲကိုစတင်စဉ်မှစ၍ မှန်ကန်စွာဖြင့်လည်းအဆုံးသတ်နိုင်ခဲ့သည်၊ သို့သော်လည်းသူသည်ဂိုဒီကိုလေ့ကျင့်ရန်ကူညီပေးသော ကြောင့် တိုက်ပွဲက အချိန်ကြာကြာဖြစ်နေခဲ့တာဖြစ်သည်။

နောက်ဆုံးတွင်, သူတို့၏အဆင့်ကွာခြားချက်မှာအလွန်ကြီးမားသည်၊ ဂိုဒီသည် အဆင့်တက်လာသော်လည်းငင်းသည်လက်ရှိတွင်အဆင့် ၂၄၃သာရှိဆဲဖြစ်သည်၊

## စာစဉ် ၁၅

ထို့အပြင်ဒမ်ဘီ၏တိုက်ခိုက်မှုအများစုသည် ရုပ်ပိုင်းဆိုင်ရာတိုက်ခိုက်မှုများသာဖြစ် သည်၊ ဂိုဒီ၏ခံနိုင်ရည်စွမ်းအားသည်အသုံးမဝင်ပေ။

“မဆိုးဘူး” အဘိုးကချီးကျူးလိုက်သည်၊ “အခုတော့မင်းကိုယ်မင်းကာကွယ်ဖို့ လုံလောက်နေပြီပေါ့”

ကောင်းဖန်ကသူ့အဘိုး၏ချီးကျူးစကားကိုကြားရတော့ အရမ်းကိုပျော်ရွှင်နေသည်။

“ကမ္ဘာ့လူငယ်လေ့ကျင့်သူချန်ပီယံပွဲကတစ်ပတ်လိုသေးတယ်” အဘိုးကကောင်းဖန်ကို ပြောလိုက်သည်၊ “မင်းရဲ့လက်ရှိအဆင့်နဲ့အကဲဖြတ်သူနေရာကဆိုရင်နည်းနည်းတော့ မရေမရာဖြစ်နေသေးတယ်၊ အကယ်၍မင်းကအများပြည်သူကယုံကြည်လက်ခံစေဖို့နဲ့ ့ဓာတ်တဆိတ်ဝေဖန်တာတွေကိုမခံရဖို့ဆိုရင်,

မင်းပြိုင်ပွဲထဲကိုမဝင်ခင်
ကေရာဇ်အဆင့်သားရဲတစ်ကောင်ရှိဖို့တော့လိုတယ်”

ကောင်းဖန်ကတိတ်ဆိတ်သွားသည်၊
ဒီပြဿနာကသူ့ကိုတော်တော်ခေါင်းကိုက်စေ သည်၊
ဒမ်ဘီ၏လက်ရှိတိုးတက်နှုန်းဖြင့်သူသည်ပြိုင်ပွဲရောက်ချိန်တွင် အဆင့်၄ဂသို့ ရောက်ရှိနိုင်သင့်သည်၊
သို့သော်ကေရာဇ်အဆင့်သို့ရောက်ရန်အချိန်ပို၍လိုအပ်သည်၊

ကောင်းဖန်သည်ကေရာဇ်အဆင့်အထိသူ့ကိုယ်ပိုင်သားရဲရှိနိုင်ဖို့အတွက်သံသယမရှိ
သော်လည်းအချိန်ပိုရှိရန်တော့လိုအပ်သည်။

“နဂါးဖြူကဒီနေ့သူရဲ့ချိုးဖျက်မှုအတွက်ပြင်ဆင်နေတယ်” အဘိုးကရုတ်တရက် ပြောလိုက်သည်။

အခန်း ၁၅

“အိုး” ကောင်းဖန်ကအနည်းငယ်အံ့သြသွားသည်၊ ဒါပေမယ့်အချိန်အတော်ကြာစဉ်းစားပြီးနောက်ကောင်းဖန်ကအဆင့်၅ဂရောက်နေပြီးသားဖြစ်သောရေနဂါးဖြူကို သတိရသွားသည်၊ လအနည်းငယ်ကျော်ဖြတ်ပြီးနောက်, ၎င်းကဧကရာဇ်အဆင့်မှာဘဲ နေနေရင်ထူးဆန်းသွားမှာပေါ့၊ “ကောင်းပါပြီ၊ ဒီနေ့အဘိုးကိုကူညီပြီးစောင့်ရှောက် ပေးမယ်” ကောင်းဖန်ကအလေးအနက်ပြောလိုက်သည်။

ကျီဟန်နဲ့ဝူကဟက်ဟက်ပက်ပက်ရယ်လိုက်သည်၊ သူကကောင်းဖန်ကပုခုံးကိုသာ ပုတ်လိုက်ပြီးဘာမှမပြောပေ။

အကယ်၍ရေနဂါးဖြူသာဆင့်ကဲတိုးမြင့်သွားလျှင်, ၎င်းကဒဏ္ဍာရီလာအင်ပါယာအဆင့် (legendary emperor)သားရဲဖြစ်သွားမည်ဖြစ်သည်။

ဒါကလူသားများနှင့်ဆက်သွယ်ခဲ့သောအမြင့်ဆုံး သားရဲအဆင့်ဖြစ်သည်။

ဦးလေးလျို၏ကေရာဇ်အဆင့်သားရဲနှစ်ကောင်သည်လ ည်း ရေနဂါးဖြူကအဆင့် ချိုးဖျက်မည်ဖြစ်သောကြောင့်အပြေးအလွှားရောက်လာ ြသည်။

ညအချိန်ကနီးကပ်လာပြီဖြစ်ပြီး, ကောင်းကင်ကြီးကမှောင်သထက်မှောင်လာသည်၊ ကောင်းကင်ရှိတိမ်နက်များကတဖြည်းဖြည်းလကိုဖုံးကွ ယ်သွားပြီးငင်း၏မြင်သာမှု ရှိခြင်းကိုပိတ်ကွယ်လိုက်သည်၊ လခြမ်းကွေးကမိုးကုပ်စက်ဝိုင်းမှပေါ်လာပြီး, ၄င်း၏အလင်းကရေကန်တွင်တောက်ပနေသည်၊ ညကမယုံနိုင်လောက်အောင် တိတ်ဆိတ်နေသည်။

စာစဥ် ၁၅

သေးငယ်သောလှိုင်းဂယက်လေးကရေကန်၏မျက်နှာပြ
င်၌ပေါ်လာပြီး, သူတို့က အလယ်သို့စုလာကြသည်၊
အရှိန်ကမြန်သထက်မြန်လာသည်၊ အဆုံးမှာတော့,
၎င်းတို့ကရေကန်မျက်နှာပြင်ပေါ်တွင်ပြင်းထန်သောလှိုင်
းများဖြစ်ပေါ်လာတော့သည်၊

“ရွှမ်း!”

ရေတိုင်ကြီးကကောင်းကင်ပေါ်သို့အပြင်းအထန်ထိုးထွ
က်လာပြီး, ပေရာကျော်လောက်
မြင့်ပြီးနောက်,ကျလာပြီးရေပန်းကဲ့သို့အရပ်ရပ်သို့ပြန့်ကျဲ
ကုန်သည်။

သို့သော်,
ပြန်ကျလာသောရေစက်ကလေးများကကောင်းကင်သို့ပျံ
တက်သွားကြပြီး ရေကန်ထဲသို့ပြန်မကျကြပေ၊
ထိုအစား,၎င်းတို့ကလေထဲတွင်အငွေ့အဖြစ်သို့ပြောင်း
သွားသည်။

စာစဉ် ၁၅

ကောင်းဖန်ကဗီလာ၏ဒုတိယထပ်တွင်မတ်တပ်ရပ်နေခြင်းဖြစ်သည်၊ လေထုကပိုပြီး စိုစွတ်လာတာကိုခံစားရပြီး မြင်နိုင်စွမ်းတွေလျော့ကျလာတာကိုသူခံစားရသည်။

နာရီဝက်ကြာပြီးနောက်, နဂါးဖြူသည်အနီးရှိတောင်ပိုင်းကောင်းကင်အဖွဲ့တစ်ခုလုံးကို လွှမ်းမိုးသွားစေသည်၊ ကုမ္ပဏီရှိအလုပ်သမားများကအလုပ်လုပ်နေသည်ကိုရပ်တန့် လိုက်ကြသည်၊ သူတို့ကအတူတကွစုရုံးလိုက်ကြပြီး, ဘာတွေဖြစ်နေလဲဆိုတာဆွေးနွေး ကြတော့သည်။

အထက်လူကြီးအချို့ကတော့အဆောက်အဦး၏ပြတင်းပေါက်များဘေးတွင်ရပ်နေကာ ဗီလာဆီသို့လေးနက်သောအကြည့်များဖြင့်ကြည့်နေကြသည်။

## စာစဉ် ၁၅

အနံ့ခံအာရုံပို၍ခံစားဖူးသူများသည်လေထုထဲတွင် အပြောင်းအလဲတစ်ခုကိုအနံ့ခံနိုင် နေကြသည်။

…

ထိုအချိန်တွင်,ရေကန်ထဲမှကြီးမားသောအသွင်အပြင်ထွက်ပေါ်လာသည်၊ ၎င်းက ထူထပ်သောမြူခိုးများကိုပျံ့ကျဲသွားစေပြီး, တိမ်များကိုမြိုလိုက်ကာ, ၎င်းကလေထဲ တွင်လှုပ်ရှားနေချိန်၌မီးခိုးများကိုမှုတ်ထုတ်နေသည်။

သို့သော်,

ကောင်းဖန်ကရေနဂါးဖြူ၏ပင်ကိုအရည်အချင်းတွေကိုမြင်ရပြီးချိန်၌, သူကချက်ချင်းထိတ်လန့်သွားရသည်၊ သံသယဖြစ်မှုများကသူ့နှလုံးထဲတွင်ပြည့်နှက် လာသည်။

ဒီ….ဒီနဂါးဖြူကအဆင့်၅၁ကိုရောက်ပြီးသားကြီး။

ဆိုလိုတာကသူကအောင်အောင်မြင်မြင်နဲ့အစကတည်း
ကတိုးမြင့်သွားပြီးသားလား?
ဒါမှမဟုတ်အခုမှသူကချိုးဖျက်သွားတာလား?

***

စာစဉ် ၁၅

# *သားရဲလှေကျင့်သူ*

## *အပိုင်း ၂၃၃*

ရေနဂါးဖြူသည်မြူခိုးများထဲတွင်လှည့်ပတ်သွားလာနေ
ကာငင်း၏ခန္ဓာကိုယ်သည်
ကြည့်ရသည်မှာမှုန်ဝါးနေသည်၊
ငင်း၏အကြေးခွံများနှင့်လက်သည်းများသည်သာ
ရံဖန်ရံခါမြင်ရတတ်သည်၊

ယွိကျိုးမြို့၏စစ်တပ်ခရိုင်မှလူတစ်ဦးဖုန်းခေါ်ဆိုမှုကိုလ
က်ခံရရှိခဲ့သည်၊ သူကနှေးနှေးကွေးကွေးမလုပ်ရဲပေ၊
"အရေးပေါ်သတင်းပြန်ကြားချက်ပါ၊ ကျီဟန့်ဝူရဲ့
ရေနဂါးဖြူကမြင့်တဲ့အဆင့်ကိုချိုးဖျက်သွားပါပြီ"

"ရေနဂါးဖြူကချိုးဖျက်ပြီးသွားပြီလား?
သူကအမြင့်ဆုံးမှကေရာဇ်အဆင့်ပတ်လည်မှာ

ဘဲရှိမှာဘဲ၊ အကယ်၍သူကချိုးဖျက်သွားပြီဆိုရင်တော့ သူကဟိုအင်ပါယာအဆင့်….”

ထိုနေရာတွင်အနည်းငယ်တိတ်ဆိတ်သွားတော့သည်၊ တချို့လူတွေကတော့လေးနက်စွာချင့်ချိန်စဉ်းစားနေသည်၊တခြားသူများကတော့စတင်၍ဂုင်း၏တိုးတက်မှုအကြောင်းနှင့်အကျိုးဆက်များအားပတ်သတ်ပြီးစတင်၍တွေးတောလာကြတော့သည်။

တောင်ပိုင်းကောင်းကင်အဖွဲ့နှင့်ယွိကျိုးအစိုးရကြားဆက်ဆံရေးမှာကောင်းမွန်သည်ဟု ထင်ရသော်လည်း သူတို့ကစစ်တပ်နှင့်တောင်ပူးပေါင်းသေးသည်၊ တစ်နေ့တာ၏အဆုံး တွင်, ကျီဟာန့်ဝူသည်စစ်တပ်နှင့်အစိုးရ၏ပံ့ပိုးရိပ်ဟူ၍လည်းမဟုတ်ပေ။

စာစဉ် ၁၅

ကျီဟာန့်ဝူသည်တောင်ပိုင်းကောင်းကင်အဖွဲ့၏ဥက္ကဋ္ဌဖြစ်သည်။

ကျီဟာန့်ဝူ၏တောင်ပိုင်းကောင်းကင်အဖွဲ့သည် ဩဇာကြီးမားပြီးဂုဏ်သိက္ခာအမှိုအခို ကင်းမဲ့စွာနေထိုင်နိုင်ခြင်း၏အကြောင်းလည်းဖြစ်သည်။ ရေနဂါးဖြူသည်မြို့ကို အကာအကွယ်ပေးနေခြင်းမှာ ထိုနေရာတွင်ကောင်းမွန်သည့်အခြေအနေကို ထိန်းသိမ်းထားနိုင်သောကြောင့်ဖြစ်သည်။

ကောလဟာလများအရတွင်, မြို့လူဦးရေတစ်ဝက်လောက်၏ပထမဆုံးနာမည် အစများသည် ‘ကျီ’ ဟူ၍ဖြစ်ကြသည်။

ကျီဟာန့်ဝူ၏ဩဇာလွှမ်းမိုးခြင်းနှင့်တောင်ပိုင်းကောင်းကင်အဖွဲ့သည် ယွိကျိုးမြို့အား ကျော်လွန်၍သိသာထင်ရှားလှသည်။

အကြီးတန်းအရာရှိထဲမှတစ်ယောက်ကမျက်မှောင်ကြုတ်လိုက်သည်၊ သူက
ခဏလောက်စဉ်းစားနေပြီးပြောလိုက်သည်,
“ကျီဟာန့်ဝူကယ္ဖိကျိုးကဘဲလေ,
ပြီးတော့သူကငါတို့ထဲကတစ်ယောက်”

“ကျီဟာန့်ဝူကတကယ်တော့အကုန်မှန်တယ်၊
အနည်းဆုံးတော့သူကဘေးပတ်လည်မှာ
သူရဲ့ကြီးလေးတဲ့တာဝန်ကိုလွှင့်မပစ်ဘူးလေ၊
နောက်ပြီး,သူကအတော်လေးစစ်တပ်ကို လေးစားတယ်”
ငယ်ရွယ်တဲ့အကြီးတန်းအရာရှိကပြောလိုက်သည်၊

သူ့အပြင်နောက်ထပ်အသက်နည်းနည်းကြီးတဲ့အကြီးတန်းအရာရှိတစ်ဦးကရယ်မော လိုက်သည်၊ “ဒါကတော့,
မင်းကကျီဟာန့်ဝူကဘယ်လိုလူမျိုးလဲဆိုတာမသိသေးလို့ပါ၊ အဲ့တာက
သူစစ်တပ်ကိုမလေးစားဘူးလို့တော့မဟုတ်ပေမယ့်

စာစဉ် ၁၅

ဘာကြောင့်လဲဆိုတာ

ကတော့သူကညာဏ်ကောင်းတယ်လေ၊

အကယ်၍သူအတိတ်ကဘာတွေလုပ်ခဲ့တယ်

ဆိုတာမင်းသိရင်,

သူကသဘောကောင်းတဲ့လူမဟုတ်ဘူးဆိုတာမင်းသိလိမ့်

မယ်”

ဆွေးနွေးမှုက အချိန်ပိုကြာသွားသော်လည်း

အများဆန္ဒသဘောတူညီမှု မရရှိကြသေးပေ၊

အဆုံးမှာတော့,

အကုန်လုံးကသူတို့၏အာရုံစိုက်မှုကိုလူသုံးယောက်

ဆီသို့ပို့လိုက်ကြသည်၊

သူတို့သုံးယောက်လုံးကယ္ဒိကျိုးစစ်တပ်၏တကယ့်အာ

ဏာစက် များဖြစ်ကြသည်။

ဆုံးဖြတ်ချက်များချရာတွင်ရင်းတို့သည်

နောက်ဆုံးပြောပိုင်ခွင့်ရှိကြ သူများလည်းဖြစ်သည်။

စာစဉ် ၁၅

သူတို့သုံးယောက်လုံးကအတန်းလိုက်ထိုင်နေကြသည်၊ ဘယ်ဖက်တွင်ဆံပင်ဖြူ၍ သူ၏အပေါ်နှုတ်ခမ်းတွင်နှုတ်ခမ်းမွေးရှိသောအသက်ကြီးကြီးလူကြီးဖြစ်သည်၊ သူ၏မျက်လုံးများကအတူတကွပိတ်သွားတော့သည်၊ အကုန်လုံးကသူ့ကို ကြည့်နေပေမယ့်သူ့ကြည့်ရတာတော့တည်ငြိမ်နေသည်။ ထိုလူကြီးကဖြည်းညှင်းစွာ ဖြင့်ပြောလိုက်သည်, “ကျီဟန့်ဝူနဲ့ဆက်ဆံဖွယ်ရွေးချယ်ရင်ကျွမ်းကျင်ပိုင်နိုင်သူတွေနဲ့ အားသာချက်တွေတော့ ရှိပါသေးတယ်၊ ငါတို့မှာအခုသူ့ကိုဖိနှိပ်ဖို့အတွက်စွမ်းရည်တွေ ရှိပါသေးတယ်၊ ပြီးတော့ကေရာဇ်အဆင့်သားရဲတွေကသန်မာတယ်, သူတို့ကြောင့်အဲ့ကောင်ကျရှုံးဖို့အတွက်ဖြစ်နိုင်နေသေးတယ်၊ ဒါပေမယ့်,သူကအဲ့ဒီ

အင်ပါယာအဆင့်သာရောက်သွားရင်တော့,
အခြေအနေတွေကစီစဉ်ဖို့အတွက် ခက်ခဲသွားလိမ့်မယ်။

“ငါကကျီဟာန့်ဝူနဲ့ရင်းနှီးတယ်၊
ငါတို့အရင်ကလမ်းများစွာကိုအကြိမ်ပေါင်းများစွာ
ဖြတ်ကျော်ဖူးခဲ့တယ်၊
သူ့ကိုတကယ်လှုပ်ရှားမှုလုပ်မယ်ဆိုရင်တော့, ငါတို့က
လျှပ်တပြတ်တိုက်ခိုက်မှုစစ်နည်းဗျူဟာကိုအသုံးပြုပြီး
တိုက်ခိုက်မှုကိုအဆုံးသတ် ရမယ်၊
မဟုတ်ရင်,ငါတို့ကသူရဲ့ဒေါသနဲ့ရင်ဆိုင်ရလိမ့်မယ်”

အခန်းထဲရှိလူများကပဟေဠိဖြစ်သွားကြတော့သည်၊
လူအိုကြီးကစကားအများကြီး
ပြောလိုက်သည်,ဒါပေမယ့်သူတို့အားလုံးကလှုပ်ရှားမှုလု
ပ်ချင်လားမလုပ်ချင်ဘူးလား
ဆိုတာသေချာမရှင်းလင်းဘူးဖြစ်နေသည်။

စာစဉ် ၁၅

"အခုက တိုက်ခိုက်ဖို့အတွက်အကောင်းဆုံးအချိန်ဘဲ၊ အကယ်၍ငါတို့ကဒီအခွင့်အရေး ကိုလွတ်သွားမယ်ဆိုရင်, ငါတို့ဘယ်အချိန်ထိဆက်စောင့်နေရဦးမယ်ဆိုတာဘယ်သူမှ သိမှာမဟုတ်ဘူး"

"မင်းတို့အားလုံးဘာတွေစဉ်းစားနေကြတာလဲ? အပြင်မှာရှိနေတဲ့သားရဲတွေနဲ့ အပေးအယူလုပ်ဖို့တောင်မပြီးသေးဘူး၊ အခုချက်ချင်းတိုက်ချင်နေကြတာလား?" အခန်း၏ညာဘက်အစွန်းတွင်ရှိသောအမျိုးသားတစ်ဦးကပြောလိုက်သည်၊ သူ့မျက်လုံးများကလင်းယုန်တစ်ကောင်၏အသွင်အပြင်မ ျိုးရှိပြီး သူ၏အသားအရေမှာ နီညိုရောင်ရှိသည်၊ သူစကားပြောလို့ပြီးသွားသည်နှင့်, ထရပ်၍ဒေါသထွက်စွာဖြင့် ထွက်သွားတော့သည်။

စာစဉ် ၁၅

အခန်းကတိတ်ဆိတ်သွားသည်၊

တစ်စုံတစ်ယောက်ကညင်သာစွာပြောလိုက်သည်,

“လုံရှင်းတော့ထွက်သွားပြီ”

“တကယ်...ဒီငတိမှာအမြဲတမ်းစိတ်သဘောထားပြဿန
ာရှိနေတယ်၊ ဘာကြောင့်
ဆိုတာကလည်းသူ့မှာသန်မာတဲ့သားရဲရှိနေလို့ဘဲ...”

အသက်အလယ်အလတ်ရှိပြီးအလယ်တွင်ထိုင်နေသောဗို
လ်ချုပ်က ပြောလိုက်သည်, “တော်လောက်ပြီ၊
ဆုံးဖြတ်ချက်ကချပြီးသွားပြီ၊
အားလုံးဘဲအမိန့်ကိုနာခံပြီး, ဘယ်သူမှ
ဝင်စွက်ဖက်လို့မရဘူး၊ အဲ့လိုလုပ်တဲ့သူတိုင်း
ခုံရုံးမှာစစ်ဆေးခံရမယ်” သူကစကားပြော
ပြီးသည်နှင့်ထရပ်ကာအခန်းထဲမှထွက်သွားတော့သည်။

အသက်အလယ်အလတ်အရွယ်ရှိသည့်ဗိုလ်ချုပ်သည်သူ
၏မျက်နှာတွင်ပင်ပန်းနေသော

အမူအရာဖြင့်အခန်းထဲမှထွက်လာခဲ့သည်၊ သူ့နောက်မှတစ်စုံတစ်ယောက်ကပြေးလိုက်လာပြီးခေါ်လိုက်သည် “ဆရာ!”

“ဘာကိစ္စလဲ?”

လူလတ်ပိုင်းဗိုလ်ချုပ်၏အသံမှာပြေပြစ်မနေတော့ပေ၊

“ဆရာ,ကျွန်တော့်မှာထင်မြင်ချက်တစ်ခုရှိပါတယ်၊ ကျွန်တော်တို့ကလှုပ်ရှားမှုလုပ်ဆောင်ဖို့ အနေအထားမှာမရှိတာကိုကျွန်တော်ထောက်ခံပါတယ်, ဒါပေမယ့်ကျွန်တော်တို့အတွက် လှုပ်ရှားမှုလုပ်ဆောင်ဖို့တစ်စုံတစ်ယောက်ကိုတော့ရှာနိုင်သေးတယ်မလား? ကျွန်တော်တို့ကကျီဟာန့်ဝူရဲ့သားရဲသတင်းအချက်အလက်တွေကိုလျှို့ဝှက်ပေါက်ကြား စေနိုင်တယ်လေ၊ ကျီဟာန့်ဝူရဲ့သားရဲကိုအဆင့်ချိုးဖျက်ဖို့မလိုလားတဲ့သူ

တွေ့ရှိမှာ သေချာတယ်၊”

သူကပြုံး၍ဂရုတစိုက်ပြောလိုက်သည်၊

ဝမ်ဟုန်းမင်ကထိုလူကိုဗလာမျက်လုံးများဖြင့်ကြည့်လိုက်ပြီးနောက်,သူ့ပုခုံးကိုပုတ်၍ မေးလိုက်သည်,

“မင်းနာမည်ဘယ်လိုခေါ်လဲ?”

“ဆရာ,ကျွန်တော့်နာမည်လီလျန့်ပါ”ထိုလူကလျင်မြန်စွာဖြင့်အလေးပြုလိုက်သည်။

ဝမ်ဟုန်းမင်ကရယ်လိုက်ပြီးလီလျန့်အားဘာမှမပြောဘဲေနက်သောအကြည့်ဖြင့် ကြည့်လိုက်သည်၊

“တော်လောက်ပြီ၊ ပြန်သွားလိုက်တော့၊ သတင်းအချက်အလက်ကို ပေါက်ကြားဖို့အတွက်စဉ်းစားနေတာကိုရပ်လိုက်၊ ယွီကျိုးမှာကျီဟာန့်ဝူကိုထိရဲတဲ့သူ ဘယ်သူမှမရှိဘူး…”

စာစဉ် ၁၅

....

ကောင်းဖန်ကမြူခိုးတွေကြောင့်အပြင်မှာဘာတွေဖြစ်နေလဲဆိုတာမမြင်ရပေ၊
သူကနဂါးဖြူ၏ညည်းနေသံများကိုသာကြားနေရသည်၊
၎င်း၏အသံကအတော်လေး
ကြောက်စရာကောင်းပြီး,သူနဂါးကိုမြင်လိုက်သည်နှင့်,၎င်းကနာကျင်နေပုံရသည်။

တောင်ပိုင်းကောင်းကင်အဖွဲ့ဌာနချုပ်၏နောက်ကျောဘက်သည်တောင်တန်းတစ်ခုနှင့်ကပ်လျက်ရှိသည်၊
ဗီလာသည်ဆင်ခြေဖုံးရပ်ကွက်တွင်တည်ရှိသည်၊
ယွိကျိုးမြို့သည်
တောင်များပေါ်တွင်လုံးလုံးလျားလျားတည်ဆောက်ထားသောကြောင့် မြို့တစ်ခုလုံးကို
အဆုံးမဲ့တောင်များဖြင့်ဝန်းရံထားသည်။

အရောင်အစင်းပါသောကြီးမားသည့်ကျားတစ်ကောင်၏အနက်ရောင်ပုံရိပ်သည်ကောင်းကင်မှပေါ်လာတော့သည်၊ ၎င်းကသုံးပေမြင့်ပြီးငါးပေရှည်လျားသည်၊ ၎င်းကတောင်ပူစာလေးတွင်ရပ်နေပြီးအောက်ဘက်ရှိနဂါးဖြူကိုငုံ့ကြည့်နေသည်။

ငါးပေသည်အသံအားဖြင့်တော့သိပ်ပြီးမရှည်ပေမယ့်, အနီးကပ်ကြည့်မည်ဆိုလျှင်တော့ကားတစ်ချို့ထက်ပင်ပိုရှည်နေသည်။

အစင်းပါသောကြီးမားသည့်ကျားကြီးသည်ဆင့်ကဲပြောင်းလဲနေသောနဂါးဖြူကို ငုံ့ကြည့်နေရင်း၎င်း၏မျက်လုံးများတွင်လောဘကြီးမှုတို့ဖြင့်ပြည့်နေသည်၊ သို့သော်, ၎င်းကအနည်းငယ်ချီတုံချတုံဖြစ်နေသည်၊ ၎င်းတွင်သဘာဝအရဉာဏ်နီဉာဏ်နက်များ

စာစဉ် ၁၅

သောစိတ်နေစိတ်ထားရှိတာကြောင့်,

သူမြင်နေရတာကိုလည်းအရမ်းမသက်ာဖြစ်နေ သည်။

အစင်းပါသောကျားကြီးသည်တောရိုင်းထဲတွင်နေသောဧ

ကရာဇ်အဆင့်သားရဲဖြစ်သည်၊

သို့သော်အချို့သောလူများနှင့်သူ၏အပြန်အလှန်အကျိုးပြ

ြုမှုများရှိသောကြောင့်

နဂါးဖြူကအဆင့်ချိုးဖျက်နေသည်ဟူသောသတင်းကိုကြ

ားလိုက်ရသည်၊

သူထိုသတင်းကိုကြားသည်နှင့်,စိတ်အားထက်သန်စွာဖြင့်

အပြေးအလွှားလာခဲ့ခြင်း ဖြစ်သည်။

နဂါးသွေးပါသောသတ္တဝါများသည်သူ့အတွက်အလွန်ကေ

ာင်းမွန်သောအာဟာရ ဖြည့်စွက်စာဖြစ်သည်၊

ဒါပေမယ့်,ဒါကထောင်ချောက်တစ်ခုဟုတ်မဟုတ်ကို

သံသယဖြစ်နေသည်။

## စာစဉ် ၁၅

အစင်းပါသောကျားကြီးသည်လူသားများကလိမ်ညာနေ
သည်ဆိုလားဆိုတာတွေးနေ သည်၊
တိရိစ္ဆာန်ရုံထဲတွင်ဖမ်းစီးခံရပြီးသုံးနှစ်လောက်ပိတ်ထားခံ
ရပြီးနောက်,
လူသားတွေကယုံကြည်လို့မရဘူးဆိုတာကိုနားလည်လာ
သည်!။

မြူတွေထဲတွင်တော့,
နဂါးဖြူသည်အစင်းပါသောကျားရှိနေသည်ဆိုတာကိုသ
တိထား မိသွားသည်၊
၎င်းကတိတ်တဆိတ်တံထွေးမျိုချလိုက်သည်၊
၎င်းကရုတ်တရက်
ပို၍တောင်အားစိုက်ထုတ်လိုက်သည်။

၎င်းကမြူထဲတွင်ပို၍လူးလွန့်သည်, လှည့်သည်,
ပြီးနောက်တွင်သည်းနေသည်။

ဂေါင်း...

စာစဉ် ၁၅

ဂါး....

ဂါး....

ကောင်းဖန်ကတစ်ခုခုဖြစ်ပျက်နေသလိုခံစားနေရသည်, ဒီအသံ၊ ဘာကြောင့်
အသံကဒီလို...အသံကအက်ကွဲနေသလိုမျိုး?!

မဖြစ်နိုင်ဘူး! ငါမှားတာဘဲဖြစ်မယ်!

ဒါကကောင်းဖန်စိတ်ကိုရှုပ်ထွေးစေသည်။ သူ၏စိတ်ထဲတွင်, နဂါးဖြူသည်ဂုဏ်ရှိပြီး စွမ်းအားကြီးသောနဂါးတစ်ကောင်ဖြစ်သည်၊ ထိုအယူအဆကိုသူကြားနေရတာက စိန်ခေါ်ခြင်းခံနေရသလိုပင်ဖြစ်နေသည်။

တောင်ထိပ်ရှိအစင်းကျားသည်သက်ဝင်လှုပ်ရှားလာပြီး သူ၏နားဖြင့်ဂရုတစိုက် နားထောင်လိုက်သည်၊ ၎င်း၏မျက်စံများကအောက်တွင်ရှိနေသောနဂါးဖြူကို

စာစဉ် ၁၅

စိုက်ကြည့်ရင်းသူ၏ခန္ဓာကိုယ်သည်ရုတ်တရက်ခုံးကွေးလ ာကာ, ခုန်အုပ်ရန်အတွက် လှုပ်ရှားမှုပြင်ဆင်နေကြောင်းကိုပြနေသည်။

အောက်ဘက်ရှိနဂါးဖြူက ယင်းကိုသတိမထားမိပေ၊ ၎င်းကဆက်၍မြူခိုးများ၏ ပတ်လည်တွင်လူးလိမ့်နေပြီး,ညည်းညူသောအသံကိုပြု လုပ်နေကာ တစ်ခါတစ်ရံတွင် တောင်နံရံများဖြင့်တိုက်မိ၍ထိခိုက်ကျိုးပဲ့သွားသောအသံ များပြုလုပ်နေသည်။

အစင်းကျားကြီးသည်ရုတ်တရက်၎င်း၏ခုန်အုပ်မှုကိုယ်ေ ကိုယ်ထားပုံကိုရပ်လိုက်ပြီး, ၎င်း၏အနေအထားကိုအောက်တွင်ကြည့်နေသောတော င်ဘက်သို့ပြန်လှည့်လိုက်သည်၊ ၎င်း၏မျက်လုံးများကကောက်ကျစ်မှုတို့ဖြင့်ပြည့်နေသ ည်၊

စာစဉ် ၁၅

ငင်း၏လျှာကိုထုတ်လိုက်ပြီးနှုတ်ခမ်းကိုသပ်လိုက်သည်၊ အစင်းကျားကြီးသည်
အောက်ခြေသို့ဆက်ကြည့်နေသည်၊

အမ်? ဘာလို့အသံကပျောက်သွားတာလဲ?

အစင်းကျားကမသေချာသလိုခံစားလိုက်ရသည်၊ ငင်းကသွားပြီးဘာတွေဖြစ်နေလဲ ဆိုတာကြည့်ချင်သည်၊

သူအောက်ကိုငုံ့ကြည့်တော့,
ရေတိုင်ကီအရွယ်အစားလောက်ရှိသည့်လိမ္မော်ရောင်
မျက်လုံးတစ်စုံကသူ့ကိုစိုက်ကြည့်နေသည်။

နဂါးဖြူသည်တောင်၏တစ်ဖက်တွင်တင်းကြပ်စွာတွယ်
တက်ထားပြီး ကျားကို တိတ်ဆိတ်စွာဖြင့်ကြည့်နေသည်။

ဒါကကိုရို့ကားရားဖြစ်နေသည့်အခြေအနေဖြစ်သည်။

အစင်းကျားသည်မေးခွန်းများဖြင့်ပြည့်နေပြီး,
မင်းကအခုလေးတင်ဆင့်ကဲ့မြှင့်တင်မှု

လုပ်ငန်းစဉ်ထဲမှာမဟုတ်ဘူးလား?
ဒီလောက်မြန်မြန်ကြီးဘယ်လိုလုပ်တိုးမြှင့်တာ
ပြီးသွားတာလဲ?

နဂါးဖြူကအပြုံးတုကြီးပြုံးပြလိုက်သည်၊
"ဒီလိုကြီးအော်ဟစ်နေရတာဘယ်လောက်
ပင်ပန်းလဲဆိုတာမင်းသိလား?"

"အား!"
ကျားဧ၏အော်ဟစ်နေသောအသံကလေထဲတွင်ပျံ့နှံ့သွားေ
ေ့သည်။

နဂါးဖြူ၏ခြေသည်းသုံးချောင်းသည်အစင်းကျား၏ဦးခေါ
င်းခွံအတွင်းထဲတွင် နက်ရှိုင်းစွာနစ်ဝင်နေသည်၊

လေထဲတွင်,
နဂါးဖြူတစ်ကောင်သည်အစင်းကျားကိုရင်း၏ခြေသည်း
များဖြင့်

စာစဉ် ၁၅

ဆုပ်ကိုင်ထားပြီးနောက်၎င်းကိုအားစိုက်၍နှစ်ခြမ်းဆုတ်ဖြ
ဲလိုက်သည်။

သွေးစများကရေနဂါးဖြူ၏လက်သည်းများတွင်စွန်းထင်
သွားပြီး, ၎င်းတို့ကို
အနီရောင်နှင့်အဖြူရောင်သို့ပြောင်းသွားစေသည်။

ဒါကအတော်လေးကို မျက်စိဖမ်းစားသွားသည်!

***

စာစဉ် ၁၅

စာစဉ် ၁၅

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၃၄*

ကေရာဇ်အဆင့်အစင်းကျားသွေးသည်တောင်ထိပ်တစ်ခု
လုံးကိုသွေးများဖြန်းထွက်ကုန် သည်၊
ကျိုဟန့်ဝူကိုဆန့်ကျင်ဖို့ရည်ရွယ်ချက်ရှိသူတွေ
ဒါမှမဟုတ် သူနဲ့အတူဖိနှိပ်ပြီး
ဖြေရှင်းရန်ကြံထားသူတွေကထိတ်လန့်သွားတော့သည်။

တချို့ဉာဏ်ကောင်းသောသူတို့သည်
သူ၏ရန်သူများကိုထောင်ချောက်ဆင်ရန်သူ၏
နဂါးဖြူကိုအသုံးပြုနိုင်သည်ဟုခန့်မှန်းကြသည်။

သူတို့ထင်ထားတာကမှန်တယ်ဆိုလည်းအဲ့တာကအရေး
မကြီးပေ, လျို့ဝှက်ထားသော

## စာစဉ် ၁၅

ကြံစည်ထားမှုများကိုရပ်တန့်ထားဖို့ဆုံးဖြတ်ပြီးသားဖြစ်သည်၊

ဗီလာထဲတွင်ကျီဟန့်ဝူကဖုန်းကိုချလိုက်သည်။

တောင်ပိုင်းကောင်းကင်အဖွဲ့တွင်များပြားသောသူလျှိုများတွေ့ရှိရသည်၊ ကုမ္ပဏီသည် တစ်ခါကငင်းတို့ကိုတစ်ကြိမ်ရှင်းပစ်ဖူးပေမယ့်, တစ်ချို့ကတော့ကျန်ရှိနေသေးသည်၊ ကျီဟန့်ဝူကဒီအခွင့်အရေးကိုသုံးပြီးနောက်တစ်ကြိမ်ရှင်းပစ်တာဖြစ်သည်။

သေချာတာထက်လုံလောက်ပြီဖြစ်ပြီး, ကျီဟန့်ဝူကအားနည်းချက်ကိုပြလိုက်တိုင်း ပုန်းနေတဲ့သူတွေအားလုံးကသူ့အလိုလိုဖော်ထုတ်လာကြသည်။

စာစဉ် ၁၅

နည်းပညာဌာန,
တောင်ပိုင်းကောင်းကင်အဖွဲ့ဌာနချုပ်၌ဖြစ်သည်။

နည်းပညာဌာဟုခေါ်သော်လည်းအချိန်တော်ကြာအောင်ြ
ြိမ်သက်နေခဲ့သည်၊
တောင်ပိုင်းကောင်းကင်အဖွဲ့၏ကြီးမားသောသုတေသန
ခတ်ခွဲခန်းအားလုံးကို
ကျီဟာန့်ဝူမှတိုက်ရိုက်ထားသောကြောင့်၎င်းတွင်ကန့်သ
တ်ချက်များစွာရှိသည်။
နည်းပညာဌာနသည်၎င်း၏ကိုယ်ပိုင်စမ်းသပ်မှုခတ်ခွဲခန်
းများကိုသာထိန်းချုပ်ရသည်၊

ထိုသို့ဆိုရင်တောင်ကုမ္ပဏီ၏ထိပ်တန်းအရာရှိများ၏ထိန်
းချုပ်မှုအောက်တွင် ရှိနေသေးသည်။

ပင်မတံခါးမကြီးများပွင့်သွားကာလူတစ်စုဝင်လာကြသ
ည်၊ ရှေ့တွင်အရပ်ခြောက်ပေ
သုံးလက်မရှိသောအမျိုးသားတစ်ဦးရှိသည်၊

စာစဉ် ၁၅

သူ့မျက်နှာအမူအရာကမှင်သေသေဖြစ်ပြီး သူ့ခန္ဓာကိုယ်ကန္တားတစ်ကောင်ကိုသန်မာလှသည်။ သူကအနက်ရောင်လုံခြုံရေးဝတ်စုံကိုဝတ်ဆင်ထားသည်။

ပင်မတံခါးအနီးနားတွင်ရပ်နေသောဝန်ထမ်းကစာရွက်စာတမ်းများကိုဖြည့်နေသည်၊ လူတစ်စုဝင်လာတာကိုမြင်တော့လက်ထဲကစာရွက်စာတမ်းများကထိတ်လန့်တကြားဖြင့်လွတ်ကျကုန်တော့သည်၊

လုံခြုံရေးဌာနအကြီးအကဲ ရှီဟန်ထိုက်ဖြစ်သည်!

ရှီဟန်ထိုက်ကချက်ချင်းပင်ဌာနမှူးရုံးခန်းသို့တိုက်ရိုက်လျှောက်သွားလိုက်သည်၊ သူကရုံးခန်းအတွင်းကိုတော့လျှောက်မသွားပေ, ဒါပေမယ့်သူ့သားရဲကိုအရင်ဝင်ခွင့်ပြု လိုက်သည်၊

စာစဥ် ၁၅

သူ၏အကျွမ်းတဝင်သားရဲမှာ
ကိုးပေရှိသောသားပိုက်ကောင်တစ်ကောင်ဖြစ်ပြီး
သတ္တုမျှော်စင်တစ်ခုကဲ့သို့သန်မာလှသည်။

၎င်း၏ခန္ဓာကိုယ်ရှိကြွက်သားများသည်ကောင်းစွာဖွံ့ဖြိုး
နေပြီး အလွန်သန်မာသော
ကျောက်တုံးများလိုဖြစ်နေသည်။
နှာခေါင်းနှစ်ဖက်လုံးတွင်အမည်းစက်များရှိသည်၊
၎င်း၏နားရွက်များသည်ယုန်ကဲ့သို့ရှည်ကြသည်၊
နားရွက်တွင်ရှိသောကြွက်သားများ
ကလည်းတောင့်တင်းနေကြသည်၊

အနောက်ဖက်တွင်ထူထဲသောအမြီးသည်၎င်း၏ခါးတွင်ရ
စ်ပတ်နေကာ၎င်း၏
အမွေးမျက်နှာပြင်သည်ရွှေဝါရောင်ဖြစ်ပြီး
ခြေဖဝါးများသည်လည်းထူကာသွယ်လျ သည်။

## စာစဉ် ၁၅

သားပိုက်ကောင်တွင်၎င်း၏မျက်လုံးထောင့်စွန်း၌အမာရွတ်တစ်ခုရှိသည်။

၎င်း၏အများဆုံးထင်ရှားသည့်အရာမှာ ၎င်း၏လက်သီးပင်ဖြစ်သည်။ သာမန်သားပိုက်ကောင်များသည်ကြွက်သားများသန်မာပေမယ့်လည်း သူတို့၏ အပေါ်ဘက်ခြေထောက်များကအတော်လေးသေးသွယ်သည်။ ဒီသားပိုက်ကောင်၏ ကြွက်သားများကအလွန်ကြီးမားလှသည်၊ ၎င်း၏ကြီးကျယ်ခမ်းနားလှသော ကြွက်သားများသည်လှုပ်ရှားနေသောအခါတွင်လည်း ကခုန်နေကြပုံပေါက်သည်။

ဌာနမှူး၏တံခါးကိုသူ့ခြေထောက်တစ်ဖက်ဖြင့်တံခါးခေါက်ရမည့်အစားတစ်ချက်တည်းကန်လိုက်သည်!။

## စာစဉ် ၁၅

အနက်ရောင်အရိပ်တစ်ခုကရုံးခန်းထဲတွင်ပေါ်လာသည်၊ သားပိုက်ကောင်၏နားများက လှုပ်ယမ်းလာပြီးငင်း၏မျက်လုံးများကရုတ်တရက်တောက်ပလာပြီး, သူ့ခေါင်းကို လျင်မြန်စွာငုံ့လိုက်သည်၊ အနက်ရောင်အမြီးကအခန်းအတွင်းမှအတင်းအကန်ထွက်ပြေးရန်ကြိုးစားသော်လည်း ကံမကောင်းစွာဖြင့်အောက်ကိုငုံ့ကြည့်နေသောသားပိုက်ကောင်ကို မြင်လိုက်ရသည်။

သားပိုက်ကောင်ကငင်း၏ညာလက်ကိုမြှောက်လိုက်ပြီး ထိုအမြီးကိုကျွမ်းကျင်စွာဖြင့် ဖမ်းလိုက်သည်၊ ငင်းကကြမ်းတမ်းစွာဖြင့်ဆွဲလိုက်ပြီးလွှတ်ပစ်လိုက်သည်!။

ဘန်း!!!!

အသံ၏သက်ရောက်မှုကတစ်ထပ်လုံးတွင်ရိုက်ခတ်သံကို ြားလိုက်ရသည်။

သားပိုက်ကောင်သည်ရှေ့သို့ပြေးသွားကာဘယ်လက်ဖြင့်
လက်သီးထိုးချလိုက်သည်၊
ကင်းမြီးကောက်အမျိုးအစားသားရဲတစ်ကောင်သည်လျ
င်မြန်သောလက်သီးချက်ဖြင့်
ဦးခေါင်းကိုထိမှန်သွားပြီးတစ်ချက်တည်းဖြင့်သေဆုံးသွာ
းသည်၊

ရှီဟန်ထိုက်ကရုံးခန်းထဲသို့လျှောက်ဝင်သွားတော့
ဘာမှမရှိတာကိုတွေ့လိုက်ရသည်၊
ကျန်ရှိနေသည်ကခုလေးတင်သတ်ခံလိုက်ရသည့်သားရဲ
တစ်ကောင်သာဖြစ်သည်။
ရုံးခန်းပိုင်သောလူကျောက်ကွမ်ယီသည်ထွက်ပြေးသွား
တာကြာပြီဖြစ်သည်။

ရုံးခန်းကအနည်းငယ်ရှုပ်ထွေးနေသည်၊
ထိုလူကအလျင်လိုနေပြီးထွက်သွားတာကို
တွေ့လိုက်ရသည်၊

စာစဉ် ၁၅

ကြမ်းပြင်ပေါ်တွင်စာရွက်စာတမ်းအချို့ပင်ပြန့်ကျဲနေသ
ည်၊ အံဆွဲတွေလည်းဖွင့်ထားခဲ့သည်၊
ရှီဟန်ထိုက်ကအံ့ဩမနေတော့ပေ၊
သူကကင်းမြီးကောက်၏ခန္ဓာကိုယ်ကိုကြည့်ရင်းပြုံးလို
က်သည်၊

“သားသတ်ရုံဆီကိုအဲ့ဒီအလောင်းခန္ဓာကိုယ်ယူခဲ့,
သူ့ဘာသူဆွေးမြေ့သွားပါစေ၊
ကျောက်ကွမ်ယီထွက်သွားတာမကြာလောက်သေးဘူး”

“ရွှေထည်လေး,
ငါတို့ရဲ့ချစ်ဖို့ကောင်းလှတဲ့ဌာနမှူးကိုသွားပြီးရှာကြစို့”
ရှီရှုဟန်ထိုက်က သားပိုက်ကောင်ကိုပြောလိုက်သည်၊

သားပိုက်ကောင်ကအလျင်အမြန်ဘဲခေါင်းညိတ်လိုက်သ
ည်၊ ၎င်း၏မျက်နှာသေးသေး
ပေါ်တွင်အလေးအနက်ထားသောအမူအရာရှိနေသည်။

## စာစဉ် ၁၅

၎င်းကသူ၏မျက်လုံးများကိုမှိတ်ထားလိုက်ပြီး၎င်း၏အနက်ရောင်နှာခေါင်းကို လှုပ်ယမ်းကာအခန်းအတွင်းရှိ ခါတတ်ငွေ့မျိုးစုံကိုခွဲခြမ်းစိတ်ဖြာနေသည်။

သားပိုက်ကောင်သည်ခေါင်းကိုမော့လိုက်သည်၊ ၎င်း၏ကြီးမားသော အနက်ရောင်မျက်လုံးကြီးများကိုမှိတ်လိုက်ပြီး ၎င်း၏ရင်ဘတ်ကိုသူ၏လက်များဖြင့် ဖက်လိုက်သည်၊ ၎င်း၏ခါးတွင်ပတ်ထားသောအမြီးသည်လျော့သွားပြီးပြေပြေပြင်ပေါ်သို့ ကျသွားကာ ညင်သာစွာဖြင့်ကြမ်းပြင်နှင့်တိုက်နေပြီး တဂျစ်ဂျစ်မြည်သောအသံကို ပြုလုပ်နေသည်။

ဂျစ်,ဂျစ်,ဂျစ်၊ သားပိုက်ကောင်ကသူ၏မျက်လုံးကိုဖွင့်လိုက်ပြီးပြတင်းပေါက်အပြင်ကို ကြည့်လိုက်သည်၊ ၎င်း၏တင်းမာနေသောကြွက်သားများနှင့်

စာစဉ် ၁၅

သွေးကြောများ,

အပြာရောင်သွေးပြန်ကြောများကဖောင်းကြွလာကြသည်

။

ဘုန်း!

ဖုန်မှုန့်များထလာပြီး

ရုံးခန်းတစ်ခုလုံးစူးရှသောအသံကိုကြားလိုက်ရသည်။

ရုံးခန်းအတွင်းရှိကြီးမားသောစားပွဲများနှင့်ထိုင်ခုံများက

လွင့်ထွက်သွားတော့သည်၊

များစွာသောရုံးစာရေးမများသည်ကြောက်လန့်စွာဖြင့်ေ

ော်ကြတော့သည်၊

ပြတင်းပေါက်တွင်ကြီးမားသောအပေါက်ကြီးတစ်ခဏအ

တွင်းပေါ်လာတော့သည်၊ သားပိုက်ကောင်ကထိုအပေါ

က်မှခုန်ချသွားသည်၊

## စာစဉ် ၁၅

ကပ်ဆိုးကြီးမတိုင်ခင်က,

သားပိုက်ကောင်များသည်သတ္တဝါလောကတွင်အဝေးဆုံး နှင့် အမြင့်ဆုံးခုန်နိုင်သောအကောင်များဖြစ်ကြသည်။

ဘန်း!

ဆင်းသက်သွားသည့်အသံကိုလည်းအဝေးမှကျယ်ပြန့်စွာ ဖြင့်ကြားနေရသည်။

ဆင်းသက်ပြီးနောက်,

၎င်းကထပ်၍မီတာတစ်ရာလောက်အဝေးသို့ထပ်ခုန်သွား ပြန် သည်၊

၎င်းသည်သူစတင်ခုန်ကတည်းကလုံးဝကိုပျောက်ကွယ် သွားတာဖြစ်သည်။

ရှုပ်ပွနေသောရုံးခန်းသာကျန်နေခဲ့သည်။

ရှီဟန်ထိုက်ကသူ၏လုံခြုံရေးဌာနလက်အောက်ကလူများ ကို ကျောက်ကွမ်ယီနှင့်အတူ

စာစဉ် ၁၅

အနီးကပ်အလုပ်တွဲလုပ်သူများကိုခေါ်သွားရန်အမိန့်ပေး
လိုက်သည်။

...

ငါ့မှာရှိနေတဲ့စာရွက်စာတမ်းတွေက
တောင်ပိုင်းကောင်းကင်အဖွဲ့ရဲ့အတွင်းရေးကိစ္စ
များအကြောင်းအချက်အလက်များစွာပါရှိနေသည်၊
ကောင်းကင်မြစ်အဖွဲ့ကသူတို့ဆီသို့
ယူလာပေးနိုင်လျှင်အနည်းဆုံးလက်ထောက်ညွှန်ကြားေ
ေးမှူးရာထူးကိုပေးမည်လို့ ကတိပြုထားခဲ့သည်။

ကျောက်ကွမ်ယီသည်အလွန်စိတ်အားထက်သန်မှုကိုခံစာ
းလိုက်ရသည်၊
တောင်ပိုင်းကောင်းကင်အဖွဲ့နှင့်ကောင်းကင်မြစ်အဖွဲ့တို့
သည် ဘယ်တုန်းကမှ မပြေလည်ဖူးပေ၊
သူတို့နှစ်ခုစျေးကွက်ထဲတွင်တစ်ယောက်နှင့်တစ်ယောက်
ပြိုင်ဆိုင် နေကြသည့်ပြိုင်ဖက်ကြီးများဖြစ်သည်။

စာစဉ် ၁၅

ဤသည့်မှာကပ်ဆိုးကြီးမတိုင်ခင်ကတည်းကဖြစ်လာသ
ည်မှာအမှန်အကန်ဖြစ်သည်။

ငါနဲ့အဆက်အသွယ်ရတဲ့ကေရာဇ်အဆင့်သားရဲတစ်ကေ
ာင်အသတ်ခံရတာသနားစရာ ကောင်းတယ်၊
ထိုလူအိုကြီးကျီဟန့်ဝူရဲ့အင်္ကျီလက်ထဲမှာလှည့်ကွက်တစ်
ခုရှိဦးမယ်လို့ ဘယ်သူကထင်မိမှာလဲ၊
သူရဲ့ရေနဂါးဖြူကအရင်ကတည်းကဆင့်ကဲတိုးမြင့်ပြီးတ
ာ ဖြစ်နိုင်တယ်၊ သေစမ်း!

ထိုကျားကအတော်လေးဉာဏ်နီဉာဏ်နက်များသည်၊
၎င်းကသူနှင့်သွေးစာချုပ်
ချုပ်ဆိုဖို့အတွက်ဆန္ဒမရှိပေမယ့်ငါပေးတဲ့လက်ဆောင်
တွေကိုယူရတာနှစ်သက်တယ်၊
ဘာကိုမှပြန်မပေးဘဲအကျိုးအမြတ်တွေကိုဘဲဆက်ပြီးယူ
ခဲ့တယ်။

စာစဉ် ၁၅

ဒါ့အပြင်,

ငါကနည်းပညာဌာနရဲ့အကြီးအကဲတစ်ယောက်လည်းဖြ
စ်ပေမယ့်,

တောင်ပိုင်းကောင်းကင်အဖွဲ့ရဲ့နည်းပညာဆိုင်ရာအချက်
အလက်တွေကို ငါကမရနိုင်ဘူး၊

ကျီဟန့်ဝူကဘယ်သူ့ကိုမှမယုံကြည်ခဲ့ပေ၊

အရာရာတိုင်းက သူ့လက်ထဲတွင်ရှိသည်၊

ဘယ်လိုတောင်ရှုံ့ဖို့ကောင်းတဲ့လူကြီးလဲ?

မကျေနပ်မှုတွေအပြည့်ဖြင့်
သူကြိုတွင်စီစဉ်ထားသည့်ကားပေါ်သို့ကျောက်ကွမ်ယီ
က တက်လိုက်သည်၊ "ကံကောင်းတာက,
ငါကဒါတွေကိုကြိုမြင်နေခဲ့တယ်လေ၊
ဟီးဟီး,ငါ့ရုံးခန်းထဲမှာထားခဲ့တဲ့သားရဲကလူအနည်းငယ်
လောက်ကိုသတ်နိုင်ဖို့ မျှော်လင့်ပါတယ်"

စာစဉ် ၁၅

အင်ဂျင်ဖွင့်လိုက်သည်နှင့်ကျောက်ကွမ်ယီ၏အမူအရာ
ကပြောင်းသွားတော့သည်၊
ရုံးခန်းထဲတွင်ကျန်ခဲ့သောသူ့သားရဲသေဆုံးမှုကိုခံစားမိလို
က်သည်၊

သေစမ်း!
သူတို့ကဘယ်လိုတောင်မြန်မြန်ဆန်ဆန်လုပ်နိုင်ရတာလဲ
?!

ကျောက်ကွမ်ယီကလျင်မြန်စွာဖြင့်အင်ဂျင်ကိုဖွင့်လိုက်ပြီး
,ခြေနင်းကိုနင်းလိုက်ပြီး
လမ်းပေါ်သို့တက်မောင်းလာတော့သည်၊

နောက်ခုံတွင်ရှိနေသောသားရဲသည်ကျောက်ကွမ်ယီ့ရော
က်ရှိနေမှုကိုအနံ့ခံနိုင်လိုက် သည်၊
သူ့ခေါင်းကထွက်လာပြီး,
၎င်း၏လျှာကိုသုံး၍ကျောက်ကွမ်ယီ၏လက်ကို
ယက်လိုက်သည်။

စာစဉ် ၁၅

ကျောက်ကွမ်ယီက္ကကြည့်လိုက်သည်၊ သူမြင်လိုက်မှသာ,
စိတ်အေးသွားသလိုခံစား လိုက်ရသည်၊
၎င်းကသူ၏သားရဲဖြစ်သည့်သဲဖွတ်ပုတက်ကောင်ဖြစ်သ
ည်၊
၎င်းကအဆင့်အရမ်းတော့မမြင့်ပေမယ့်,အနည်းဆုံးတော့
အုပ်ချုပ်သူအလယ်အလတ် အဆင့်သားရဲဖြစ်ကာ,
ကိစ္စအများစုတွင်သူ့ကိုယ်သူခုခံနိုင်အားကောင်းသည်။
သာမာန်အခြေအနေမျိုးတွင်သူ၏ရာထူးမှရရှိသောအကျို
းကျေးဇူးများသည်
၎င်း၏လက်ရှိအခြေအနေထက်ပို၍မြင့်မားသောအဆင့်
သို့ရောက်ရှိမည်ဖြစ်သည်။ သို့သော်
သူသည်အစင်းကျား၏နှစ်သက်မှုကိုရယူလိုသောကြောင့်
သူရရှိသောပစ္စည်း
အများစုကိုကျားအားပေးခဲ့သည်၊သူသည်တစ်နေ့တွင်ကျ
ား၏မျက်နှာသာပေးမှုကို ရရှိပြီး

၎င်းအားကေရာဇ်အဆင့်သားရဲ၏သခင်အဖြစ်လုပ်ပေးရန်မျှော်လင့်ခဲ့သည်၊

သို့သော်,

သူ၏ကြိုးစားအားထုတ်မှုများကဘာမှမဟုတ်တော့ပေ၊

ထိုကေရာဇ်အဆင့်

အစင်းကျားသည်နဂါးဖြူ၏မုန့်ဖြစ်သွားပြီဖြစ်သည်။

ကျောက်ကွမ်ယီ၏ကြောက်စိတ်သည်ပို၍ပင်ဆိုးရွားလာခဲ့သည်၊ အကယ်၍ကျားသည်

အလွန်အသုံးမဝင်ကြောင်းသူသိပါက,

ငါ့ရဲ့သဲဖွတ်ပုတက်ကိုလေ့ကျင့်ပေးဖို့အတွက်

အစွမ်းကုန်ကြိုးစားအားထုတ်မိမှာဘဲ။

ကျောက်ကွမ်ယီသည်ပြတင်းပေါက်မှလှမ်းကြည့်လိုက်ရာကောင်းကင်မှအနက်ရောင်

ပုံရိပ်ကပြုတ်ကျလာသည်ကိုတွေ့လိုက်ရသည်၊

ခဏအတွင်းမှာတင်, ထိုအနက်ရောင်

အရိပ်သည်လမ်းပေါ်သို့ဆင်းသက်၍, မတ်တပ်ရပ်ပြီး သူ၏လမ်းကိုပိတ်ကာထားတော့ သည်။

***

စာစဉ် ၁၅

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၃၅*

ကျောက်ကွမ်ယီတွာထိတ်လန့်သွားတော့သည်။ ဘရိတ်ကိုမနင်းရုံတင်မကဘဲ တက်နင်းထားသည့်အရှိန်ကိုသာတောက်လျှောက်ဖိထားမိသည်၊ ပြင်းထန်စွာ တိုက်မိခြင်းသည်ကျောက်ကွမ်ယီတွကိုအရှေ့သို့ပစ်ကျသွားစေသည်၊ သူရင်ဘတ်ကို ထိုင်ခုံခါးပတ်ကတားထားပြီး လေအိတ်ကသူ့ကိုကာကွယ်ရန်ပေါ်လာသည်။

တစ်နာရီကိုမိုင်ဖ၆ဂနှုန်းဖြင့်မောင်းနှင်လာသည့်ကားတစ်စီးသည်လမ်းဘေး၌ ရပ်တန့်သွားခဲ့သည်။

ကားရှေ့တွင်အလွန်သန်မာလှသောသားပိုက်ကောင်တစ်ကောင်သည်ရှေ့သို့တိုးလာ သည်၊

စာစဉ် ၁၅

ငင်း၏အမြီးကိုမြှင့်လိုက်ပြီးငင်း၏ခြေထောက်များသည်လည်းတြိဂံကျကျ တည်ငြိမ်နေသည်။
ငင်း၏ထူထဲကျစ်လစ်သောလက်ကရှေ့သို့ရောက်လာက ာ,
ကားအမိုးသည်စက္ကူတစ်ရွက်မွစာကြေနေသလိုလုံးဝကိုတွန့်လိမ်နေပြီးကျိုးပဲ့နေပြီဖြစ်သည်။

သားပိုက်ကောင်၏လက်များသည်နက်ရှိုင်းစွာဖြင့်ကားအမိုးထဲသို့နစ်ဝင်နေသည်။
အင်ဂျင်ကကွဲသွားကာကားအင်ဂျင်သည်လည်းလုံးလုံးပျက်စီးသွားသည်၊
ကျိုးပဲ့နေသောအမိုးရှိအပေါက်မှအဖြူရောင်မီးခိုးများအများအပြားထွက်လာသည်။

ဟာဇ်...ပြင်းထန်သောအပူချိန်သည်ပျက်စီးနေသောကားအမိုးမှထွက်လာသည်။

စာစဉ် ၁၅

သားပိုက်ကောင်၏ရွှေရောင်ကြွက်သားလက်မောင်းသ
ည်ဖြေးညှင်းစွာဖြင့် ကားအမိုးမှ ပေါ်လာသည်။

ဘန်း!

၎င်းကသူ၏လက်သီးများဖြင့်ရိုက်ချလိုက်သည်။

ရွှေရောင်ဖွတ်ပုတကက်သည်သူ့မျက်လုံးကိုဖွင့်ကြည့်ကာရှုး
ရှုးရှဲရှဲဖြစ်နေသည်၊ ၎င်းသည်
သူ၏ကြီးမားသောခန္ဓာကိုယ်ကြောင့်အနောက်တွင်ထိုင်ရ
သည်၊

သားပိုက်ကောင်သည်၎င်း၏ရှေ့ခြေထောက်များတွင်ခွန်
အားအနည်းငယ်ကိုအသုံးပြုကာကားတံခါးကိုတစ်ရှူးအ
ားဆုတ်ဖြဲလိုက်သလိုဆုတ်ဖြဲလိုက်သည်၊ ကားထဲတွင်
အပေါက်ကြီးတစ်ပေါက်ဖြစ်နေသည်။

သူ့သခင်ကအန္တရာယ်ကျရောနေချိန်တွင်, ကျောက်ကွမ်ယီသည့်သားရဲသည်သူ့အတွက် ဘာအကြောင်းမှမရှိဘဲခုခံပေးခဲ့သည်။

ဒီသားပိုက်ကောင်နှင့်လာရှုပ်မနေဘူးဆိုတာကိုတွေ့တော့, ရွှေသဲဖွတ်ပုတက်သည် သူ၏ပါးစပ်ကိုဖွင့်လိုက်ပြီး, ခြိမ်းခြောက်သည့်အသံကိုထုတ်လွှင့်လိုက်သည်၊ အကယ်၍ သားပိုက်ကောင်ကအဝေးကိုထွက်သွားမယ်ဆိုရင်တော့, ၎င်းကအသေခံတိုက်ပွဲတွင် ပါဝင်ဖို့အတွက်ရွေးချယ်မည်မဟုတ်ပေ။

သားပိုက်ကောင်သည် သားရဲကကားနောက်ဖုံးမှထွက်လာတာကိုမြင်သောကြောင့် သူ့လည်ပင်းမှအက်ကွဲသောလှောင်ပြောင်သည့်အသံထွက်ပေါ်လာသည်။ ညာလက်ကို ဆန့်ထုတ်လိုက်ပြီး,

ငင်းတို့မှလေးချောင်းကိုနောက်ပြန်ရုတ်လိုက်ကာလက်ခ လယ် တစ်ချောင်းကိုသာချန်ထားခဲ့သည်၊ ငင်းကသူ၏လက်ခလယ်ကိုသုံးပြီးလက်ဟန်ဖြင့် ရွှေသဲဖွတ်ပုတက်ကိုရှေ့ကိုတိုးလာဖို့အတွက်ခေါ်လိုက် သည်။

ရွှေသဲဖွတ်ပုတက်သည်ထိုလက်ဟန်ပုံစံကဘာကိုဆိုလို လည်းဆိုတာကိုနားလည်သည်၊

၁၃ပေရှည်လျားသောဖွတ်ပုတက်သားရဲသည်သေးငယ် သည်မဟုတ်ပေ၊ ငင်း၏ကြမ်းတမ်းသောအမြီးကလမ်းပေါ်တွင်တင်နေပြီး, ကတ္တရာလမ်းခင်းကိုဖျက်စီး ပစ်သည်။ ငင်း၏အရေပြားတွင်ကျောက်မှုန့်များကဲ့သို့အစေ့များရှိပြီ း, ထိုအဖုများသည် အတော်လေးကိုကြမ်းတမ်းပြီးမာကျောသည်၊ ငင်းသည်ပြည့်စုံသောရွှေသဲဖွတ်ပုတက်

နှင့်လိုက်ဖက်သောကြမ်းတမ်းသည့်ခွန်အားဖြစ်သည်။

အကယ်၍၎င်း၏အစေ့များက ရန်သူပေါ်သို့ကျသွားပါက, ၎င်းသည်သူတို့၏အရေပြားကိုဆုတ်ဖြဲပစ်မည်ဖြစ်သည်။

ထိုတုံးအလှသောဖွတ်ကလေးသည်၎င်း၏မိမိုက်သောကိုယ်နေဟန်ထားအား

သဘောပေါက်သည်ကိုသတိထားမိသောအခါတွင်သားပိုက်ကောင်ကအနည်းငယ်

စိတ်ပျက်သွားသလိုခံစားလိုက်ရသည်၊

၎င်းကသူ၏ခေါင်းကိုယမ်းလိုက်သည်၊

မင်းကအရမ်းတုံးနေတာကြောင့်,

ငါမင်းကိုသတ်ပေးရလိမ့်မယ်။

သားပိုက်ကောင်ကသူ၏ညာခြေထောက်ကိုမြေပြင်နှင့်ရိုက်ချလိုက်ပြီး ၎င်း၏အမြီးကို လည်းလွှဲယမ်းလိုက်သည်။

သားပိုက်ကောင်၏သန်မာသောခွန်အားကိုအသုံးပြု၍

ခွန်အားမှန်နေးကွေးမှုသည်

အကယ်၍သားပိုက်ကောင်အားလေထဲတွင်မြင်နိုင်စေရန် မှုန်ဝါးစေသည်။

၎င်း၏စွမ်းအားပြည့်ဝသောအမြင်ဖြင့်ပင်, ဖွတ်ပုတက်ကထိန်းရန်အခက်အခဲရှိနေသေး သည်။

ဘန်း!

သားပိုက်ကောင်ကဝိုက်၍ ရွှေသဲဖွတ်ပုတက်၏မေးရိုးကိုကန်လိုက်သည်၊ ကန်ချက်က နောက်သို့ပေ၃ဝရောက်သွားစေသည်၊ ၎င်းကမြေပေါ်သို့မကျခင်လေထဲ၌အကြိမ် များစွာလည်နေသေးသည်၊

“အားနည်းတယ်, အရမ်းအားနည်းတယ်” သားပိုက်ကောင်ကစိတ်မကောင်းစွာဖြင့် သူ့ခေါင်းကိုယမ်းလိုက်သည်၊ ဒါကသူသတ်သည့်ပထမဆုံးသားရဲမဟုတ်ပေ။

ဒါက…အနည်းငယ်လောက်စိန်ခေါ်တယ်လို့တောင်ပြော
လို့မရဘူး!

ဘုန်း!

ၐင်းကသူရပ်နေသည့်နေရာတွင်အဖြူရောင်မြူခိုးများပေ
ါ်လာစေသည်၊
သားပိုက်ကောင်ကၐင်းကိုဖြတ်မမြင်နိုင်ပေ၊
ၐင်းကသူတိုက်ခိုက်သည့်အချိန်တွင်မှသာ
ပေါ်လာတာဖြစ်ပြီး, လက်သီးပစ်ထိုးချက်နှင့်ကန်ချက်,
စသည်တို့သည်
ရွှေသဲဖွတ်ပုတက်၏ခန္ဓာကိုယ်ပေါ်သို့ကျရောက်သည်၊
တိုက်ခိုက်မှုအားလုံးသည်
လျှပ်စီးကြောင်းများကဲ့သို့လျင်မြန်စွာပေါ်ထွက်လာပြီး
နျူကလီးယားပေါက်ကွဲသကဲ့သို့ ပေါ်ထွက်လာသည်။

စာစဉ် ၁၅

အလွန်နှေးကွေးနေသောအခါမျိုးတွင်

မြင့်မားသောခုခံမှုကိုဘယ်လိုသုံးမလဲ?

ဒါကလွယ်ကူရိုးရှင်းတဲ့ပစ်မှတ်တစ်ခုဖြစ်သည်!

သားပိုက်ကောင်ကလေထဲတွင်ပေါ်လာသည်ကိုသတိပြု

မိသွားသည်၊ ၎င်း၏

ညာလက်သီးချက်သည်အလင်းကဲ့သို့မြန်သည့်ဒလဟော

ကျလာသောလက်သီးများမှ

ပြင်းထန်သောလေပြင်းများထွက်လာပြီး

၎င်း၏နှာခေါင်းပေါက်ကြီးနှစ်ခုမှ

လေပြင်းများပင်ထွက်လာသည်။

နောက်ဆုံးအလင်းကိုဖမ်းမိတဲ့အချိန်မှာတော့,၎င်းကလူရဲ

ခန္ဓာကိုယ်ပေါ်သို့ရောက်သွားပြီဖြစ်သည်။

ဘုန်း !

ရွှေသဲဖွတ်ပုတက်၏ခန္ဓာကိုယ်သည်လေထဲတွင်မြောက်တက်သွားတော့သည်၊ ရုတ်တရက်, ၎င်း၏ခန္ဓာကိုယ်နေရာအနံ့မှပွင့်ထွက်ပေါက်ကွဲမှုများထွက်ပေါ်လာတော့သည်၊

များစွာသောထိုးနှက်ချက်များကၡင်း၏ခန္ဓာကိုယ်ခုခံအာ းကိုသိသိသာသာလျော့ကျစေ သည်၊ နောက်ဆုံးထိုးချက်မှာကုလားအုတ်နောက်ကျောကျိုးသွ ားသလို ကောက်ရိုးတစ်ချောင်းကဲ့သို့ပင်ဖြစ်သွားသည်။

သွေးအိုင်များကြားထဲတွင်သားပိုက်ကောင်သည်၎င်း၏လက်သီးများကို ပြန်၍ဆွဲထုတ် က၎င်း၏အမြီးသည်လည်းသူ၏ခါးတစ်ဝိုက်အနောက်သို့ပြန်ဆုတ်သွားတော့သည်၊ ၎င်းသည်ဟန်ချက်ညီစေရန်အတွက်၎င်း၏အမြီးကိုလည် းမြောက်ချင်ပေမယ့်,

အဲ့တာကအမြီးမပါလျှင်သူလမ်းမလျှောက်နိုင်လို့တော့မဆိုလိုပေ။

ငှင်း၏သန်မာသောခြေထောက်များကအဆက်မပြတ်လှုပ်ရှားလာသည်၊ ဒါက
သားပိုက်ကောင်၏သွက်လက်တက်ကြွမှုကိုလေ့ကျင့်ပေးသောနည်းလမ်းတွေထဲမှ တစ်ခုဖြစ်သည်၊
ငှင်းကဒါရိုက်ဘာထိုင်သောနေရာတွင်လွတ်နေသောဘာမှမရှိသည့် ကားနေရာသို့လျှောက်သွားလိုက်သည်၊
ကြည့်ရတာကျောက်ကွမ်ယီဂူတော့တိုက်ပွဲအတွင်းကနေတိတ်တဆိတ်လွတ်မြောက်သွားပုံရသည်။

သားပိုက်ကောင်ကအေးစက်သောအပြုံးကိုပြုံးလိုက်ပြီးေ
ောက်, ဒါရိုက်ဘာထိုင်ခုံနေရာ
ကိုအနည်းငယ်အနံ့ခံလိုက်သည်။
ထို့နောက်ငှင်းကလမ်းဘေးရှိလူသွားလမ်းပေါ်သို့
လျှောက်သွားလိုက်သည်၊

စာစဉ် ၁၅

ပေဒုဂလောက်လမ်းလျှောက်လိုက်ပြီးချုံပုတ်တစ်ခုရှေ့တွင်ရပ်လိုက်သည်၊ ၎င်းကဒူးကွေးလိုက်ပြီး, ချုံပုတ်ကိုဆွဲလိုက်သည်၊ သူက၎င်းကိုဆွဲလိုက်ကာထွက်လာ သည်နှင့် ကျောက်ဟွမ်ယီ၏လက်ကပါလာသည်။

၎င်းကပေရာချီလောက်လေထဲတွင်ခုန်လိုက်သည်၊ ၎င်းကတောင်ပိုင်းကောင်းကင်အဖွဲ့၏အဆောက်အဦးသို့ပြန်မရောက်မှီအနည်းငယ်သာခုန်လိုက်ရသည်။

….

“အဖေ”

ရှုချင်းကျီကအရပ်ခြောက်ပေကျော်ပိန်ပိန်ပါးပါးရှိသောအမျိုးသားကိုလှမ်းခေါ် လိုက်သည်၊ သူမကကောင်းဖန်၏နောက်တွင်ရပ်နေတာဖြစ်သည်။

## စာစဉ် ၁၅

ကောင်းဖန်ကတောင်ပိုင်းကောင်းကင်အဖွဲ့၏လုံခြုံရေးဌ ာနအကြီးအကဲရှီဟာန်ထိုက်ကို လှမ်းကြည့်လိုက်သည်၊ ကောင်းဖန်ကထိုနာမည်ကိုယခင်ကကြားဖူးသော်လည်း လူကိုယ်တိုင်တော့မမြင်ခဲ့ဖူးပေ။

ရှီဟာန်ထိုက်၏နောက်တွင်တော့ကြွက်သားများဖြင့်ပြည့်ေ ေသည့်သားပိုက်ကောင် တစ်ကောင်ရှိသည်၊ အရပ်ကတော့ဆယ်ပေနီးပါးရှိသည်၊ ကပ်ဆိုးကြီးမတိုင်မီက သားပိုက်ကောင်အများစုသည်အရပ်ငါးပေကျော်သာရှိ ြသည်။

ထိုသားပိုက်ကောင်၏အမွေးများသည်ရွှေရောင်ဖြစ်ပြီးဂ င်း၏အမွေးသည်နူးညံ့ပြီး တောက်ပြောင်နေသည်၊ သူ့၏အရွယ်အစားမှလွဲ၍တခြားသားပိုက်ကောင်တွေနှင့် မတူညီပေ။

စာစဉ် ၁၅

[မကောင်းဆိုးဝါးအမည်]–

ရွှေအလင်းလက်ဝှေ့ချန်ပီယံသားပိုက်ကောင်

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၄ဂ

[မကောင်းဆိုးဝါးအဆင့်အတန်း]–

ပြီးပြည့်စုံခြင်းအဆင့်အတန်း

[မကောင်းဆိုးဝါးကျွမ်းကျင်မှုများ]–

သာမန်ထက်လွန်ကဲသောဆဋ္ဌမအာရုံအဆင့်၂

[မကောင်းဆိုးဝါးစွမ်းရည်]–အလင်း

[မကောင်းဆိုးဝါးအခြေအနေ]–

ကျန်းမာ(နိုးကြားတက်ကြွခြင်း)

[မကောင်းဆိုးဝါးမိတ်ဆက်]–ကန်ချက်,

လက်ဝှေ့နှင့်ကြွက်သားလေ့ကျင့်ခန်းများကို

ကြိုက်နှစ်သက်သောသားပိုက်ကောင်ဖြစ်သည်၊

၎င်း၏ရေရှည်လေ့ကျင့်မှုများနှင့်

စာစဥ် ၁၅

အာဟာရဓာတ်များသောအစားအစာများကြောင့်အလွန်အားကောင်းလာသည်၊ သဘာဝအလျောက်မွေးဖွားလာသောစွမ်းရည်များနှင့်ပြင်းထန်သောလေ့ကျင့်မှုများ ရောနှောခြင်းဖြင့်၎င်း၏ထူးကဲသော ဆဌမအာရုံစွမ်းရည်ကိုရရှိခဲ့သည်။

ရွှေရောင်အလင်းလက်ဇော့ချန်ပီယံသားပိုက်ကောင်သည် အစိမ်းရောင်နှင့်အဖြူရောင် ဝတ်စုံကိုဝတ်ဆင်ထားသည့်လူတစ်ဦးကိုကိုင်ဆောင်ကာကြမ်းပြင်ပေါ်သို့လှဲချလိုက် သည်၊ သားပိုက်ကောင်သည်သူ့ပတ်ဝန်းကျင်ကိုစူးစိုက်ကြည့်နေသည်၊ သူ့နှာခေါင်းက ပတ်ဝန်းကျင်မှအရာအားလုံးကိုအရမ်းစိတ်လှုပ်ရှားစရာကောင်းသလိုဖြင့်ရှူရှိုက်နေ သည်။

စာစဉ် ၁၅

ကောင်းဖန်ကသူ့ကိုကြည့်နေတာမြင်လိုက်ရသည်၊
ရွှေအလင်းလက်ဝှေ့ချန်ပီယံ
သားပိုက်ကောင်သည်စူးစမ်းလိုစိတ်အပြည့်ရှိသောအန
က်ရောင်မျက်လုံးများဖြင့်
ကောင်းဖန်ကိုပြန်ကြည့်နေသည်။

သားပိုက်ကောင်၏ကြွက်သားများမှာအလွန်ကျယ်ပြန့်ေ
ေသော်လည်း ၎င်း၏ခေါင်းမှာ သေးသည်၊
၎င်း၏မျက်စံများကလုံးဝန်းပြီးအနက်ရောင်ဖြစ်ကာ,
ကြီးမားသော
ကြွက်သားများရှိသည့်ခန္ဓာကိုယ်နှင့်ခေါင်းအားယှဉ်ကြည့်
မိသည်၊ ၎င်းကArnold
Schwarzeneggerထဲမှကလေးမျက်နှာရှိသော…

ကောင်းဖန်၏အကြည့်များနှင့်ဖလှယ်ပြီးနောက်
ပြုံးပြကာ၎င်း၏ရှေ့သွားများကို
ထုတ်ဖော်ပြလိုက်သေးသည်။

စာစဉ် ၁၅

သာမန်ထက်လွန်ကဲတဲ့ဆဋ္ဌမအာရုံဆိုတာဘာလဲ?
ကောင်းဖန်ကဒီစွမ်းရည်မျိုးကို
ပထမဆုံးတွေ့ဖူးတာဖြစ်သည်။

ကောင်းဖန်ကထိုစွမ်းရည်ကိုမိတ်ဆက်တွင်ဖတ်ပြီးမှသာ
၎င်းသည်ဘယ်အရာဖြစ်သည် ကိုသိရှိခဲ့တာဖြစ်သည်။
ထိုစွမ်းရည်ရှိသောသတ္တဝါများသည်
ဆဋ္ဌမအာရုံအလွန်မြင့် သည်၊
သတ္တဝါ၏အမြင်အာရုံ,အနံ့ခံအာရုံ,အထိအတွေ့အာရုံ,အရသာအာရုံနှင့်
အန္တရာယ်ရှိခြင်းအာရုံတို့သည်အလွန်တိုးတက်ကောင်းမွန်လှသည်။

သားရဲအများစုအတွက်,
၎င်းတို့၏အာရုံခံစားမှုများပိုမိုကောင်းမွန်လာခြင်းသည်
၎င်းတို့အတွက်ကူညီရန်လည်းများစွာလုပ်ဆောင်မည်မဟုတ်သောကြောင့် ထိုစွမ်းရည် သည်အသုံးမဝင်ပေ။

စာစဉ် ၁၅

ငှင်းကသေးငယ်သော

အကျိုးအမြတ်လောက်သာဖြစ်သည်။

သို့သော်, နီးကပ်စွာဖြင့်တိုက်ခိုက်သော

ရွှေအလင်းလက်ငှေ့ချန်ပီယံသားပိုက်ကောင်

ကဲ့သို့သောသားရဲမျိုးများအတွက်တော့

ငှင်းကသေးငယ်သောအကျိုးအမြတ်မျှသာ မဟုတ်ပေ၊

ထိုအစားကြီးမားသည့်အားသာချက်တစ်ခုပင်ဖြစ်သည်။

မျှော်လင့်ထားသလိုပင်,

သားရဲတစ်ကောင်၏နာမည်ကပိုရှည်လေ, ပိုမိုက်လေ...

***

စာစဉ် ၁၅

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၃၆*

ဒီသားပိုက်ကောင်ကမယုံနိုင်လောက်အောင်သန်မာသည်
।

ဒမ်ဘီသည်ရန်သူအားပျက်စီးမှု၁၀၀၀နှင့်သူ့ကိုယ်သူပျက်
စီးမှု၈၀၀လောက်ပေးစွမ်းနိုင်
သည့်၎င်း၏သွေးကြောမျှင်နှလုံးကိုအသုံးမပြုပါက
၎င်းကိုတိုက်ခိုက်ရာတွင်အခက်အခဲ
များစွာရှိမည်ဖြစ်သည်။

အနီးကပ်တိုက်ပွဲထဲသို့ဝင်ရောက်နေချိန်တွင်
ဆဋ္ဌမအာရုံပိုင်ဆိုင်ခြင်းသည် အများကြီး
တစ်ပန်းသာသည်။

ငင်းသည်သူ၏ပြိုင်ဘက်များ၏လှုပ်ရှားမှုတိုင်းကိုခန့်မှန်းနိုင်မည်ဖြစ်သည်၊ ထိုအရာကို
ဘယ်လိုတိုက်ဖျက်ရမည်နည်း?

အနိုင်ရရန်အတွက်တစ်ခုတည်းသောနည်းလမ်းမှာ ငင်း၏ဆဋ္ဌမအာရုံထက်လျင်မြန်စွာ ရွေ့လျားခြင်းသို့မဟုတ်
ဆဋ္ဌမအာရုံ၏သက်ရောက်မှုများကိုဖိနှိပ်နိုင်သည့်စွမ်းရည်ကို အသုံးပြုခြင်းဖြစ်သည်။

ကျီဟန့်ဝူသည်ကြမ်းပြင်ပေါ်တွင်လဲလျောင်းနေသောကျောက်ကွမ်ယီကိုကြည့်ပြီး သက်ပြင်းချလိုက်ကာ,
"ငါမင်းနဲ့တော့ဘာလုပ်ရမလဲ?"

ကျောက်ကွမ်ယီကတုန်လှုပ်နေပြီး စကားမပြောရဲပေ။

စာစဉ် ၁၅

“ငါကမင်းအဖေရဲ့လောင်းကစားအကြွေးဒေါ်လာသုံးသန်
းကိုဆပ်ဖို့ကူညီပေးခဲ့တဲ့သူ မဟုတ်ဘူးလား?”
ကျီဟန့်ဝူကညင်သာစွာပြောလိုက်သည်။

“ဟုတ်...”
ကျောက်ကွမ်ယီတွ့ခေါင်းကိုပို၍ပင်ငုံ့လိုက်သည်။

“ငါကမင်းကိုမျှတတဲ့လစာပေးတယ်,
ပြီးတော့ငါ့ရဲ့ယုံကြည်ရတဲ့လက်ထောက်အဖြစ်
လေ့ကျင့်ပေးခဲ့တယ်၊ ဒါပေမယ့်,
မင်းကငါ့ကိုအတော်ကြီးစိတ်ပျက်စေတာဘဲ”
ကျီဟန့်ဝူကတည်ငြိမ်စွာဖြင့်ပြောလိုက်သည်။

ကျောက်ကွမ်ယီတွ့စကားပင်မပြောရဲပေ။

“ဟင်း....”
ကျီဟန့်ဝူကကျောက်ကွမ်ယီတွ့ကိုစိုက်ကြည့်ကာ
ဖြည်းညှင်းစွာဖြင့် ပြောလိုက်သည်,

စာစဉ် ၁၅

“ငါ့ဘာကိုအမုန်းဆုံးလဲဆိုတာမင်းသိလား?
အကယ်၍မင်းထွက်သွား
ချင်တယ်ဆိုရင်တော့နားလည်ပေးလို့ရတယ်၊
မင်းသွားချင်တဲ့ဘယ်နေရာကိုမဆို သွားလို့ရတယ်,
ပြီးတော့လည်းငါကမင်းကိုနှောက်ယှက်မှာမဟုတ်ဘူး၊
ဒါပေမယ့်,
မင်းအဲ့ဒီစာရွက်စာတမ်းတွေကိုတော့မယူသင့်ဘူး၊
ဒါကမင်းအမှားဘဲ”

“ဥက္ကဋ္ဌကျိ,
ကျေးဇူးပြုပြီးနောက်ထပ်အခွင့်အရေးလေးထပ်ပေးပါ”
ကျောက်ကွမ်ယီ့
သည်ကျိဟန့်ဝူဆီသို့ဦးညွှတ်လိုက်သည်၊

“ရှောင်ဖန်, အကယ်၍မင်းသာဆိုရင်,
ဘယ်လိုကိုင်တွယ်မလဲ?” ကျိဟန့်ဝူကလှည့်၍
သူ့နောက်မှကောင်းဖန်ကိုမေးလိုက်သည်။

စာစဉ် ၁၅

ကောင်းဖန်ကအဘိုးသည်သူ့အတွက်အခွင့်အရေးယူ၍ထို သို့မေးမည်ဟုမမျှော်လင့်ထား ခဲ့ပေ၊
ကောင်းဖန်ကသူ့ခေါင်းကိုငုံ့လိုက်ပြီး
ကျောက်ကွမ်ယီနှင့်အကြည့်ချင်းဖလှယ် လိုက်သည်။

ရှူချင်းကျီနှင့်ရှီဟန်ထိုက်နှစ်ယောက်လုံးသည်ကောင်းဖန် ကိုကြည့်လာကြသည်၊
ကောင်းဖန်ကဘာပြန်ပြောမလဲဆိုတာသူတို့နှစ်ယောက် လုံးသိချင်နေကြသည်၊

ကောင်းဖန်ကခဏတိတ်ဆိတ်သွားသည်၊
ထို့နောက်,သူကတီးတိုးရေရွတ်လိုက်သည်,
"သူ့ကိုစံနမူနာပြအပြစ်ပေးရမယ်"

ကျောက်ကွမ်ယီ၏မျက်နှာကဖြူဖျော့သွားသည်။
သူကတောင်းပန်တော့သည်, "ကျွန်တော်မှားခဲ့ပါတယ်၊
ကျေးဇူးပြုပြီး,မစ္စတာကောင်း, ဥက္ကဋ္ဌကျီ,
ကျွန်တော်ကတောင်ပိုင်းကောင်းကင်အဖွဲ့နဲ့အတူအကြာ

ြီးအလုပ်လုပ်ခဲ့တယ်လေ၊ ကျွန်တော့်သွေးတွေ, ချွေးတွေ, မျက်ရည်တွေကိုဒီကုမ္ပဏီအတွက်ပေးဆပ်ခဲ့တယ်လေ”

ရှီဟန်ထိုက်ကအနည်းငယ်အံ့အားသင့်သွားသည်၊ သူကကောင်းဖန်ဒီလောက်ထိ ပြတ်သားစွာနေနိုင်လိမ့်မည်ဟုမထင်ခဲ့ပေ၊ ကောင်းဖန်ကကျောက်ကွမ်ယီ့ကို လွယ်လွယ်ကူကူလုပ်ဖို့သာပြောလိမ့်မည်ဟုထင်ခဲ့သည်။

ကောင်းဖန်ကသက်ပြင်းရှည်ကြီးချလိုက်သည်၊ သူ့အတွေးတွေထဲကရုန်းကန်ထွက်ပြီး, နောက်ဆုံးတွင်ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်၊ ရမ်းကားမှုအချိန်များကို ပြင်းထန်စွာ စီမံရမည်။

သူပြောပြီးသားမလို့အကျယ်တဝင့်ရှင်းပြဖို့အတွက် ကျိုးကြောင်းဆီလျော်စွာပြောလိုက် သည်, “အဘိုး, ကျွန်တော်တို့ကဆိုးဝါးတဲ့အစဉ်အလာတွေကိုမထားနိုင်

ဘူး၊ အကယ်၍,
ကျွန်တော်တို့ကကုမ္ပဏီကိုသစ္စာဖောက်တဲ့သူတွေကိုခွင့်
လွှတ်ခဲ့ရင်တခြားသူတွေက ဘယ်လိုထင်မလဲ၊
တောင်ပိုင်ကောင်းကင်အဖွဲ့ကိုသစ္စာဖောက်ဖို့အတွက်လူ
တွေ တန်းစီနေတော့မှာပေါ့၊
အဖမ်းခံရရင်တော့သူတို့ကခွင့်လွှတ်ပေးဖို့ပြောလို့ရတယ်
”

ကောင်းဖန်ကကျောက်ကွမ်ယီဘက်ကိုလှည့်ကြည့်ကာ
ေးလိုက်သည်, “ဥာနမှူးကျောက်,
ခင်ဗျားအသက်ဘယ်လောက်ရှိပြီလဲ”

ကျောက်ကွမ်ယီကမကျေနပ်မှုတွေကိုသူ့နှလုံးထဲတွင်မြို
သိပ်ရင်း,ပြောလိုက်သည်၊
“တောင်ပိုင်းကောင်းကင်အဖွဲ့ကိုရောက်နေခဲ့တာ၁၈နှစ်ရှိ
သွားခဲ့ပြီ၊ ဒီနှစ်ဆိုရင် ၄၀ရှိပြီ၊”

စာစဉ် ၁၅

"အသက်၄၀...ခင်ဗျားကအသက်၄၀တောင်ရောက်ပြီးေ
ေပြီ၊ ခင်ဗျားကဘာလို့
အကျိုးဆက်တွေကိုမစဉ်းစားဘဲနဲ့တစ်ခုခုကိုလုပ်ဖို့လုပ်ခဲ့
ရတာလဲ"

ရှုချင်းကျီကရယ်လိုက်သည်၊
ဒါကအနည်းငယ်မဆီလျော်သည်ကိုသဘောပေါက်
သောကြောင့်သူမကရယ်မောလိုက်သည်။

ကျောက်ကွမ်ယီတ္တာ "ဒါကခဏတာအမှားလေးပါ"

ကျီဟန့်ဝူကကျောက်ကွမ်ယီတ္တကိုပင်မကြည့်တော့ဘဲ
ကောင်းဖန်ဘက်ကိုလှည့်ပြီး
သူ့မြေးရဲ့အမြင်ကိုမှတ်ချက်ပေးလိုက်သည်,
"တွေးတာတော်တယ်၊ ငါတို့ကငြိမ်းချမ်း
တဲ့ခေတ်မှာနေထိုင်နေရင်ဥပဒေနဲ့လမ်းကြောင်းမှန်ပေါ်ေ
ေရာက်မှာဘဲ။
ဒါပေမယ့်အခုငါတို့ကကမ္ဘာသစ်မှာနေထိုင်နေကြရတာ"

စာစဉ် ၁၅

ကျိုဟန့်ဝူကကျောက်ကွမ်ယီကွဲ့ကိုလှည့်ကြည့်လိုက်သည်၊
“မင်းကအသက်ကြီးပြီဆို တော့,
ငါမင်းမိသားစုကိုဆန့်ကျင်ပြီးဘာမှအရေးယူမှာမဟုတ်ေ
ေ့ဘူး”

ကျောက်ကွမ်ယီကွဲ့ကထိုစကားကိုကြားသောအခါ
ထိုနေ့တွင်သူသေခြင်းမှမလွတ်
မြောက်နိုင်ကြောင်းသူသိလိုက်သည်၊
သူကခါးသီးစွာပြုံးလိုက်ပြီးပြောလိုက်သည်, “ဥက္ကဌကျို,
ခင်ဗျားရဲ့ကြင်နာမှုအတွက်ကျေးဇူးတင်ပါတယ်”

ကျိုဟန့်ဝူသည်သူ့လက်များကိုဝှေ့ယမ်းလိုက်ပြီးကျောက်
ကွမ်ယီကွဲ့ကိုအောက်ထပ်သို့
ခေါ်သွားရန်ညွှန်ကြားလိုက်သည်၊
“အစွန်းအထင်းတွေမရှိအောင်သေချာလုပ်၊
တစ်ယောက်ယောက်ကမေးရင်,

စာစဉ် ၁၅

စမ်းသပ်မှုမှားပြီးကံမကောင်းစွာနဲ့ဘဲသူတာဝန်ကျရာ
နေရာမှာဆုံးပါးသွားတယ်လို့ပြောလိုက်”

…

ကောင်းဖန်ကပိုပြီးရင့်ကျက်လာသည်နှင့်အမျှ
ကျီဟာန့်ဝူကသူ့ကိုကုမ္ပဏီရဲ့
အမှောင်ဘက်ခြမ်းနှင့်ရင်းနှီးစေခဲ့သည်။

သူ့မြေးကိုအမိုးအကာဖြစ်အောင်မပျိုးထောင်ချင်ပေ။

တောင်ပိုင်းကောင်းကင်အဆောက်အဦးကိုဝန်းရံထားေ
ော မြူများမှေးမှိန်သွားပြီး
နဂါးဖြူသည်ရေကန်ထဲသို့ပြန်ဝင်သွားတော့သည်။

ကောင်းဖန်ကသူမြက်ခင်းပေါ်သို့သွားလိုက်သည်နှင့်,
ဖုန်မှုန့်တွေကြားမြုပ်နေသော
ပင့်ကူကိုတွေ့လိုက်ရသည်၊
ခြေထောက်လက်ထောက်အနည်းငယ်သာ ပေါ်နေသည်၊

“ငါ့ရဲ့နဂါးဖြူကိုတောထဲသွားခိုင်းပြီး
သားရဲအနည်းငယ်လောက်မင်းအတွက်ဖမ်းခိုင်း
လိုက်မယ်၊
မင်းရဲ့အရိုးကောင်လေးကမြန်မြန်တိုးတက်ဖို့အတွက်ပြ
ည့်စုံတဲ့ ခန္ဓာကိုယ်တွေကိုလိုတယ်မလား?
ငါနဂါးဖြူကိုနည်းနည်းအဆင့်မြင့်တဲ့သားရဲတွေ
ဖမ်းဖို့ပြောလိုက်မယ်”
ကျိဟန့်ဝူကဖြည်းညှင်းစွာပြောလိုက်ပြီး
ကောင်းဖန်ဘေးသို့ လျှောက်သွားလိုက်သည်။

“ဒုက္ခရှာဖို့မလိုပါဘူးဗျာ....” ကောင်းဖန်က
သူ့အတွက်ဒီလိုလုပ်ဖို့နဂါးဖြူကို
သွားခိုင်းရတာအနည်းငယ်မသက်မသာခံစားနေရသည်၊

ကျိဟန့်ဝူကခေါင်းယမ်းလိုက်သည်။
“ဒုက္ခမဟုတ်ပါဘူးကွ, သူကအပြင်ထွက်ခိုင်းရင်

စာစဉ် ၁၅

အရမ်းပျော်တာလေ၊ သူကဖြစ်နိုင်ရင်, နေ့တိုင်းအပြင်မှာဘဲအချိန်ဖြုန်းချင်နေတာ”

“အဲ့လိုဆိုလဲ….”

ကောင်းဖန်ကရယ်ရမလား,ငိုရမလားပင်မသိတော့ပေ၊ နဂါးဖြူသည် ထိုကဲ့သို့သောပင်ကိုယ်စိတ်နေစိတ်ထားရှိမည်ဟုသူမျှော်လင့်မထားပေ။

နဂါးဖြူသည်အင်ပါယာအဆင့်သို့တိုးမြှင့်ထားပြီးသားဖြစ်သည်၊ ၎င်းသည်ယွိကျိုးမြို့ နှင့်ပတ်ဝန်းကျင်ဒေသများတွင်အစွမ်းထက်ဆုံးသားရဲဖြစ်သည်၊ စိတ်ဝိညာဉ်တောင်များပင်သိသိသာသာငြိမ်သက်နေခဲ့တာဖြစ်သည်။

သားသတ်ရုံနှင့်နဂါးဖြူသည်၎င်းအတွက်အစာကိုဖမ်းယူ ြငင်းဖြင့်ဒမ်ဘီ၏ဆင့်ကဲ ပြောင်းလဲမှုအမြန်နှုန်းသည်အမှန်တကယ်တိုးတက်လာ

ခဲ့တာဖြစ်သည်၊
ခုတ်လှေကားဖြင့်အပေါ်ကိုတက်သွားသလိုမျိုးပင်။

လေးရက်အကြာတွင်
ကေရာဇ်အဆင့်သို့တိုးမြှင့်သွားခဲ့သည်။

ညကခြောက်ကပ်နေသည်၊ဒမ်ဘီ၏ခေါင်းသည်ငိုက်စိုက်
ကျနေပြီး, မသေဆုံးနိုင်သော
မီးတောက်များသည်ရုတ်တရက်လျှံငြီးတောက်ပနေပြီး,
သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည်
မီးတောက်ထဲတွင်နစ်မြုပ်နေသည်။
မှောင်မဲနေသောပုံရိပ်ကမီးလျှံ၏အောက်တွင်
မြင်နေရသည်၊
မူလကအနီရင့်ရောင်သွေးကြောမျှင်နှလုံးသည်ရွှန်းလဲ့ေ
ာက်ပ
နေသောပုံစံဖြင့်သွေးကဲ့သို့ပင်ပြောင်းသွားသည်။သူ၏ရင်
ဘတ်အလယ်တွင်,

စာစဉ် ၁၅

ငှင်း၏နှလုံးက,ဖြည်းညှင်းစွာအပေါ်အောက်တက်လိုက်ကျလိုက်လှုပ်ရှားနေသည်။

ငှင်း၏အရိုးအဆစ်အချို့သည်ပို၍အဆင့်မြင့်ကာသေးငယ်သွားပြီး အနည်းငယ်သေးငယ်သောအရိုးများကသူ၏ခန္ဓာကိုယ်တစ်ဝိုက်တွင်ကြီးထွားလာကြ သည်။ ငှင်းသည်စက်ရုပ်တစ်ရုပ်လိုမျိုးရှုပ်ထွေးပြီးဆန်းပြားတဲ့အရာတစ်ခုလိုပင် ဖြစ်နေသည်။

မီးတောက်များကရုတ်တရက်ပျောက်ကွယ်သွားတော့သည်၊ မသေဆုံးနိုင်သောမီးတောက်များသည်ငှင်း၏မျက်အိမ်များဆီသို့ပြန်၍ရောက်ရှိသွားပြီး ငှင်း၏အနီရောင်နှလုံးသည်ပုံမှန်အဖြစ်သို့ပြန်လည်ရောက်ရှိသွားကာအရောင်များအားလုံးသည် တဖန်ပြန်၍မှိုင်းသွားခဲ့သည်။

[မကောင်းဆိုးဝါးအမည်]–အုပ်စိုးသူအရိုးစု

စာစဉ် ၁၅

[မကောင်းဆိုးဝါးအဆင့်]-အဆင့်၄၁

[မကောင်းဆိုးဝါးအဆင့်အတန်း]-ထူးခြားအဆင့်အတန်း

[မကောင်းဆိုးဝါးကျွမ်းကျင်မှုများ]-
အရိုးများသန်မာမှုအဆင့်၃, မသေဆုံးနိုင်မှုများကို
ထိန်းချုပ်နိုင်ခြင်းအဆင့်၂။

[ထူးခြားသောသွင်ပြင်လက္ခဏာများ]-
နှလုံးသွေးရှာဖွေသူ (သက်ရောက်မှု၁-
တုန်လှုပ်မှုမရှိသောအကျိုးသက်ရောက်မှု-
၎င်းသည်နှလုံးသွေးရှာဖွေသူ၏နှလုံးကို
ဖွဲ့စည်းရန်သွေးချည်မျှင်နှလုံးမှစွမ်းအင်ကို
အသုံးပြုမည်ဖြစ်သည်၊ သွေးရှာဖွေသူ၏
နှလုံးသည်တက်ကြွလာသောအခါတွင်၎င်းသည်ရိုးခွံဖုတ်
ကောင်လူဝံ၏စွမ်းရည်များ
အားလုံးကိုမြှင့်တင်ပေးလိမ့်မည်၊
အကယ်၍သွေးရှာဖွေသူတိုက်ခိုက်ခံရပါက,

စာစဉ် ၁၅

တုန်လှုပ်မှုမရှိသောစွမ်းရည်သည်ဖယ်ရှားခံရမည်ဖြစ်သည်။ သက်ရောက်မှု၂–လှုပ်ရှားနေချိန်တွင်, နှလုံး၏လုပ်ဆောင်ချက်များသည်တည်ငြိမ်နေမည်ဖြစ်ပြီး ၎င်းအားတည်ငြိမ်အောင်လုပ်ဆောင်ပေးနိုင်မည်ဖြစ်သည်၊ ၎င်းသည်နှလုံးခုန်နှုန်းနှင့်သွေးလည်ပတ်မှုနှုန်းကိုလည်းကျွမ်းကျင်စွာကိုင်တွယ်နိုင်မည်ဖြစ်သည်။)

မသေဆုံးနိုင်သောမီးတောက်(သက်ရောက်မှုတစ်, လှုပ်ရှားသက်ရောက်မှု;…)

[မကောင်းဆိုးဝါးအားနည်းချက်]–သန့်စင်သောအမျိုးအစားသားရဲများ

သွေးကြောမျှင်နှလုံးသည်နှလုံးသွေးရှာဖွေသူအဖြစ်သို့ဆင့်ကဲပြောင်းလဲသွားခြင်းဖြစ် သည်၊ သို့သော်, ဒမ်ဘီနှင့်အချိန်များစွာကုန်ဆုံးခဲ့ပြီးနောက်တွင်,ဒမ်ဘီ၏

စာစဉ် ၁၅

ရုပ်ပိုင်း
ဆိုင်ရာစွမ်းရည်သည်နှစ်ဆပိုပြီးသန်မာလာသည်ဟုကော
င်းဖန်သတိထားမိသည်။

ကောင်းဖန်သည်၎င်း၏သွေးလည်ပတ်မှုနှုန်းကိုထိန်းချုပ်
နိုင်စွမ်းရှိခြင်းအကြောင်းကို လည်းသတိပြုမိခဲ့သည်…

သွေးလည်ပတ်မှုနှုန်းကိုထိန်းချုပ်ခြင်းဖြစ်သည်၊
အကယ်၍အခွင့်အရေးရလျှင် ၎င်းကိုသုံးသင့်သည်။

ကေရာဇ်အဆင့်, ထူးခြားအဆင့်အတန်းသားရဲ၊
ကောင်းဖန်ကအရမ်းယုံကြည်မှုရှိသွား
သလိုခံစားလိုက်ရသည်၊
ဒီနှစ်ကမ္ဘာ့လူငယ်လေ့ကျင့်သူချန်ပီယံကတော့ ကိတ်မုန့်
အစိတ်အပိုင်းလေးအဖြစ်ဖြစ်သွားတော့မည်ဖြစ်သည်။

နောက်တစ်နေ့ကုန်ဆုံးသွားပြီဖြစ်သည်၊
နေ့သစ်တစ်နေ့ဖြစ်ပြီး, ကောင်းကင်ကြီးက

စာစဉ် ၁၅

တောက်ပနေသည်။

ကောင်းဖန်ကအဝတ်အစားဝတ်လိုက်ပြီး

သူ၏သားရဲများကို

သူ့ဘေးမှလိုက်ခိုင်းကာအပြင်သို့ထွက်လာခဲ့လိုက်သည်။

“ဒီနေ့ကနေစပြီးမင်းကိုတွေ့ရတော့မှာမဟုတ်ဘူး၊

အပြင်မှာရောက်နေချိန်ဂရုစိုက် နော်”

ကျီဟန့်ဝူကကောင်းဖန်၏ပုခုံးကိုပုတ်လိုက်သည်။

ကောင်းဖန်ကသူနားလည်ကြောင်းခေါင်းညိတ်ပြလိုက်သ

ည်။

“မှတ်ထား,

မင်းကအကြမ်းဖျင်းအသာစီးပိုင်ထားသရွေ့တော့

ယာယီဆုံးရှုံးမှု ဒါမှမဟုတ်

ဆုတ်ယုတ်သွားမှုအန္တရာယ်ရှိမှာမဟုတ်ဘူး”

ကျီဟန့်ဝူကစိုးရိမ်ပူပန်စွာဖြင့် ထပ်ပြောလိုက်သည်။

စာစဉ် ၁၅

ကောင်းဖန်သည်သူ့ကားပေါ်သို့တက်လိုက်ပြီးယွိကျိုးမြို့လေဆိပ်သို့သွားခဲ့သည်၊
လေဆိပ်သို့ရောက်သွားသောအခါမြို့တော်သို့လေယာဉ်ပြင့်သွားလိုက်သည်။

ပထမဆုံးကမ္ဘာ့လူငယ်လေ့ကျင့်သူချန်ပီယံကဟွားရှားနယ်ပယ်မြို့တွင်ကျင်းပမည် ဖြစ်သည်။

***

# စာစဉ် ၁၅

စာစဉ် ၁၅

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း၂၃၇*

ကပ်ဆိုးကြီးမတိုင်ခင်တုန်းက, ယွိကျိုးလေဆိပ်သည်ကျယ်ဝန်သောနိုင်ငံတကာလေဆိပ်ဖြစ်ခဲ့ပြီးခရီးသည်များစီးနင်းမှုများပြားကြသည်။

ကပ်ဆိုးကြီးပြီးတော့, အနောက်ပိုင်းဒေသရှိအရေးကြီးသောလေယာဉ်ပျံသန်းမှုအခြေစိုက်စခန်းဖြစ်လာစေရန်ပြန်လည်ပြုပြင်မွမ်းမံထားသည်၊ ဟွားရှားရှိလေဆိပ်နှစ်ခုအနက်မှတစ်ခုအဖြစ်လည်းစာရင်းဝင်ခဲ့သည်။

အမှန်တော့,တောင်ထူထပ်တဲ့ယွိကျိုးမှာကျယ်ဝန်းတဲ့လေဆိပ်တစ်ခုတည်ဆောက်

ရတာကုန်ကျစရိတ်အလွန်ကြီးလှသည်။
ယွိကျိုးလေဆိပ်ကိုပြန်လည်မွမ်းမံပြင်ဆင်ပြီး
ပြန်၍တည်ဆောက်ရာတွင်လူအင်အားများစွာနှင့်
ပစ္စည်းအရင်းအမြစ်များစွာလိုအပ် သည်။

ငွေဖြူရောင်ခန်းမကြီးသည်လေဆိပ်ဝင်ပေါက်အတွင်းတွ
င်မြင့်မားစွာရှိနေသည်၊
ကပ်ဆိုးကြီးဖြစ်ချိန်မှစ၍ပျံသန်းခြင်း၏အန္တရာယ်ရှိမှုကပြ
ြင့်တက်လာပြီး လေယာဉ်များ
ဆိုက်ရောက်မှုနှင့်ထွက်ခွာမှုအကြိမ်ရေများလျော့ကျလာ
ကာ မူလအရည်အသွေးမြင့်မှ
ဈေးသက်သာသောသယ်ယူပို့ဆောင်ရေးဇိမ်ခံပစ္စည်းအဖြ
စ်သို့ပြောင်းသွားတော့သည်။

အဆင့်အတန်းမြင့်ကားများနှင့်ဇိမ်ခံထရပ်ကားအများအပြ
ြားသည်လည်း လေဆိပ်ရှေ့၌ ရပ်နေကြသည်၊
ခရီးဆောင်အိတ်များနှင့်တချို့သောခရီးသည်များက

ခရီးမထွက်မီ

သူတို့၏ဆွေမျိုးများနှင့်သူငယ်ချင်းများကိုပွေ့ဖက်ထား<br>ြသည်။

လေဆိပ်လုံခြုံရေးလမ်းကြောင်းတွင်ရိုင်ဖယ်သေနတ်မျာ<br>းနှင့်ကျည်များကိုင်ဆောင်<br>ထားကြသောစစ်သားများတာဝန်ကျသည်။

ဒါရိုက်ဘာကထိုင်ခုံမှလျင်မြန်စွာထလာပြီးခရီးဆောင်အိ<br>တ်ကိုသယ်ရန်ရည်ရွယ်ကာ<br>ကောင်းဖန်ကိုတံခါးဖွင့်ပေးလိုက်သည်။

"ဟင့်အင်း, ကျေးဇူးတင်ပါတယ်၊<br>ကျွန်တော်ကိုယ်တိုင်လုပ်နိုင်တယ်" ကောင်းဖန်က<br>ဒါရိုက်ဘာ၏ကမ်းလှမ်းသည်ကိုငြင်းပယ်လိုက်ပြီးပြော<br>လိုက်သည်, "ကျွန်တော်ဒီမှာဘဲ ဆင်းတော့မယ်၊<br>ခင်ဗျားပြန်သွားလို့ရပြီ"

## စာစဉ် ၁၅

ဒါရိုက်ဘာကကားပြန်မောင်းမသွားခင်ခေါင်းဖန်ကိုဦးညွှတ်လိုက်သည်။

ကြီးမားသောထရပ်ကားကြီးကသူတို့နောက်မှရပ်လာပြီးနောက်ခန်းထဲမှ သားရဲများစီတန်း၍ထွက်လာသည်။

သစ်သီးဖျော်ရည်တစ်ပုလင်းကိုသယ်ဆောင်လာရင်းဆီလီသည်ဖြည်းညှင်းစွာပျံဝဲလာ
ပြီးကောင်းဖန်၏ပုခုံးကိုငင်း၏ဘဝဲလက်ဖြင့်တိတ်တဆိတ်ကိုင်လိုက်သည်၊
ငင်း၏သခင်ပြန်၍မတုံ့ပြန်တာကိုသတိထားမိသွားပြီး,
ဆီလီကနီးကပ်လာစေရန်
တိတ်တဆိတ်ချဉ်းကပ်ရန်ရည်ရွယ်ကာ....

ဖတ်!

သူ့ခေါင်းကိုပင်မလှည့်ဘဲကောင်းဖန်ကဆီလီ၏အေးမြ၍နူးညံ့သောခန္ဓာကိုယ်ကို
တိကျစွာဖြင့်သူ၏ဘယ်လက်ဖြင့်ဖမ်းဆွဲလိုက်သည်။

စာစဉ် ၁၅

“ပုချီ, ပုချီ…”
ဆီလီကမကျေနပ်စွာဖြင့်ရုန်းကန်တော့သည်။

လေဆိပ်လုံခြုံရေးစာရင်းသွင်းသည့်လမ်းကြောင်းဘေးတွင် သားရဲများအတွက် အထူးလမ်းတစ်ခုရှိသည်။

ကောင်းဖန်သည်သူကိုယ်တိုင်လူများစာရင်းစစ်သည့်နေရ ာသို့ဖြတ်သွားစဉ် သူ၏သားရဲ
အနည်းငယ်ကိုလည်းလုံခြုံရေးစာရင်းသွင်းသည့်နေရာသို့လွှတ်လိုက်သည်။

လေဆိပ်ကအတော်လေးကျယ်ဝန်းပြီး,
မျက်နှာကျက်တွင်အပူပေးမီးအိမ်များဖြင့် ကာထားသည်၊
ကြမ်းပြင်သည်မာကျောအောင်နှင့်ချောမွတ်သောကျောက်မာအနက်
ဖြင့်ပြုလုပ်ထားသောကြောင့်အလင်းရောင်အောက်တွင် ထူးထူးခြားခြား အံ့ဝင်ခွင်ကျ ဖြစ်နေသည်။

စာစဉ် ၁၅

သားရဲအချို့သည်အလွန်ကျယ်ဝန်းသောလေဆိပ်ညှော့ခန်းမှလျှောက်လာကြသည်။
လေဆိပ်တွင်ရှိနေခြင်းကြောင့်၎င်းတို့၏အဆင့်အတန်းသည်သာမန်ဟုတ်မည်မဟုတ် ပေ။
တစ်ဆက်တည်းမှာပင်,
၎င်းတို့၏အဆင့်များသည်ယေဘုယျအားဖြင့်မြင့်မားကြသည်။

“အွန်,အွန်”
ဝက်တစ်ကောင်၏အသံကနားထဲတွင်ပင့်တင်ထပ်လာသည်။

သူ့ခေါင်းကိုမော့ကြည့်တော့ကောင်းဖန်ကကြီးမားသောသားရဲကသူ့အားဖြတ်သွား သည်ကိုတွေ့လိုက်သည်။

ဒီသားရဲကအတော်လေးထူးဆန်းသည်၊
၎င်းကသေးသွယ်တဲ့ပုံစံရှိပြီး, ၎င်းတွင်ထူထဲ၍

သန်မာသောခြေလက်များရှိသည်။

၎င်း၏ခေါင်းသည်ဖွတ်တစ်ကောင်နှင့်ပင်တူလှ သည်။

ကြီးမားသောခေါင်းနှင့်ကြီးမားသောနားရွက်များ,မျက်လုံ းများကချိုင့်ဝင်နေပြီး,

ကြီးမားသောနားရွက်ကြီးများကညွတ်ကျနေကာကြီးမား သောသစ်ရွက်ပန်ကာများ ကဲ့သို့ဖြစ်နေပြီး

၎င်း၏နှာခေါင်းဘေးတွင်လည်းပါးသိုင်းမွှေးများကဲ့သို့ပင် ရှိနေသည်။

ဒီသားရဲကဖ၆၅ပေရှည်ပြီးပေ၂၀မြင့်သည်၊

၎င်း၏ကြီးမားသောအရွယ်အစားနှင့်အတူ

၎င်းသည်လေဆိပ်ခန်းမတွင်သာမန်မဟုတ်စွာဖြင့်ရှိနေသ ည်။

ကောင်းဖန်သည်ဤမျှကြီးမားသောသားရဲရှိသူကိုလေယ ာဥ်ပေါ်သို့ဘယ်လို

သယ်ဆောင်မည်ဆိုတာကိုသိချင်နေသည်၊ထိုသားရဲတစ်

စာစဉ် ၁၅

ကောင်တည်းနှင့်ပင်

လေယာဉ်၏ခရီးသည်ခန်းတစ်ခုလုံးကိုသိမ်းထားနိုင်သ
ည်။

[မကောင်းဆိုးဝါးအမည်]–ဝက်နဂါး

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၃၈

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးကျွမ်းကျင်မှု]–
အဆီသိုလှောင်ခြင်းအဆင့်၁, အူတွင်းသန်မာမှုအဆင့်၁,
ကြမ်းတမ်းသောဝက်အရေပြားအဆင့်၁

[မကောင်းဆိုးဝါးစွမ်းရည်]–မြေကြီး

[မကောင်းဆိုးဝါးအခြေအနေ]–ကျန်းမာ(ဗိုက်ဆာနေ)

[မကောင်းဆိုးဝါးဦးစားပေးမှု]–
စားခြင်း/ဇာတ်ကားကြည့်ခြင်း/အိပ်ခြင်း

[မကောင်းဆိုးဝါးအားနည်းချက်]-၁-

သစ်သားအမျိုးအစား၊ ၂-အစာအိမ်အက်ဆစ်အား

ကောင်းသောကြောင့်အစာအိမ်အိတ်ကိုဆွေးမြေ့စေသော

ကြောင့်အချိန်အကြာကြီး အစာမစား။

[မကောင်းဆိုးဝါးမိတ်ဆက်]-နဂါးသွေးနိုးကြွကာ,

ကြီးမားသောစားချင်စိတ်,

စွမ်းအားပြည့်ဝသောအစာကြေခြင်းစွမ်းအင်,

ရှိသောမွေးမြူရေးဝက်မှဆင့်ကဲပြောင်းလဲ

လာကာဒင်းကိုအစုံစားသားရဲအဖြစ်ခွဲခြားသတ်မှတ်ထား

ြသည်။

ကောင်းဖန်ကအံ့သြသွားတော့သည်၊

ဒင်းသည်ဝက်မွေးမြူရေးခြံမှဆင့်ကဲပြောင်းလဲ

လာသောကြောင့်ဒင်း၏ကျွမ်းကျင်မှုများနှင့်စွမ်းရည်များ

သည်ဒင်း၏မိတ်ဆက်နှင့်

အတော်လေးကိုက်ညီလှသည်။

စာစဥ် ၁၅

ထိုဆာလောင်နေသောသတ္တဝါသည်တွေ့သမျှကိုမစားဖို့မျှော်လင့်ပါသည်၊
ထိုအတွေးနှင့်ပင်ကောင်းဖန်ကထိုဝက်နဂါးနှင့်ဝေးရာသို့ရွေ့သွားလိုက်သည်။

ကောင်းဖန်ကနေရာတစ်နေရာကိုတွေ့ပြီးထိုင်လိုက်သည်။ဒမ်ဘီ၏ပြည့်ဝသောအရိုးစုပုံစံကအများ၏အာရုံစိုက်မှုကိုရသွားပေမယ့် စက္ကန့်အနည်းငယ်လောက်ကြည့်ပြီးနောက်၎င်းတို့၏အမြင်လမ်းကြောင်းကပြောင်းလဲသွားေ ေ့သည်။ ယွိကျိုးမြို့တွင်ဖုတ်ကောင်အမျိုးအစားသားရဲများသည်အလွန်ရှားသော်လည်း, သူတို့ကရှားပါးရုံသာ ဖြစ်သည်။

ထို့နောက်တွင်တော့, ယွိကျိုး၏အရှေ့တောင်ဘက်ရှိရှန်းရှီဖြစ်သည်။

သူတာဝန်ယူထားသည့်သားရဲများနှင့်ပတ်သတ်၍ဒမ်ဘီသာလျှင် ဧကရာဇ်အဆင့်သို့ တက်လှမ်းခဲ့သည်၊

စာစဉ် ၁၅

ဖလိမ်မီကအဆင့်၃၄သို့ရောက်နေပြီးနောက်ဒုတိယနေရ ာတွင်ရှိ သည်။

ထို့အပြင်တာ့ဇီနှင့်အစင်းလေးတို့ကအဆင့်၃၁, ဆီလီကအဆင့်၂၆နှင့်ဂိုဒီကအဆင့်၂၅ တို့၌ရှိကြသည်။

၎င်းတို့ကကောင်းဖန်၏လက်အောက်ရှိသားရဲများ၏အ ဆင့်များဖြစ်ကြသည်။

တစ်နှစ်ခွဲအတွင်းထိုသို့သောအဆင့်သို့မြှင့်တင်နိုင်ခြင်းမှာ အာဟာရကောင်းများရရှိရန် အဓိကအားဖြင့်နေ့စဉ်အရည်အသွေးမြင့်ပါဝင်ပစ္စည်းများ ကိုသာစားသုံးခြင်းကြောင့် ဖြစ်သည်။

ဥပမာအားဖြင့်,ဖလိမ်မီသည်သိပ်ပြီးမပိန်ပါးသေးပေမယ့် ...၎င်း၏အမွေးများကတော့ တောက်ပနေကြသည်။

“အွန်, အွန်”
ဝက်နဂါးသည်ညှော့ခန်းထဲတွင်ခဏလောက်နေပြီးနောက်

စာစဉ် ၁၅

ဆုံးတွင်
ကောင်းဖန်နှင့်သိပ်မဝေးသည့်နေရာ၌ရပ်လိုက်သည်၊
၎င်းနှင့်ဆန့်ကျင်ဘက်တွင်တော့
အမျိုးသားတစ်ဦးကထိုင်နေသည်။

ခဏကြာပြီးနောက်,ထိုအမျိုးသားကအော်တော့သည်,
“မင်းကဘာလို့မကြာခဏ ဗိုက်ဆာနိုင်ရတာလဲ?
မင်းလေဆိပ်ကိုမလာခင်ကမုန့်သွားနှစ်ကောင်စားထားတာ
မဟုတ်ဘူးလား?”

ကောင်းဖန်ကသူ့အကြည့်များကိုဝက်၏အရွယ်အစားအာ
ားစိုက်ကြည့်ရင်း,
ထိုလူ့အတွက်တိတ်တဆိတ်ကြေကွဲမိသည်။

ဒါကအတော်လေးကိုကြောက်ဖို့ကောင်းတယ်....

အဘိုး၏နဂါးဖြူသည်၎င်း၏နေ့စဉ်စွမ်းအင်သုံးစွဲမှုအများ
စုကိုဖာထေးမိစေရန်

စာစဉ် ၁၅

တိမ်များနှင့်ရေများကိုနေ့စဉ်အစားကျွေးသည်၊
အသားသည်လည်းရွေးချယ်နိုင်သည်၊
အစားစားပြီးနောက်အချိုပွဲအဖြစ်သတ်မှတ်သည်။

အဘိုးကနဂါးဖြူ၏အချိုပွဲအဖြစ်လတ်ဆတ်တဲ့ပင်လယ်စ ာကုန်တင်ကားတစ်စီး သယ်လာပေးသည်။
ထိုကုန်တင်ကားကြီးကာဗာဘီးပါဝင်သည်။

သာမန်မိသားစုများဆိုလျှင်၎င်းကိုခက်ခဲစွာကြိုးစားအား ထုတ်ရမည်…ဒီလိုစားခြင်းက
သူတို့ကိုဒေဝါလီခံနိုင်စေသည်။

ထိုသားရဲကြီး၏အရွယ်အစားမှာ
နဂါးဖြူထက်များစွာသေးငယ်သော်လည်း
၎င်း၏အစာစားချင်စိတ်မှာတော့အတော်လေးကြီးမားလှ သည်။

စာစဉ် ၁၅

"ငါမင်းကိုကျွေးမွေးဖို့ငါရတဲ့ပိုက်ဆံတွေအကုန်သုံးနေရတယ်, ဝက်နဂါးရဲ့" ထိုလူက
မျက်ရည်ကျလုနီးပါးပင်ဖြစ်နေသည်။
"လေဆိပ်ကအစားအစားတွေရဲ့ဈေးနှုန်းက
အတော်လေးကုန်ကျတယ်ဟ၊
အမဲသားခေါက်ဆွဲတစ်ပန်းကန်နဲ့တင်ကို ၅၀ဒေါ်လာကျနေပြီ၊ မင်းအဲ့တာကိုသည်းမခံနိုင်ဘူးလား?"

"အွန်, အွန်" ဝက်နဂါးကပြန်၍မတုန့်ပြန်ပေ၊
တစ်ဝက်ကဒူးထောက်၍လဲလျောင်းနေ
ပြီးတစ်ဝက်ကတွန့်လိမ်နေကာအဆီကျနေသောအသားများသည်လှိုင်းလုံးကဲ့သို့ တဟုန်ထိုးခုန်နေကြသည်။

"မင်းငါ့ကိုဘာလို့မစားလိုက်တာလဲ၊
ပေါင်၁၀၀ရှိတဲ့ငါ့ကိုစားလေ" ထိုလူက
မျှော်လင့်ချက်မဲ့ကာပြောလိုက်သည်။

အဆုံးမှာတော့,
ထိုလူကလေဆိပ်တာဝန်ခံကိုခေါ်၍ပြောလိုက်သည်,
“ဒီဝက်နဂါးက သူတောင့်တလာရင်ဘာမဆိုစားတယ်၊”
ထိုလူကငိုတော့မလိုဖြစ်နေပေမယ့်,
မျက်ရည်တွေကထွက်မလာပေ။

လေဆိပ်မှဝန်ထမ်းအလုပ်သမားများသည်ရုတ်တရက်ထိ
တ်လန့်သွားကြပြီး, သတိကြီး
စွာဖြင့်ကြည့်လိုက်ကြသည်။

“စိတ်မပူပါနဲ့, ငါလေ့ကျင့်ပေးပြီးသားပါ၊
လူတွေကိုတော့မစားဘူး” ထိုလူကလက်ကို
ဝှေ့ယမ်းကာပြောလိုက်သည်။ “ဗိုက်ဆာရင်စားပွဲတွေ,
ကုလားထိုင်တွေစားတယ်.... ပြောရမယ်ဆိုရင်
ဘာမဆိုစားတယ်ကွာ”

နောက်ဆုံးတွင်တော့,
ထိုလူနှင့်လေဆိပ်မှညှိနှိုင်းသဘောတူခဲ့သည်၊

## စာစဉ် ၁၅

သူသည်အထူးနည်းလမ်းများဖြင့်လေဆိပ်သို့အသားတစ်ဒါဇင်ကျော်ပို့ပေးရန်အတွက်မဟာမိတ်ခရက်ဒစ်တစ်သန်းကိုအသုံးပြုခဲ့ရသည်။

အသားကိုမြင်သည်နှင့်ဝက်နဂါး၏မျက်လုံးများကတောက်ပလာတော့သည်၊ ထုပ်ပိုးထားသောအသားများကိုတင်ဆောင်လာသောကုန်တင်ကားဆီသို့ ချက်ချင်း ပြေးသွားသည်၊ ဝက်နဂါး၏ခန္ဓာကိုယ်မှအဆီများသည်အချင်းချင်းထိမိသွားပြီး ‘ဖတ်,ဖတ်,ဖတ်’ ဟူ၍ပင်အသံများထွက်လာသည်။

“အဲ့တာ, ကောင်းဖန်မဟုတ်လား?” အဝေးကလေဆိပ်ဧည့်ခန်းထဲကတစ်ယောက်ကသူ့လက်ကိုမြှောက်ပြီးနောက်တစ်ဖက်မှာထိုင်နေတဲ့ကောင်းဖန်ဆီသို့ညွှန်ပြလိုက်သည်။

စာစဉ် ၁၅

"ဟေး, ကြည့်ရတာတကယ်ကောင်းဖန်ဘဲ၊ သူလည်းလေဆိပ်မယ်"

"ဒါပေမယ့်အကြောင်းက, သူဘာလို့လေဆိပ်မှာထိုင်နေတာလဲ? ငါ့အထင်တော့ သူကကမ္ဘာ့လူငယ်လေ့ကျင့်သူချန်ပီယံပွဲကနေထွက်ပြီး သားမဟုတ်ဘူးလား?" တစ်ယောက်ကစဉ်းစားမရစွာဖြင့်မေးလိုက်သည်။

သူကယ္ပိကျိုးကျောင်းသားအသင်းအဖွဲ့မှတစ်ဦးဖြစ်ပြီး, သူကအထူးသဖြင့်မြို့တော်သို့, သားရဲလေ့ကျင့်သူလူငယ်ချန်ပီယံပွဲအားကြည့်ရန်သွားခြ င်းဖြစ်သည်။ ထို့နောက်, ဘယ်သူကမှဒီလိုကြီးကျယ်ခမ်းနားတဲ့ပွဲကိုကြည့်ဖို့အခွင့် အရေးအား လက်လွှတ်ခံချင် မည်မဟုတ်ပေ။

စာစဉ် ၁၅

တစ်ချိန်တည်းမှာပင်,

ကျောင်းသားသမဂ္ဂအသင်းအဖွဲ့မှကျွင်းမော့ယီကိုလည်း

သွား၍အားပေးရန်ရည်ရွယ်ထားတာဖြစ်သည်။

အစပိုင်းတွင်တော့ကောင်းဖန်သည်လည်းအရည်အချင်းပြ

ြည့်မှီပေမယ့် ဒုတိယအကြိမ်

စာမေးပွဲပြီးဆုံးပြီးနောက်တွင်တတိယအချိ၌ကောင်းဖန်

ကထွက်ရန်ရွေးချယ်ခဲ့သည်။

ဟန်ယွမ်မင်း၏တကြွကြွဖြစ်နေမှုနှင့်ရာထူးတိုးမြှင့်ခြင်းေ

ောက်တွင်, လူအများစုကတော့,မလိုလားပေမယ့်,

ငင်းကဟွားရှားနယ်ပယ်တစ်ခုလုံးတွင်လူသိများ

နေပြီဖြစ်သည်။

နောက်ဆုံးတွင်တော့,

ထိုနေရာမှာမရှိသင့်တဲ့လူတစ်ယောက်ကရုတ်တရက်ပေါ်

လာ ခဲ့တာဖြစ်သည်။

စာစဉ် ၁၅

"မဟုတ်ရင်,
သူ့ရဲ့ဆုံးဖြတ်ချက်မှားယွင်းသွားတာကိုနောက်တရသွားပြီး, ပြိုင်ပွဲကို ကြည့်ဖို့လာတာများလား?"
တစ်စုံတစ်ယောက်ကတီးတိုးပြောလိုက်သည်။

***

# စာစဉ် ၁၅

စာစဉ် ၁၅

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း ၂၃၈*

အဖွဲ့တစ်ခုလုံးကထိုစကားကိုပြောလိုက်ချိန်ငြိမ်သက်သွာ
းကြသည်။

ကျောင်းသားအသင်းအဖွဲ့မှတစ်ချို့သောအဖွဲ့ဝင်များက
တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်ကြသည်၊
သူတို့ကဘာပြောရမှန်းမသိဖြစ်နေသည်။

ကျောင်းသားအသင်းအဖွဲ့မှလူများနှင့်ကောင်းဖန်ကြားဆ
က်ဆံရေးကရှုပ်ထွေးလှသည်၊

ချန်ကျန့်မင်နှင့်အဖြစ်အပျက်ကြုံပြီးသည့်အခါ၌ကျောင်း
သားအသင်းအဖွဲ့ဝင်အများစု
သည်ကောင်းဖန်ကိုမကျေမနပ်ဖြစ်ခဲ့ကြသည်။
ချန်ကျန့်မင်ကသူတို့ထဲကတစ်ယောက် ဖြစ်သည်၊

စာစဉ် ၁၅

ချန်ကျန့်မင်သည်အနည်းငယ်ချမ်းသာသော်လည်း ကျောင်းသားအသင်းအဖွဲ့ များကိုအလွန်ရက်ရောသည်၊ သူတို့အတွက်နှင့်ပိုက်ဆံသုံးဖို့အတွက်တွန့်ဆုတ်မနေချေ၊

ကျောင်းသားအသင်းအဖွဲ့မှဘယ်သူကိုမဆို တစ်ယောက်ကအနိုင်ကျင့်လျှင်, သူတို့ကသေချာပေါက်အကျိုးဆက်နှင့်တွေ့ဆုံမည်ဖြစ်သည်။

သို့သော်,

ချန်ကျန့်မင်၏မိတ်ဆွေတုသူငယ်ချင်းများကသူ့ကိုယ်စားပြန်ပေးဆပ်စေချင် ကြပေမယ့် ချန်ကျန့်မင်ကတားခဲ့သည်။ တစ်ချိန်တည်းမှာပင်ကောင်းဖန်၏နောက်ခံ မိသားစုအချက်အလက်များကပျံ့နှံ့သွားခဲ့သည်။

တောင်ပိုင်းကောင်းကင်အဖွဲ့မိသားစု။

စာစဉ် ၁၅

သူတို့အားလုံးကယွိကျိုးတက္ကသိုလ်မှကျောင်းသားတွေဖြ
စ်သည်၊ သူတို့အတွက်
တောင်ပိုင်းကောင်းကင်အဖွဲ့အကြောင်းမသိစရာအကြေ
ာင်းမရှိပေ၊ သူတို့ဝယ်တဲ့ နေ့စဉ်သုံးပစ္စည်းတွေတောင်
တောင်ပိုင်းကောင်းကင်အဖွဲ့ကလာတာဖြစ်သည်။

ထိုအချိန်တွင်လူတိုင်း၏လည်ချောင်းအတွင်း၌တစ်ခုခုက
ပ်နေပုံရသည်။

မိသားစုနောက်ခံအကြောင်းပြောရရင်,ယွိကျိုးမြို့မှာဘ
ယ်သူမှကောင်းဖန်ကို ယှဉ်နိုင်မည်မဟုတ်ပေ၊
ကောင်းဖန်နှင့်ယှဉ်နိုင်သူများမှာယွိကျိုးအခြေစိုက်စစ်တ
ပ်မှ ရာထူးမြင့်သူ၏သား ဒါမှမဟုတ်
မြို့တော်ဝန်၏သားတို့ဖြစ်သည်။

အဖြစ်အပျက်ကတဖြည်းဖြည်းပျောက်ကွယ်သွားသည်၊
ဘယ်သူကမှထပ်မပြောကြ တော့ပေ။

ထို့နောက်ဘွဲ့ရပြီးသောကျောင်းမှစီနီယာကျောင်းသား လီယွီကျား၏ပြဿနာကိုလည်း ဖြေရှင်းခဲ့သည်၊ ကောင်းဖန်ကများစွာသောဖြစ်ရပ်များတွင်ကူညီခဲ့သည်။

ကျောင်းသား အသင်းအဖွဲ့မှထိုအဖြစ်အပျက်အတွင်းအတူရှိနေသည့်အဖွဲ့ဝင်များသည်သူ့အား အပြုသဘောဆောင်ကာအထင်ကြီးစွာဖြင့်ထွက်လာခဲ့ပြသည်၊ ကောင်းဖန်သည် ကောလဟာလများထွက်နေသလို မာနကြီးပြီး စက်ဆုပ်ဖွယ်ကောင်းပုံတော့မပေါ်ပေ။

ကောင်းဖန်ဆီသို့လာသောအခါတွင် ကျောင်းသားအသင်းအဖွဲ့မှအဖွဲ့ဝင်များသည် အဖွဲ့နှစ်ဖွဲ့ခွဲလိုက်ကြသည်။ သူတို့ထဲကတစ်ချို့ကကောင်းဖန်ကိုသိပ်မကြိုက်ကြပေ,

စာစဉ် ၁၅

တခြားအဖွဲ့ကလူတွေကတော့တောင်ပိုင်းကောင်းကင်အဖွဲ့တွင်အချိန်တိုအတွင်း
အလုပ်ရစေရန်အတွက်လိုလားကြသည်။

ချန်ကျန့်မင်သည်လေဆိပ်၏အဖွဲ့ထဲမှတစ်ယောက်အပါအဝင်ဖြစ်သည်၊ ကောင်းဖန်ကို
မြင်သည်နှင့်သူ့မျက်နှာမှာဖတ်မရသည့်အမူအရာများပေါ်လာသည်၊ သူ့အဖေက
သူတို့မြို့မှယွိကျိုးမြို့အထိတောင်ပိုင်းကောင်းကင်ဌာနချုပ်အရောက်ကောင်းဖန်အား
တောင်းပန်ရန်အတွက်အပြေးအလွှားရောက်လာခဲ့သည်၊
အဆုံးမှာတော့, ကောင်းဖန်ကပေါ်တောင်မလာခဲ့ပေ၊
ဥက္ကဋ္ဌကျီ၏အကြောင်းကြားစာတစ်စောင်ကသာ
ရောက်လာခဲ့သည်။ အကြောင်းကြားစာတွင်,
ကလေးတွေကြားဖြစ်သောကိစ္စဖြစ်တာ
ကြောင့်ချင်မိသားစုစိုးရိမ်စရာမလိုကြောင်းဖြစ်သည်။

စာစဉ် ၁၅

ဒီအဖြစ်အပျက်အပြီးတွင်,

ချန်ကျန့်မင်ကအနည်းငယ်ရင့်ကျက်လာခဲ့သည်၊ သူ၏ကျွဲမြီးတိုတတ်သောကိုယ်ရည်ကိုယ်သွေးကသိသိသာသာချောမွေ့သွားခဲ့သည်။

ချန်ကျန့်မင်ကကောင်းဖန်ကိုကြည့်နေတာရပ်လိုက်ပြီးနောက်, သူ့သားရဲကို တိတ်တဆိတ်ကြည့်လိုက်သည်။

အစွန်းများတွင်ထောင့်ချွန်းများဖြင့်စူးရှနေပြီး စားပွဲခုံလောက်ကြီးမားသော ပင်လယ်လိပ်ကြီးတစ်ကောင်ဖြစ်သည်၊ ၎င်း၏ခြေထောက်များကိုအကြေးခွံများဖြင့် အုပ်ထားပြီး၎င်းကျောခွံ၏အစွန်းတွင် ချွန်ထက်သောဆူးတစ်ချို့ရှိသည်။

“အိုး,စိတ်မကောင်းစရာဘဲ၊ အကယ်၍ကောင်းဖန်သာလူငယ်လေ့ကျင့်သူချန်ပီယံပွဲမှာ ပါရင်,

ငါတို့ယှိုကျိုးကပြိုင်ပွဲဝင်သုံးဦးဖြစ်သွားလိမ့်မယ်”
ငွေရောင်ဆံပင်ဖြင့်
ကောင်လေးကသက်ပြင်းချလိုက်သည်။

“အင်ပါယာတက္ကသိုလ်ကအရာရှိလောင်းသုံးယောက်ပါတယ်ဆိုတာငါသိတယ်၊
သူတို့အတွက်အရမ်းဂုဏ်ယူနေကြတာလေ,
တက္ကသိုလ်ဖိုရမ်မှာရွှေ,ငွေ,ကြေးတွေရဖို့
အမြဲပြောနေကြတာ”
အနီရောင်တီရှပ်ဝတ်ထားသည့်ခပ်ထွားထွားသူတစ်ဦးကပြော လိုက်သည်၊
အာလူးကြော်အနည်းငယ်လည်းသူ့ပါးစပ်ထဲသို့ပစ်လိုက်သေးသည်။

ကောင်းဖန်အတွက်ကတော့သူတို့ကအသေးအမွှားကိစ္စတွေသာဖြစ်သည်။ သူနှင့်ခဏ
လောက်ဆွေးနွေးပြီးနောက်

စာစဉ် ၁၅

သူတို့၏ခေါင်းစဉ်များကတဖြည်းဖြည်းပြောင်းလဲသွား တော့သည်။ သူတို့၏ခေါင်းစဉ်ဆွေးနွေးမှုများသည် ပြိုင်ပွဲတွင်အနိုင်ရရှိမှုနှင့်, မတူညီသောနိုင်ငံများမှဘယ်လိုသားရဲအမျိုးအစားတွေေ ေါ်လာကြမလဲဆိုတာတွေသာ ဖြစ်သည်။

တစ်ဖက်တွင်ထိုင်နေသောကောင်းဖန်ကသူတို့အားလုံး ကိုမြင်လိုက်သည်၊ ကျွင်းမော့ယီကသူတို့အဖွဲ့ထဲကတစ်ယောက်ဖြစ်သည်။ ကောင်းဖန်ကသူ့ကို ခေါင်းညိတ်ပြလိုက်သည်။

ခဏလောက်ကြာတော့လေဆိပ်ဝန်ထမ်းတစ်ယောက် ကကောင်းဖန်ဆီသို့ရောက်လာ သည်။ သူ့ခေါင်းငုံ့လိုက်ပြီးကောင်းဖန်ကိုညင်သာစွာပြောလိုက် သည်။ “ဟယ်လို, မစ္စတာကောင်း, ကိုယ်ပိုင်လေယာဉ်ကထွက်ဖို့အဆင်သင့်ဖြစ်ပါပြီ၊ သွားဖို့အသင့်ဖြစ်ပြီ လားဗျ?”

စာစဥ် ၁၅

ကောင်းဖန်ကခေါင်းညိတ်လိုက်သည်၊ "သွားကြစို့"

ကောင်းဖန်ကခဏလောက်စဉ်းစားလိုက်ပြီးနောက်, ကျွင်းမော့ယီဆီသို့လျှောက်သွား လိုက်သည်။ နောက်ဆုံးတော့လည်း, သူတို့ကမွေးရပ်မြေတူတူဖြစ်သည်။

"ညီမကျွင်း...ကျွင်းမော့ယီ, ငါ့လေယာဉ်ကထွက်တော့မယ်၊ လေယာဉ်ထဲမယ် ထိုင်ခုံတွေအများကြီးရှိသေးတယ်၊ မင်းငါနဲ့လိုက်ချင်လား? ဘယ်လိုဘဲဖြစ်ဖြစ်, လေဆိပ်မှာစောင့်နေတာအချိန်ဖြုန်းသလိုဖြစ်နေလိမ့်မယ်"

ကိုယ်ပိုင်လေယာဉ်... သူကအဲ့လောက်တောင်ချမ်းသာတာလား?

စာစဥ် ၁၅

အဖွဲ့လိုက်လူများကအံ့သြနေတော့သည်၊

တစ်စုံတစ်ယောက်ကရုတ်တရက်

ရေပန်းစားနေသောစကားကိုစဥ်းစားကာပြောလိုက်သည်

, “ချမ်းသာတဲ့လူတွေက ပျော်ရွှင်တယ်လို့မင်းထင်လား?

ဟုတ်တယ်, သူတို့ရဲ့ပျော်ရွှင်မှုကမင်းစိတ်ကူးကို

ကျော်လွန်သွားပြီ”

အဆုံးမှာတော့,ကျွင်းမော့ယီက

လေယာဥ်လက်မှတ်ဝယ်ပြီးသားဖြစ်တာကြောင့်

ကောင်းဖန်၏ဖိတ်ခေါ်မှုကိုငြင်းလိုက်သည်။

…

လေယာဥ်ကခြောက်နာရီကြာလေထဲတွင်ပျံသန်းပြီးနော

က် ဆင်းသက်တော့သည်။

သူရောက်တော့,

လေဆိပ်တွင်လူများကသူ့ကိုစောင့်နေကြသည်။

စာစဉ် ၁၅

ဇိမ်ခံထရပ်ကား
များကလေဆိပ်အပြင်ဘက်တွင်ရပ်ထားကြပြီး,
အစောင့်အရှောက်ယဉ်တန်းပုံစံ
စီထားကြသည်။ခရီးသည်များကထိုအရာကိုမြင်တော့ထိ
တ်လန့်သွားကြသည်။ ဒါတွေအားလုံး
ကတုန့်ဖန်းယာဉ်များဖြစ်သည်!
ဘယ်ချမ်းသာတဲ့မိသားစုကဒါတွေကို ပိုင်ကြတာလဲ?

ဇိမ်ခံထရပ်ကား၁၀စီးလောက်ကိုသုံးပြီးလေဆိပ်မှာတစ်
စုံတစ်ယောက်ကိုလာကြို
တယ်! ဘယ်လိုတောင်ကြောက်ဖို့ကောင်းတဲ့ချမ်းသာတဲ့
လူဖြစ်ရတာလဲ?

ကောင်းဖန်ကသက်ပြင်းချလိုက်သည်၊
သူကဒီလိုမျိုးတွေမဖြစ်ချင်ဘူးလို့အစကတည်း
ကပြောပြီးသားဖြစ်သည်၊
သာမန်ကားတစ်စီးလောက်ကအဆင်ပြေသည်,

ဒါပေမယ့်

ဇိမ်ခံထရပ်ကားဆယ်စီးကအတွင်းသို့ဝင်လာသည်၊

ဒါကအတော်ကိုမြင့်တာဘဲ!

ယာဉ်တန်းရှေ့ရှိကား၏ရှေ့တံခါးပွင့်လာသည်။ လူလတ်ပိုင်းအရွယ်နှင့်လူတစ်ယောက် ကစေ့စပ်တိကျသောအနောက်တိုင်းဝတ်စုံကိုဝတ်ဆင်ထ ားပြီး သူ၏ဘယ်လက်တွင် အဖြူရောင်လက်အိတ်ကိုဝတ်ထားသည်။ သူကကောင်းဖန်ဆီသို့လာပြီးဦးညွှတ်ကာ နှုတ်ဆက်လိုက်သည်။ “သခင်လေးကောင်း, ကားထဲကိုဝင်ပါ”

ကောင်းဖန်ကခေါင်းညိတ်လိုက်ပြီး ကား၏နောက်ခန်းထဲသို့ချောမောစွာလျှောက်သွား လိုက်သည်၊ နောက်ဖေးခန်းကအလွန်ကျယ်ဝန်းသည်၊ ထိုင်ခုံဘေးတွင်

ရေခဲသေတ္တာအသေးတစ်လုံးနှင့်အရှေ့ဘက်တွင်LCD TVတစ်ခုရှိသည်။ ဂိမ်းထိန်းချုပ်စက်တောင်ရှိသေးသည်။

နာရီဝက်အကြာတွင်သူတို့ဦးတည်ရာသို့ရောက်လာကြသည်။ လေဆိပ်နှင့်သိပ်မဝေးတဲ့ တောင်ပေါ်အိမ်ကြီးတစ်လုံးဖြစ်သည်။

ကောင်းဖန်က ကားပေါ်မှဆင်းပြီးနောက်ဆံပင်ဖြူနှင့်အဘိုးတစ်ယောက်က သူ့မျက်နှာတွင်အပြုံးတစ်ခုဖြင့်လျှောက်လှမ်းလာသည်။ ထိုအဘိုး၏နောက်တွင် လူအနည်းငယ်လိုက်ပါလာသည်။

“ဟားဟား၊ မင်းကအဘိုးကြီးကျီရဲ့မြေး, ဟုတ်တယ်မလား? ငါကကျိုးတျန်းမင်၊ ငါ့ကို အဘိုးကျိုးလို့လည်းခေါ်နိုင်တယ်၊ ငါမင်းအဘိုးကိုသိတာအနှစ်လေးဆယ်ကျော်ရှိပြီကွ”

စာစဉ် ၁၅

အဘိုးကကောင်းဖန်၏ပုခုံးကိုပုတ်လိုက်သည်၊

“မဆိုးဘူး၊ မင်းကအတော်လေးသန်မာ တာဘဲကွ၊ ယောကျာ်းတစ်ယောက်ဆိုတာသန်မာရမယ်”

အဘိုး၏မျက်နှာကအရေးကြောင်းများဖြင့်ပြည့်နေပြီး အရပ်သိပ်မရှည်ပေ၊ သူသည် အရပ်ငါးပေနှင့်ငါးလက်မခန့်သာရှိပြီး တရုတ်ရိုးရာဝတ်စုံကိုဝတ်ဆင်ထားသည်။

သူကအတော်လေးအသက်ကြီးပုံရသော်လည်းကောင်းဖ န်ကထိုအကြောင်းကြောင့် သူ့အပေါ်တွင်မျက်စိမှိတ်ယုံလိုက်ခြင်းတော့မရှိပေ၊ သူမလာခင်တုန်းက, အဘိုးကသူ့ သူငယ်ချင်းနှင့်မိတ်ဆက်ပေးခဲ့သည်။

ကျိုးတျန်းမင်သည် သားရဲလေ့ကျင့်သူအဖွဲ့ချုပ်အကြီးအကဲ၁၂ယောက်တည် းမှ တစ်ဦးဖြစ်ပြီး

စာစဉ် ၁၅

တောင်ကိုးခုအဖွဲ့၏ဥက္ကဌလည်းဖြစ်သည်။

ဥက္ကဌရာထူးက

နှုတ်ထွက်ခဲ့ပေမယ့်သားအကြီးဆုံးကိုရာထူးပေးခဲ့သည်။

သူသည်ထိပ်တန်းအဆင့်ရှိသောကေရာဇ်သားရဲကိုပိုင်ဆိုင်ထားသည့်ထိပ်တန်းသားရဲ

လေ့ကျင့်သူတစ်ယောက်လည်းဖြစ်သည်။

ကောင်းဖန်သည်သူ၏အဘိုးကြောင့်

သားရဲလေ့ကျင့်သူအဖွဲ့ချုပ်သို့မဝင်ရတာလဲ

ဆိုသည့်အကြောင်းကိုသိချင်နေသည်၊

သူ၏ကြွယ်ဝမှုနှင့်စွမ်းရည်တို့ဖြင့် သူဆန္ဒရှိလျှင်

အဖွဲ့ချုပ်၏အကြီးအကဲဖြစ်ဖို့လည်းပြဿနာမရှိပေ။

အဘိုးကတော့ “စိတ်မဝင်စားဘူး”

ဟူ၍ပင်အနည်းငယ်ပြုံးကာပြန်ဖြေသည်။

စာစဉ် ၁၅

သူတို့အချင်းချင်းဘယ်လိုတွေ့ခဲ့ကြသည်လဲဆိုတာကိုငေ
ွအသေးစိတ်ပြောမပြခဲ့ပေ။

"အဘိုးကျိုး, အဘိုးကအတော်လေးကျန်းမာတာဘဲ"
ကောင်းဖန်ကသူ့ကိုချီးကျူးလိုက် သည်။
ချီးမြှောက်ခြင်း၌စေတနာရှိခြင်း၏ကောင်းကျိုးသာရှိပြီး
ဆိုးကျိုးရှိမည်မဟုတ်။

ကျိုးတျန်းမင်ကပျော်ရွှင်စွာဖြင့်ရယ်လိုက်သည်၊
"ငါကအသက်ကြီးနေပါပြီကွ၊ ဇဂနားတောင်ကပ်နေပြီ"

ပြီးတော့သူကလည်းအသက်ကြီးတဲ့ပုံပေါ်ပေမယ့်
သူ့အရိုးများကတော့အခုထိကြံ့ခိုင် သန်မာနေသေးသည်။
သူကအသက်ဇဂရှိသောပုံစံနှင့်မတူပေ။

သူတို့ကတောင်ပေါ်ကဗီလာဆီသို့သွားလိုက်ကြသည်။
ကျိုးတျန်းမင်ကကောင်းဖန်ကို
ဦးဆောင်၍ထမင်းစားခန်းထဲသို့ပထမဆုံးခေါ်သွားလိုက်

သည်၊ "မင်းလေယာဉ်ပေါ်မှာ ဘာမှမစားခဲ့ရဘူးမလား? မင်းဗိုက်ပြည့်သွားအောင်တစ်ခုခုစားလိုက်ဦး"

"ဟုတ်ကဲ့၊ ဒုက္ခပေးမိလို့တောင်းပန်ပါတယ်, အဘိုးကျိုး" ကောင်းဖန်ကတခြားသူများ နှင့်ဘယ်လိုဆက်ဆံရမည်လဲဆိုတာကိုမသိသောသူတစ်ယောက်မဟုတ်ပေ၊ အဘိုးနှင့် ကျိုးတျန်းမင်တို့ကြားကဆက်ဆံရေးကအတော်လေးေ ောင်းမွန်ပုံရသည်။ သူက သူများအိမ်မှာနေတော့ နှိမ်ချပြီးယဉ်ကျေးအောင်နေရမည်။

သူတို့ထမင်းစားခန်းထဲတွင် စားနေတုန်းကျိုးတျန်းမင်ကစကားစလာသည်၊ "မင်းဒိုင်လူကြီးဖြစ်ဖို့အတွက်ခေါင်းစဉ်ကိုတင်ပြလိုက်တယ်၊ ငါမင်းအဘိုးကို သူ့စကားအတိုင်းနားထောင်ပြီးစမ်းသပ်မှုလုပ်ဖို့ကိုလက်လွှတ်ချင်ပေမယ့် အဲ့ဒါကိုအကြောင်းမှာ

စာစဉ် ၁၅

မပါဝင်တဲ့လူတစ်ချို့ရှိနေတယ်,
ဒါကြောင့်ငါနဲ့အတူစမ်းသပ်မှုမှာ
စီမံခန့်ခွဲဖို့မင်းကိုခေါ်သွားပြီးဒုက္ခပေးရမှာဘဲ၊
ဒါမှဘဲအဲ့ဒီလူတွေကိုပိတ်ထားနိုင်လိမ့် မယ်”

“ကောင်းပါပြီ” ကောင်းဖန်ကပြုံးလိုက်သည်။

***

# သားရဲလေ့ကျင့်သူ ကောင်းဖန်

## စာစဉ် ၁၅

စာစဉ် ၁၅

# *သားရဲလေ့ကျင့်သူ*

## *အပိုင်း၂၃၉*

နောက်တစ်နေ့၌,ကောင်းဖန်သည်
ကျိုးတျန်းမင်နှင့်အတူ မြို့တော်၏ခရမ်းရောင်
ပင်လယ်ခရိုင်သို့လိုက်လာခဲ့သည်။

ပင်လယ်ပြင်လောက်ကြီးမားသည့်
ခရမ်းရောင်ရေကန်ကြီးထိုနေရာတွင်တည်ရှိသည်၊
နာမည်ကထိုမှလာတာဖြစ်သည်။

သားရဲလေ့ကျင့်သူအဖွဲ့ချုပ်ဟွားရှားနယ်ပယ်ဌာနချုပ်သ
ည် ခရမ်းရောင်ပင်လယ်ခရိုင် တွင်ရှိနေသည်။

သူတို့ကသားရဲလေ့ကျင့်သူအဖွဲ့ချုပ်အဆောက်အဦးထဲသိ
ုမ့ှသီးသန့်ဝင်ပေါက်ကို အသုံးပြု၍ဝင်သွားခဲ့သည်၊
ထိုဝင်ပေါက်သည်အများအားဖြင့်လူအများစုအသုံးပြုခွင့်

စာစဉ် ၁၅

မရပေ၊

အရေးကြီးသောလူများသာလျှင်ဒင်းကိုအသုံးပြုနိုင်သည်။

“မင်းဒိုင်လူကြီးဖြစ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး၊ ငါနဲ့အဘိုးကြီးယဲ့ကလက်ခံကြတယ်၊ ဒါပေမယ့်ဂျပန်ကအဘိုးကြီးဖျင်ကျန်းကသဘောမတူဘူး” ကျိုးတျန်းမင်က သူစကားပြောလိုက်သည်နှင့်ထိတ်လန့်သွားတော့သည်။

အဘိုးကြီးဖျင်ကျန်း?

ကောင်းဖန်ကထိုနာမည်ကိုသူသိသောလူများနှင့်ကြိုးစား၍တွဲစပ်ကြည့်သည်၊ အဆုံးမှာတော့သားရဲလေ့ကျင့်သူအဖွဲ့ချုပ်၏အကြီးအကဲ ၁၂ယောက်ထဲမှတစ်ယောက် ဖြစ်သောဖျင်ကျန်းမန်ကိုသာစဉ်းစားမိသည်။

စာစဉ် ၁၅

“မင်းကအတော်လေးငယ်သေးတယ်၊ တကယ်တော့,မင်းကပါဝင်ယှဉ်ပြိုင်တဲ့သူတွေရဲ့ အသက်အရွယ်နဲ့တောင်သိပ်မကွာလှဘူး၊” ကျိုးတျန်းမင်ကရယ်လိုက်သည်။

ကောင်းဖန်က သူ့ကိုယ်သူတွေးနေတာကတော့,သေချာတာပေါ့, ကြီးကြီးမားမား ကွာခြားမှုကိုမရှိပါဘူး, ဘာကြောင့်လဲဆိုတော့ပြိုင်ပွဲဝင်နေရာကနေသူကနှုတ်ထွက်ခဲ့ တာကြောင့်ဘဲလေ။

“ဒါကြောင့်လဲ အဘိုးကြီးဖျင်ကျန်းကမင်းကအဲ့ဒီနေရာနဲ့မကိုက်ညီဘူးလို့တွေးနေတာ၊ သူကပိုပြီးတည်ငြိမ်ပြီးသန်မာတဲ့တစ်စုံတစ်ယောက်ကိုဒိုင်လူကြီးအနေနဲ့လိုအပ်တာ လေ”

စာစဉ် ၁၅

ကောင်းဖန်ကတိတ်ဆိတ်၍သာနေနေသည်, ဘယ်လိုတုန့်ပြန်ရမှန်းမသိဖြစ်နေသည်၊ ထိုသို့သောကိစ္စများတွင်သူပြောသမျှကသင့်လျော်မည်မဟုတ်ဟုထင်ရသည်။

“ဒါပေမယ့်,ဒီနေရာကိုလူငယ်တစ်ဦးကိုပေးတာကပြိုင်ပွဲဝင်လူငယ်တွေအတွက် လှုံ့ဆော်မှုတစ်ခုဖြစ်မယ်လို့ငါထင်တယ်၊ မင်းရောအဲ့လိုမထင်ဘူးလား?” ကျိုးတျန်းမင်ကလမ်းလျှောက်တာရပ်သွားသည်၊ သူတို့ရှေ့တွင်အလွန်ကြီးမားသောကျယ်ဝန်းသောလေ့ကျင့်ရေးခန်းတစ်ခုရှိသည်။

လေ့ကျင့်ရေးခန်းသည်ကြီးမားပြီးအမြင့်ပေ၃ဂခန့်ရှိသည်၊ အားကစားကွင်းလိုမျိုးဘဲ ဖြစ်သည်၊ ၎င်းကိုကဏ္ဍများစွာဖြင့်ပိုင်းခြားထားပြီးအချို့သောအပိုင်းများတွင် လူအနည်းငယ်သာလေ့ကျင့်ပေးသည်။

စာစဉ် ၁၅

အများစုမှာ,

ကိုယ်ပိုင်သားရဲရှိသူများအတွက်လေ့ကျင့်ရန်ဖြစ်သည်၊

လူသားများ

အတွက်သာသက်ဆိုင်သည့်အပိုင်းများလည်းရှိပေမယ့်

၎င်းတို့မှာလူနည်းစုသာဖြစ် သည်။

“မင်းစိတ်ချလက်ချနားနိုင်တယ်, ငါ့ကလေး။

ဒါကသူတို့တွေကိုပိတ်ဆို့ထားဖို့လောက် ပါဘဲ။”

ကျိုးတန်းမင်ကတောက်ပစွာဖြင့်ရယ်မောလိုက်သည်၊

“နောက်ဆုံးတော့, ဒါကဟွားရှားဘဲလေ၊

အရင်ဆိုရိုးစကားတွေလိုဘဲ၊

သူတို့ကတကယ်ဘဲကြြားဝင် စွက်ဖက်လို့မရပါဘူး”

“အကြီးအကဲ”

“အကြီးအကဲကျိုး”

စာစဉ် ၁၅

ကျိုးတျန်းမင်နှင့်သိသောလူအနည်းငယ်ကသူ့ကိုလာတွေ့ကြသည်။

သူတို့၏မျက်လုံးများကကြောက်ရွံ့ရိုသေခြင်းနှင့်လေးစားမှုများဖြင့်ပြည့်နေသည်၊ ကြည့်ရသည်မှာကျိုးတျန်းမင်သည်သားရဲလေ့ကျင့်သူအဖွဲ့ချုပ်၏အလွန်အရေးပါသော အဖွဲ့ဝင်ဖြစ်ပုံရသည်။

ကျိုးတျန်းမင်ကသူတို့ကိုလက်ဝှေ့ယမ်းပြလိုက်သည်၊ "မင်းတို့ငါ့ကိုလျစ်လျူရှုထားလို့ ရတယ်၊ ငါဒီကိုလာတာကလူငယ်လေးနဲ့စမ်းသပ်မှုအနည်းငယ်ကိုစီမံဖို့လောက်ဘဲ၊ မင်းတို့လုပ်နေတာတွေသာဆက်လုပ်ကြ"

ကျိုးတျန်းမင်၏စကားသည်ပျံ့နှံ့သွားပြီးလူများကရပ်သွားကြသည်။ သူတို့ကသေးငယ်သောအဖွဲ့ငယ်လေးများအဖြစ်အတူစုရုံးလိုက်ကြပြီး, သူတို့၏ဦးတည်ရာဘက်သို့ ကြည့်လိုက်ကြသည်။

စာစဉ် ၁၅

အနည်းငယ်ဆွဲဆောင်မှုရှိသောအမျိုးသမီးများကအားက
စားဝတ်စုံဝတ်ထားပြီးရောက်လာသည်၊
သူတို့ကခန္ဓာကိုယ်ပေါ်မှချွေးတွေကိုသုတ်ဖို့ပုခုံးပေါ်တွင်
ပတ်ထားသော
မျက်နှာသုတ်ပုဝါများကိုသုံးလိုက်ကြသည်။

“အဘိုး, ဒီကိုဘာခေါ်လာတာလဲ?”
အမျိုးသမီးတစ်ယောက်ကလျှောက်လာပြီးမေး
လိုက်သည်၊ သူမကအတော်လေးအရပ်ရှည်ပြီး,
ဆံပင်များကိုမြင်းမြီးကေစီးထားကာ,
ခဲရောင်ရင်လျှမ်းအင်္ကျီနှင့်အနက်ရောင်ဘောင်းဘီတိုကိုဝ
တ်ဆင်ထားသည်။သူမ၏
ခြေထောက်များကရှည်ပြီးဖြူဖွေးနေသည်။

သမကသတိထားစွာဖြင့်ကောင်းဖန်ကိုစူးစိုက်စွာကြည့်ရ
င်း ကောင်းဖန်ကလည်းသူမကို
ပြန်ကြည့်နေသည်အားတွေ့လိုက်ရသည်။

စာစဉ် ၁၅

ကျိုးတျန်းမင်ကရယ်လိုက်ပြီးနောက်သူမနှင့်ကောင်းဖန်ကိုမိတ်ဆက်ပေးလိုက်သည်၊ “ဒါကအဘိုးရဲ့မြေးဘဲ, ကျိုးမန်မန်တဲ့၊ သူမကအင်ပါယာတက္ကသိုလ်မှာတတိယနှစ်ကိုမင်းထက်နှစ်နှစ်စောတက်တယ်”

ထို့နောက်ကျိုးမန်မန်ထံလှည့်၍ကောင်းဖန်ကိုသူမအားမိတ်ဆက်ပေးသည်၊ “မင်းသူ့ကိုမောင်ငယ်လေးလို့ခေါ်ရမယ်, သူကအဘိုးကျီရဲ့မြေးလေ”

“အဘိုးကျီ?”
ကျိုးမန်မန်ကသူတွေးထားသည့်အတိုင်းမျက်နှာကတစ်ခဏလောက် ဗလာဖြစ်သွားသည်။
သူ့အဘိုးကဒီလိုလေးလေးနက်နက်ပြောမယ့်တစ်ဦးတည်းသော အဘိုးကျီကတော့
ယွီကျိုးကအဘိုးကျီဘဲရှိသည်။

စာစဉ် ၁၅

အဘိုးကျီနှင့်သူမအဘိုးတို့သည်အသိအကျွမ်းဟောင်းများ
းဖြစ်ကြောင်းသူမသာသိသည်၊
တစ်ခါတစ်ရံတစ်ဦးနှင့်တစ်ဦးဖုန်းခေါ်ကြသည်၊
ဒါပေမယ့်, သူမကသူတို့ရဲ့ဆက်ဆံရေး
အသေးစိတ်အားမသိရပေ။

"ငါ့နာမည်ကကျိုးမန်မန်,"
ကျိုးမန်မန်ကကောင်းဖန်နှင့်မိတ်ဆက်လိုက်သည်၊
သူမ၏ မျက်လုံးများကလကွဲသို့လုံးဝန်းနေပြီး ,
သူမကပြုံးလိုက်သည်။

"ဟယ်လို, ကျွန်တော်ကကောင်းဖန်"
ကောင်းဖန်ကခေါင်းညိတ်ပြီးတုန့်ပြန်လိုက်သည်။

ကျိုးတျန်းမင်ကကောင်းဖန်နှင့်သူ့မြေးတွေ့ဆုံသည်ကို
ပျော်နေသည်၊ "မင်းရဲ့
မောင်လေးကမင်းရဲ့နောက်မှာနှစ်နှစ်လောက်နောက်က
ျပေမယ့် မင်းရဲ့မောင်လေးကို

မထီမဲ့မြင်ပြုလို့မရဘူးနော်–
သူမြို့တော်ကိုလာရတဲ့အကြောင်းအရင်းက
ကမ္ဘာ့လူငယ်လေ့ကျင့်သူချန်ပီယံပြိုင်ပွဲမှာပါဝင်ဖို့ဘဲ”

ကျိုးမန်မန်ကခေါင်းညိတ်လိုက်ပြီး အံ့ဩသည့်ပုံမပြပေ။
အဘိုးကျီ၏ချမ်းသာမှု အဆင့်အတန်းနှင့်,
လူငယ်လေ့ကျင့်သူချန်ပီယံပြိုင်ပွဲကိုဝင်ခွင့်ရတာ
သိပ်ကြီးမားတဲ့ ကိစ္စတော့မဟုတ်ပေ။

ကမ္ဘာကြီးကအလွန်လက်တွေ့ကျသည်၊
အာဏာနှင့်ချမ်းသာလျှင်တခြားသူတွေထက်
ပို၍အောင်မြင်နိုင်သည်။

ကျိုးမန်မန်နှင့်အတူရှိနေသောတခြားမိန်းကလေးတွေ
ကကောင်းဖန်ကိုစိုက်ကြည့်နေကြသည်၊
သူတို့သည်ဩဇာကြီးမားသောမိသားစုများမှဖြစ်ကြသော်
လည်း, ၎င်းတို့သည်

စာစဉ် ၁၅

ကျိုးမန်မန်၏အဆင့်အတန်းနှင့်ယှဉ်လျှင်တော့နေရာမရှိပေ။

သူ့မိသားစုနောက်ခံ ဒါမှမဟုတ်
သူ၏အရည်အချင်းကြောင့်ဘဲဖြစ်ဖြစ်ကောင်းဖန်က
လူတွေ၏အာရုံစိုက်မှုကိုခံရနိုင်သည်၊
တစ်ခုတည်းသောမကောင်းသည့်အရာမှာ သူက
သူတို့ထက်နှစ်နှစ်ငယ်တာဘဲဖြစ်သည်။

"ကံကောင်းပါစေ, ပြိုင်ပွဲမှာကောင်းမွန်တဲ့အဆင့်ရပါစေ"
ကျိုးမန်မန်က ကောင်းဖန်ကို အားပေးလိုက်သည်။

"သူကပြိုင်ပွဲဝင်မဟုတ်ဘူး၊ သူဒီကိုလုပ်တာဒိုင်လူကြီး
လုပ်ဖို့" ကျိုးတျန်းမင်က ပြောလိုက်သည်။

"....."

ကျိုးမန်မန်၏မျက်လုံးများကရုတ်တရက်ပြူးကျယ်သွား
တော့သည်၊ သူမ၏အဖော်

စာစဉ် ၁၅

အချို့ကအသက်ရှုပင်ကြပ်ကာ ဒဏ္ဍာရီလာပုံပြင်တစ်ပုဒ်ကိုနားထောင်နေရသလို ကောင်းဖန်ကိုမယုံကြည်နိုင်စွာကြည့်နေသည်။

ကျိုးမန်မန်ကသူမကြားလိုက်ရသမျှကိုမယုံကြည်နိုင်ဖြစ်နေသည်။ ကောင်းဖန်သည် ၎င်း၏တက္ကသိုလ်ပထမနှစ်တွင်ဖြစ်ပြီး အများဆုံးအသက်၂၀သာရှိဦးမည်၊ ဆိုလိုတာက သူသည်သားရဲလေ့ကျင့်သူပထမမျိုးဆက်တွင်တောင်ပါဝင်သူမဟုတ်ပေ။

သို့သော်, သူမ၏အဘိုးကဟာသပြောရန်နှစ်သက်သူတစ်ဦးတော့မဟုတ်ပေ။ စကားစပြောတုန်းကလည်းသူ့မျက်နှာကတည်ငြိမ်နေခဲ့သည်၊ နောက်ပြောင်နေသော အရိပ်အယောင်တောင်မပြပေ၊

ဆိုလိုတာက….. အဘိုးပြောတာအမှန်တကယ်လား!

ဒါပေမယ့်….ဒါပေမယ့်….သူကငယ်လွန်းသေးတယ်လေ။

“ကျွန်တော်ကအဘိုးကျိုးရဲ့အကူအညီကြောင့်ဒိုင်လူကြီးဖြစ်လာတာပါ” ကောင်းဖန်က ကျေးဇူးတင်ကြောင်းပြရန်အတွက် ကျိုးတျန်းမင်ကိုဦးညွှတ်လိုက်သည်။

ဆိုလိုသည်မှာသူကလည်းအမှန်တကယ်ကိုဝန်ခံနေသည်ပေါ့။

ကောင်းဖန်ကခဏလောက်စဉ်းစားလိုက်ပြီး, “ဒမ်ဘီရဲ့သန်မာမှုကိုစမ်းသပ်တာက သူရဲ့ကျွမ်းကျင်မှုတွေကိုကောင်းကောင်းမွန်မွန်ပြရင်လုံလောက်သွားပါပြီ၊ တဲ့ဇီနဲ့ တခြားသူတွေကသိပ်ပြီးလုံလုံလောက်လောက်အဆင့်မပြင့်ကြပါဘူး၊ သူတို့က

ကျောင်းသားတွေကိုထိတ်လန့်ပြီးကြောက်ရွံ့အောင်မလုပ်ပါဘူး”

သို့သော်,

တာ့ဇီ,ဖလိမ်မီနှင့်တခြားသူများကအရမ်းမြင့်သောအဆင့်အတန်းတွင် ရှိကြသည်၊

အနိမ့်ဆုံးအဆင့်အတန်းကထူးခြားအဆင့်အတန်းဖြစ်သည်။ သူတို့ထဲတွင်

ဒဏ္ဍာရီလာအဆင့်အတန်းတောင်ပါဝင်နေသေးသည်၊

အကယ်၍သားရဲနှစ်ကောင်က

ထိုကဲ့သို့သောအဆင့်အတန်းနှင့်ဆိုလျှင်,

လူတွေကစွမ်းရည်၏ကဲကောင်းမှုကြောင့်

ဖြစ်သည်ဟုပြောကြလိမ့်မည်။

အကယ်၍သူတို့ထဲကသုံးယောက်,

လေးယောက်လောက်ကမြင့်သောအဆင့်အတန်း၌

ရှိမည်ဆိုလျှင်,

စာစဥ် ၁၅

လူတွေကသူ့အဘိုးသည်အလွန့်အလွန်ကိုချမ်းသာတာဘဲလို့ ပြောကြလိမ့်မည်။

ဒါပေမယ့်, ငါးကောင် ဒါမှမဟုတ်

ခြောက်ကောင်ဆိုရင်ရော? သူတို့ကငွေကြောင့်နဲ့

ကံကောင်းမှုကြောင့်လို့ပြောကြဦးမှာလား?

တစ်စုံတစ်ခုကသေချာသောအဆင့်သို့ရောက်ပြီဆိုလျှင်, ၎င်းသည်သေချာပေါက်ကို

ကံကောင်းမှုတစ်ခုမျှသာမဟုတ်ကြောင်းထင်ရှားသည်။

ထို့အပြင်,

သူ့မှာတာ့ဇီနှင့်အစင်းလေးတို့ရှိနေတာကြာခဲ့ပြီဖြစ်သည်၊ ဤသည်မှာ

အလွယ်တကူနှင့်ရနိုင်သောအချက်အလက်အားလုံးဖြစ်သည်။

သူ့အဘိုးကသူ့ကိုမပေးခင်ကတည်းက သူဂရုတစိုက်ဖြင့်ရွေးချယ်ထားခဲ့ခြင်းဖြစ်သည်၊ သူတို့ကသူငယ်ငယ်လေးကတည်းကပိုင်ဆိုင်ခဲ့သည့်သားရဲများဖြစ်ကြသည်။

ကျိုးတျန်းမင်ကခဏလောက်စဉ်းစားလိုက်ပြီး, စကားပြောပြီးနောက်ဒမ်ဘီ၏ စမ်းသပ်မှုကိုစောင့်ကြည့်ဖို့ဆုံးဖြတ်လိုက်သည်။

ပထမတာဝန်မှာဒမ်ဘီ၏အဆင့်ကိုစမ်းသပ်ရန်ဖြစ်သည်။

ဗီဒီယိုရိုက်ကူးမှုတွင်တာဝန်ရှိသောဝန်ထမ်းများလည်းရှိသည်၊ စမ်းသပ်မှုအတွက် အထူးပစ္စည်းအချို့ကိုယူဆောင်လာခဲ့သည်။

“ဒီလောက်ထိဒုက္ခခံစရာမလိုအပ်ပါဘူး” ကောင်းဖန်ကခေါင်းယမ်းလိုက်သည်၊ ထို့နောက် ညင်သာစွာဖြင့်ခေါ်လိုက်သည်၊ ‘ဒမ်ဘီ’။

စာစဉ် ၁၅

ဒမ်ဘီကသူ့သခင်ခေါ်တာကိုကြားလိုက်တာကြောင့် လှည့်ကာသူ့ကိုကြည့်လိုက်သည်၊ မသေဆုံးနိုင်သောမီးတောက်သည်ငင်း၏ဘာမှမရှိသော မျက်အိမ်ထဲတွင် တောက်လောင်နေသည်။ ဒမ်ဘီကအနည်းငယ်ခေါင်းညိတ်ပြလိုက်ပြီး, အဖြူရောင် အရိုန်အဝါသည်ရုတ်တရက်သူ၏ခြေထောက်အောက်၌ေ ေါ်လာသည်။

အရှိန်အဝါကသိပ်ပြီးတော့မကြီးပေ၊ ၎င်းကာဝပေလောက်ကျယ်ပြီး ဒမ်ဘီ၏ ခြေထောက်ကငင်း၏အလယ်တွင်ဖြစ်သည်။

အရှိန်အဝါကအရိုးအပိုင်းအစလေးများအတူတကွစုပေါင် ်းထားသလိုဖြင့်ပုံစံဖွဲ့ထား သည်။ ထိုအထဲတွင်သွေးနီရောင်ပိုးချည်ကဲ့သို့အရာများသည် အပေါ်မှအောက်သို့ ပေါ်နေကြသည်။

ကေရာဇ်အဆင့်အရှိန်အဝါသည် ခန္ဓာကိုယ်အတွင်းတွင်သိမ်းဆည်းထားနိုင်သည်၊ ဤအဆင့်မှာကေရာဇ်အဆင့်သားရဲများ သို့မဟုတ် ကိုယ်ပိုင်သားရဲရှိသူများသည် သူတို့၏စွမ်းအင်များကိုပြကြသည်၊ တစ်ချိန်တည်းမှာပင်, ကေရာဇ်အဆင့်သားရဲ အရှိန်အဝါသည် နိမ့်သောသားရဲများကိုခြိမ်းခြောက်နေသည်။

၎င်းသည်အနောက်တိုင်းရိုးရာပုံပြင်များတွင်နဂါးများမှခင်းကျင်းပြသထားသလိုမျိုး အရှိန်အဝါမျိုးဖြစ်နေသည်။

ကေရာဇ်အဆင့်အရှိန်အဝါသည်အရမ်းတည်ငြိမ်လှသည်၊ သို့သော်, လူတိုင်းကတော့ မလွယ်ကူသလိုခံစားနေရသည်။

ကျိုးမန်မန်ကပို၍တောင်ထိတ်လန့်အံ့ဩသွားရတော့သည်။

## စာစဉ် ၁၅

သူက ၂၁နှစ်ရှိပြီဖြစ်ပြီး သားရဲကိုသုံးနှစ်ကြာလောက်လေ့ကျင့်လာခဲ့တာဖြစ်သည်။ သို့သော်,သူမ၏အမြင့်ဆုံးသားရဲအဆင့်မှာ ကွန်မန်ဒါအဆင့်အမြင့်ဆုံး၌သာ ရှိသည်။

ကောင်းဖန်ကသူမထက်ပင်နှစ်နှစ်ငယ်သေးသည်, ဒါပေမယ့်သူကကေရာဇ်သားရဲအထိ တိုးမြှင့်ထားသည်၊ ဘယ်လိုတောင်သောက်ရမ်းလေ့ကျင့်ထားတာလဲဟ? ကျိုးမန်မန်က စဉ်စားမရနိုင်ဖြစ်နေပြီး, ဒီဟာကသူ့ကိုယ်သူယုံကြည်မှုရှိခြင်းကိုတောင်ထိခိုက်စေသည်။

ကျိုးမန်မန်တစ်ယောက်တည်းတင်သက်ရောက်တာမဟုတ်ပေ၊ လေ့ကျင့်ရေးခန်းထဲ၌ ရှိကြသောလူတိုင်းသည် ထိုအဖြစ်အပျက်၌ဆွဲဆောင်ခံလိုက်ရသည်။

စာစဉ် ၁၅

“အဲ့တာ…အဲ့တာကေရာဇ်အဆင့်သားရဲ”
တစ်စုံတစ်ယောက်၏အံ့ဩ၍အော်သံက
ထွက်လာသည်။

ကေရာဇ်အဆင့်သားရဲသည်များစွာသောသားရဲများထဲတွ
င် ဘယ်နေရာတွင်မဆို
အစွမ်းထက်သောသားရဲဖြစ်နေသေးသည်။

လေ့ကျင့်ရေးခန်းထဲရှိအလယ်တွင်ဒမ်ဘီရှိသည်။
သူသည်အနက်ရောင်ဝတ်ရုံကိုဝတ်၍
သူ့ခန္ဓာကိုယ်အစိတ်အပိုင်းအနည်းငယ်ကိုသာပေါ်လွင်ေ
ေသည်၊ အနက်ရောင်ဝတ်ရုံ
အောက်တွင်သံသယဖြစ်စရာမရှိအနက်ရောင်အရိုးများဖြ
စ်သည်။

မသေဆုံးနိုင်သောအဖြူရောင်မီးတောက်နှင့်
အဖြူရောင်အရှိန်အဝါကိုသာလျှင်, ညီမျှစွာမြင်နိုင်သည်။

စာစဉ် ၁၅

ကျိုးမန်မန်ကခဏလောက်ထိတ်လန့်သွားပြီး သူ့မျက်နှာတွင်အပြုံးတစ်ခုပေါ်လာ သည်၊ "ကောရာဇ်အဆင့်, ဒီလူငယ်ပေါက်လေးကတော့, ဒါကိုကောင်းကောင်းဖွက်ထား၊ ဟားဟား၊ မင်းကိုဒိုင်လူကြီးလုပ်ဖို့အတွက်ဆန့်ကျင်ပြီးအတိုက်အခံလုပ်နေတဲ့သူတွေရဲ့ မျက်နှာတွေကိုမြင်ချင်လိုက်တာ"

***

စာစဉ် ၁၅

# *သားရဲလှေ့ကျင့်သူ*

## *အပိုင်း၂၄၀*

လေ့ကျင့်ရေးခန်းမထဲတွင်, လေ့ကျင့်နေကြသောတချို့သားရဲများသည်ရုတ်တရက်ရပ်တန့်သွားကြပြီးနိုးနိုးကြားကြားဖြင့်ကြည့်လိုက်ကြသည်။ သူတို့ထဲမှအချို့က သူတို့၏လည်ချောင်းများအတွင်းမှခြိမ်းခြောက်သောဆူညံသံများပြုလုပ်လာကြတော့ သည်။

ဒမ်ဘီကလှည့်ကြည့်လိုက်တော့ လည်ပင်းကိုညှစ်ခံထားရသည့်ဘဲများအဖြစ်သို့ပြောင်းလဲသွားပြီးအသံများရုတ်တရက်ရပ်တန့်သွားတော့သည်။

စာစဉ် ၁၅

ဒမ်ဘီသည်၎င်းတို့၏အမြင်မှမရှိတော့သောအခါတွင်ဆူညံသံများထပ်မံထွက်ပေါ်လာ သည်။

ကေရာဇ်အဆင့်သားရဲများသည်အလွန်ရှားပါးလှသည်၊ အမှန်တော့ပြီးပြည့်စုံခြင်း အဆင့်အတန်းကဆင့်ကဲပြောင်းလဲခြင်းအတွက်လိုအပ်ချက်ဖြစ်သည်။

အဆင့်၄ဂဝန်းကျင်ရှိသားရဲများစွာရှိသည်၊

အဆင့်၄ဂရှိသောသားရဲများသည်၎င်းတို့၏အဆင့်တွင်ပိတ်မိနေကြပြီးမတိုးတက်နိုင် သောကြောင့်၎င်းတို့သည်လိုအပ်သောအဆင့်သို့မရောက်နိုင်ဖြစ်နေကြသည်။

ဒမ်ဘီသည်ထိုနေရာတွင်ငြိမ်သက်စွာရပ်နေခဲ့သည်၊ ကောင်းဖန်ကသူ့ခန္ဓာကိုယ်မှ

စာစဉ် ၁၅

အရှိန်အဝါကိုပြန်စုပ်ယူခိုင်းလိုက်သောအခါ ဒမ်ဘီကလည်းသူပြောသလိုလုပ်လိုက် သည်။

ဒမ်ဘီ၏အဆင့်အတန်းကအရေးမကြီးတော့ပေ၊ သူကကေရာဇ်အဆင့်သားရဲဖြစ်ပြီး, ကေရာဇ်အဆင့်သားရဲများသည်ကြီးမားသောစွမ်းအင်များကိုပိုင်ဆိုင်ထားကြသည်။

ကောင်းဖန်ကစိတ်သက်သာရာရစွာဖြင့်သက်ပြင်းချလိုက်သည်။ အထူးသဖြင့်, သူ့မိသားစုနောက်ခံကြောင့်အများကြီးစိုးရိမ်နေဖို့တော့မလိုအပ်ပေမယ့်, ပေါ်လာနိုင်တဲ့ပြဿနာတိုင်းကိုလျှော့ချဖို့အတွက်ကအရေးကြီးသည်။

....

စာစဉ် ၁၅

ကျိုးတျန်းမင်ကသူ့ရုံးခန်းကိုဗီဒီယိုဖိုင်အားယူလာပြီး ပရိုဂျက်တာကိုဖွင့်လိုက်သည်။

သုံးဖက်မြင်ပုံများပေါ်လာသည်....

အခန်းထဲ၌အစည်းအဝေးစားပွဲက ရုတ်တရက်ပေါ်လာသည်။

စားပွဲတွင်ထိုင်ခုံ၁၂ခုံရှိပြီးအများစုမှာဗလာဖြစ်နေသည်။ သက်ကြီးပိုင်းများသည် ရုံးတွင် အချိန်အများစုကိုကုန်ဆုံးမည့်လူအမျိုးအစားများမဟုတ်တော့ပေ၊ ကျိုးတျန်းမင်သည် ဗီဒီယိုဖိုင်ကိုတင်လိုက်သည်၊ တခြားလူကြီးတွေကသူတို့ရုံးခန်းအတွင်းသို့ဖိုင်ဝင်လာသည်နှင့်လက်ခံလိုက်ကြသည်။

ဖိုင်ကိုတင်လိုက်ပြီးသည်နှင့် ကလေးသီချင်းကိုရွတ်လိုက်ရင်းကျောနောက်တွင် လက်နှစ်ဖက်ကိုဆုပ်ကိုင်ရင်းအခန်းမှထွက်လာခဲ့သည်။

ယခုသူသည်အခြားသူများထံမှသတင်းရရန်စောင့်ဆိုင်းဖို့သာလိုတော့သည်။

ထိုညနေခင်းတွင်,
နီရွန်ခရိုင်ထျန်ယွမ်အဆောက်အဦးတွင်ဖြစ်ပြီး,
အသက်ငါးဆယ်
အရွယ်ရှိသောလူကြီးတစ်ယောက်ကအဝါရောင်အသားအရေနှင့် သေသပ်စွာဆံပင်ဖြီး
ထားသောသူကပရိဂျက်တာမှအေးအေးဆေးဆေးပိတ်ထားလိုက်သည်၊ သူ့မျက်လုံးထဲ
တွင်ဒေါသထွက်ရိပ်များပြမနေပေ၊
သူကအရမ်းတည်ငြိမ်နေပြီးသူ့မျက်နှာတွင်
သေးငယ်သောအပြုံးရှိနေသည်။
"ဒါကစိတ်ဝင်စားဖို့ကောင်းတာဘဲ၊ ဆိုတော့ဒါက
ကျိုကွန်းရဲ့မြေးပေါ့၊ အကယ်၍ငါမှတ်မိတာမှန်မယ်ဆိုရင်,
သူကာဂနှစ်နဲ့ရှစ်လလောက် ရှိပြီနဲ့တူတယ်၊

စာစဉ် ၁၅

သူကသားရဲကိုငယ်ငယ်လေးနဲ့ကေရာဇ်အဆင့်ထိရောက်အောင်တောင် ကျင့်နိုင်တယ်၊

သူကသေချာပေါက်ဉာဏ်ကြီးရှင်ဘဲ”

သူကမတ်တပ်ရပ်လိုက်ပြီးပျားပန်းခပ်အောင်သွားလာလှုပ်ရှားနေကြသောနီရွှန်ခရိုင်ကို
ငုံ့ကြည့်လိုက်သည်၊ ၎င်းကမြို့၏အလင်းရောင်များဖြင့်ပြ
ြိုးစိုးနေကာ လူများအားလုံး
ဝတ်စားဆင်ယင်မှုကောင်းစွာရှိကြသည်၊
ထျန်ယွမ်အဆောက်အဦးသည် အဲဒိုမြို့၏
အချမ်းသာဆုံးနေရာတွင်တည်ရှိပြီး
နီရွှန်ခရိုင်၏ဂုဏ်သိက္ခာအရှိဆုံးနေရာ၌လည်း
တည်ရှိသည်။

“သိချင်မိတယ်....ငါတို့နီရွှန်ခရိုင်မှာလဲဘယ်လိုအချိန်ကျမှဒီလိုဉာဏ်ကြီးရှင်မျိုး ပေါ်လာမှာပါလိမ့်”

ဖျင်ကျန်းမင်သည်သူ့လက်များကိုသူခန္ဓာကိုယ်ရှေ့သို့ရွှေ့

လိုက်ပြီး ကော်လာကိုချိန်ညှိလိုက်သည်၊ “ဒါပေမယ့် ငါဆိုတဲ့ဖျင်ကျန်းမင်နဲ့ဆိုလုံလောက်ပြီ”

တစ်ချိန်တည်းမှာပင်,
ကြီးမားသောအနက်ရောင်သားရဲကြီးသည်ကောင်းကင်သို့ ဟစ်အော်လိုက်သည်၊
၎င်း၏လက်များကတစ်ဝက်လောက်ဆန့်လိုက်ပြီး အဆောက်အဦးကိုဖက်ထားလိုက်သည်၊
၎င်း၏အနက်ရောင်ကိုယ်ထည်သည် အဆောက်အဦးထဲသို့ရောထွေးသွားသည်၊
ည၏အမှောင်ထဲတွင် ထျန်ယွမ် အဆောက်အဦးသည်မြို့တွင်းတွင်အစည်ကားဆုံးလမ်းမှ လုံးဝပျောက်ကွယ်သွားပုံရ သည်၊
အဆောက်အဦးမှအလင်းရောင်အနည်းငယ်မျှထွက်ပေါ်လာခြင်းမရှိတော့ပေ၊

စာစဉ် ၁၅

အဆောက်အဦး၏ခြေရင်းတွင်လမ်းသွားလမ်းလာများသ
ည် တွေးတောစရာများ
ရှိမနေဘဲထျန်ယွမ်အဆောက်အဦး၏လက်ရှိအနေအထာ
းကိုပင်သတိမထားမိဘဲ ဖြတ်သွားကြသည်။

လမ်းသွားလမ်းလာအနည်းငယ်မျှသာတစ်စုံတစ်ခုမှာယွ
င်းနေကြောင်း သတိထားမိကြ သည်။
သူတို့ကအဆောက်အဦး၏တည်နေရာကိုကြောက်ရွံ့မှုမျ
ားဖြင့်ကြည့်နေကြ သည်။

အတ္တာလန်တိတ်တစ်ဖက်တွင်လည်း,
အီဂယ်ခရိုင်,ခမ်းနားထည်ဝါသော
အိမ်တစ်လုံး၌ ဇိမ်ခံပစ္စည်းများဖြင့်ပြည့်နေသော
ပါတီတစ်ခုကျင်းပနေကြသည်၊ မီးခိုးရောင်ဝတ်စုံ
ဝတ်ထားသည့်အမျိုးသမီးအတွင်းရေးမှူးတစ်ဦးသည်ဆွဲ
ဆောင်မှုရှိသောမိန်းကလေးကို
ဖက်ထားသည့်ရွှေရောင်ဆံပင်နှင့်လူငယ်လေးဆီသို့သွား

လိုက်သည်၊ သူမကတည်ငြိမ်စွာဖြင့်ပြောလိုက်သည်,
“အဲလီ့ရှင့်ကိုနှောက်ယှက်မိလို့တောင်းပန်ပါ တယ်
ဒါပေမယ့်အစည်းအဝေးကနေလာတဲ့သတင်းတစ်ခုရှိနေ
တယ်_”

သူမစကားပြောလို့မပြီးသေးခင်မှာတင်,
သူမကအဲလီ၏ကြားဖြတ်ခြင်းကိုခံလိုက်ရ သည်၊
“စိတ်မရှိပါနဲ့, ငါအခုပါတီကျင်းပနေတယ်လေ၊
အကယ်၍မင်းငါ့ကိုတစ်ခုခု ပြောစရာရှိရင်,
မနက်ဖြန်မှပြော”

အမျိုးသမီးအတွင်းရေးမှူးကတစ်ခုခုဆက်ပြောချင်နေေ
ေးပုံရသည်,ဒါပေမယ့်
အဲလီကသူ့လက်ကိုထောင်လိုက်ပြီးမာနကြီးစွာဖြင့်ပြော
လိုက်သည်,
“မင်းကသူတို့ပို့လိုက်တဲ့အရေးမကြီးတဲ့အတွင်းရေးမှူးသ
ာသာဘဲ, ပြီးတော့ငါက မင်းရဲ့သူဌေး,

စာစဉ် ၁၅

ဆိုတော့မင်းပါးစပ်ကိုပိတ်ထားဖို့လိုတယ်၊
ဘာမှအရေးမကြီးတာလဲ ဖြစ်နိုင်တာဘဲ၊
အကယ်၍အရေးကြီးရင်တောင်,
အမျိုးသားလွှတ်တော်ကလူတွေ
ငါ့ကိုဆက်သွယ်လိမ့်မယ်”

သူပြောပြီးသည်နှင့်
အဲလီဇ့သည်သူနှင့်အတူရှိနေသောမိန်းကလေးကိုအိမ်ကြီး
မှခေါ်သွား တော့သည်၊
ဗီလာနောက်တွင်ရေကူးကန်လေးတစ်ခုရှိပြီး
ရေကန်ငယ်လေးတစ်ခုနှင့် တူသည်။

အဲလီဇ့ာမိန်းကလေးကိုပွေ့ဖက်ကာနမ်းလိုက်ပြီး ,
တိုးတိုးလေးပြောလိုက်သည်,
“မင်းငါ့ရဲ့ကောင်ကြီးကိုတွေ့ချင်လား”

မိန်းကလေးကရုတ်တရက်တုန်လှုပ်သွားပုံရသည်,
“အခု?”

စာစဉ် ၁၅

အဲလီဂ္ဂာရယ်လိုက်ပြီး,

ရေကန်ဆီသို့လှည့်လိုက်ကာသူ၏ညာလက်ကိုမြှောက်လိုက်ပြီး အရှူးတစ်ယောက်လိုအော်လိုက်သည်, “ရီးနက်စ်!”

ဘုန်း!

ရေကန်၏မျက်နှာပြင်ပေါ်တွင်လှူင်းဂယက်များစတင်ဖြစ်လာကြသည်၊ ကြီးမားသော

သားရဲကြီးထွက်လာသည်နှင့်တစ်ပြိုင်နက်

အသံရှည်ကြီးလည်းလိုက်ပါလာသည်။

၎င်း၏ကိုယ်ထည်ပေါ်တွင်အစိမ်းပုပ်ရောင်သန္တာကျောက်တုံးများရှိနေကာ, အနီရောင် အစင်းများလည်းပါရှိသည်၊ အနီရောင်ကေရာဇ်အဆင့်အရှိန်အဝါကနေရာအနှံ့ကိုပျံ့နှံ့သွားပြီး,

ရေကန်တစ်ခုလုံးကိုအနီရောင်အဖြစ်သို့ပြောင်းသွားစေသည်။

စာစဉ် ၁၅

ၡင်းကသူ၏အလွန်ကြီးမားသောပါးစပ်ကြီးကိုဖွင့်လိုက်ပြီ
းချွန်ထက်သောသွားအတန်း
လိုက်အားဖော်ပြလိုက်သည်၊
ကြီးမားသောသားရဲကြီးကရေကန်အတွင်းမှထွက်လာပြီး
, ၡင်း၏ကျစ်လျစ်သေးသွယ်သောခန္ဓာကိုယ်ကအပြေးအ
လွှားဖြင့်ကောင်းကင်သို့ တက်သွားသည်။

"အိုး, ဘုရားရေ!"
အဲလီဇ၏လက်မောင်းတွေထဲမှမိန်းကလေးသည်မျက်လုံးမ
ျား ပြူးကျယ်နေပြီး
သူမ၏ပါးစပ်ကိုညာဘက်လက်ဖြင့်ပိတ်ထားသည်၊
သူမက အကူအညီမဲ့စွာဖြင့်တောင့်တင်းနေပြီး,
သူမ၏ခန္ဓာကိုယ်တစ်ခုလုံးကအေးခဲနေသည်၊

ကြီးများသောစပါးအုံးမြွေကြီးကလေထဲတွင်ပျံထွက်လာပြ
ီး ၡင်း၏ခန္ဓာကိုယ်ကို ပျော်မြူးစွာဖြင့်ဖော်ပြနေသည်၊

ရှည်လျားသောအစင်းများကသွေးနီရောင်တောက်ပ နေသည်။

နောက်ဆုံး၌,
ကြီးမားသောစပါးအုံးမြွေသည်ရေကန်၏အောက်ခြေသို့ ပြန်၍ဝင်သွား လိုက်သည်။

အဲလီရှုတ်တရက်နှာခေါင်းကိုညှစ်လိုက်သည်၊ “သေစမ်း, ဘာနံ့လဲဟ”၊ အနံ့က ပြင်းထန်စွာထွက်နေသည်။

သူကအောက်သို့ငုံ့ကြည့်လိုက်ပြီး
မိန်းကလေးကပျော့ခွေနေသည်ကိုတွေ့လိုက်ရသည်၊
သူမ၏မျက်အိမ်များကပြူးကျယ်နေသည်။

“သောက်ချီ*!”
အဲလီဗ်ရုတ်တရက်စိတ်ဝင်စားမှုမရှိတော့ပေ၊
သူမကိုရေကန်ဘေးတွင် လွှတ်ချလိုက်သည်။

သူကစီးကရက်ကိုသောက်လိုက်ပြီး ရုတ်တရက်အတွင်းရေးမှူးပြောသည့်သတင်းကို သတိရသွားသည်၊ သူကအပေါ်ထပ်ကိုတက်ပြီးပရိုဂျက်တာကိုဖွင့်လိုက်သည်။

သူဗီဒီယိုကိုကြည့်ပြီးသည်နှင့်, သူ့စီးကရက်ကိုပြာခွက်ထဲသို့ပြစ်လိုက်ပြီး, စိတ်မဝင်စားစွာဖြင့်ကြည့်နေသည်၊ "ဘယ်လိုတောင်လားကွာ၊ ဒါကအချိန်ဖြုန်းရုံသက်သက်ဘဲ၊ ကေရာဇ်အမျိုးအစားသားရဲဘဲလေ၊ ဒီအရိုးစုကအတော်လေးမိုက်သားဘဲ"

...

ဒီနှစ်ကမ္ဘာ့လူငယ်လေ့ကျင့်သူချန်ပီယံပြိုင်ပွဲဝင်များသည် တစ်ကမ္ဘာလုံးမှလာကြသည့်

စာစဉ် ၁၅

သားရဲလေ့ကျင့်သူများဖြစ်ကြသည်
သူတို့ကအထက်တန်းကျောင်းပြီးပြီးသားဖြစ်သည်၊

လူအားလုံးကိုစီမံခန့်ခွဲရာတွင်
ပို၍လွယ်ကူစေရန်နှင့်မတော်တဆဖြစ်နိုင်ချေများကို
နည်းပါးစေရန်အတွက်ပြိုင်ပွဲဝင်တစ်ဦးစီသည်
မိမိတို့နိုင်ငံမှလူတစ်စုချင်းစီကို
တောင်ပေါ်အိမ်ကြီးတွင်အတူနေရန်ခေါ်ဆောင်လာကြ
သည်။

ကောင်းဖန်သည်အိမ်ကြီးရှိရာ
တောင်အစွန်တွင်ကားပေါ်မှဆင်းလိုက်သည်၊ သူက
သတိထားလျှက်သွားနေသည်။

သူကဒိုင်လူကြီးဖြစ်သည်နှင့်အလျောက်
တောင်ပေါ်ဗီလာတွင်နေရန်မလိုအပ်ပေ,
သူကပြည်ပမှပြိုင်ပွဲဝင်များအကြောင်းကိုလည်းသိချင်ေ
ေးသည်၊ အဆိုပါနိုင်ငံခြား

## စာစဉ် ၁၅

ပြိုင်ပွဲဝင်အများအပြားကိုအင်တာနက်ပေါ်တွင်နတ်ဘုရ
ားများဟုမှတ်ယူကြပြီးအများစု
သည်ပြိုင်ပွဲတွင်နိုင်ရန်အတွက်စိတ်ကြိုက်ရွေးချယ်ထား
ခြင်းဖြစ်သည်။

ကောင်းဖန်ကသဘောမတူပါ၊
နိုင်ငံခြားကအရာများကလည်းပို၍ကောင်းမွန်တယ်လို့
လည်းမထင်ပေ။

ဗီလာအပြင်ဘက်တွင်ရှိသောကောင်းဖန်သည်,
များပြားသောလူများအတူတကွ
စုနေသည်ကိုမြင်လိုက်ရသည်၊ သူတို့အများစုက
အတူတကွတိုးဝှေ့နေကြသည်၊
ကောင်းဖန်ကသူတို့ရဲ့ပြောဆိုမှုအချို့ကိုအမှတ်တမဲ့ကြား
လိုက်ရပြီး ထိုလူများသည်
အုပ်စုလိုက်ဖြစ်နေကြောင်းသိလိုက်ရသည်၊
ကပ်ဆိုးကြီးမတိုင်ခင်က ဒီလူတွေသည်

စာစဉ် ၁၅

ရုပ်ရှင်သရုပ်ဆောင်တွေနဲ့ပေါ့စတားတွေနောက်ကိုလိုက်ခဲ့ကြပေမယ့် အခုအချိန်မှာ တော့သူတို၏ချစ်ခြင်းမေတ္တာတွေရဲ့ပစ်မှတ်ကစွမ်းအား၂ ြီးတဲ့သားရဲလေ့ကျင့်ပေးသူ များဖြစ်ကြသည်။

ကောင်းဖန်ကသူ့မျက်နှာသူထိလိုက်သည်၊ ငါ့လိုလူများဖြစ်နေမလား?

အများစုမှာအလယ်တန်း သို့မဟုတ် အထက်တန်းကျောင်းများမှကျောင်းသားများ ဖြစ်ကောင်းဖြစ်နိုင်သည်၊ ထိုအထဲမှာ ပြိုင်ပွဲဝင်တွေနဲ့တွေ့ဆုံမေးမြန်းခွင့်ရဖို့ မျှော်လင့်နေတဲ့သတင်းထောက်များလည်းပါဝင်နေသည် ။ ကံမကောင်းစွာနဲ့ဘဲ ပြိုင်ပွဲဝင်များကိုဘယ်သူမှအင်တာဗျူးမဖြေဖို့အမိန့်ထုတ် ထားသည်။

တောင်ပေါ်ရှိဗီလာမှာလုံခြုံရေးအစောင့်အနည်းအကျဉ်း ချထားသည်၊ အစောင့်တွေက လူအုပ်ကိုပိတ်ဆို့ထားပြီး အပြင်မှာတားထားသည်။

ကောင်းဖန်ကရှေ့ကိုလျှောက်လာပြီး အစောင့်တွေကိုဝင်ခွင့်ပေးဖို့အတွက် သူ၏ခွင့်ပြုမိန့်ကိုအစောင့်အားပြလိုက်သည်၊ ထို့နောက်သူကဗီလာထဲသို့လျှောက်ဝင် သွားသည်၊

ပြိုင်ပွဲဝင်မည့်သူများရှိနေသောကြောင့်နေရာသည်အလွန အသက်ဝင်နေသည်၊ ကောင်းဖန်ဝင်လာသောအခါတွင် မတူညီသောသားရဲများက ဗီလာအနှံ့တွင်သွားလာ နေသည်အားတွေ့လိုက်ရသည်၊ မတူကွဲပြားသောလူမျိုးစုများ၏ပြိုင်ပွဲဝင်များ အချင်းချင်းစကားပြောနေသည်ကိုလည်းတွေ့လိုက်ရသ ည်၊

စာစဉ် ၁၅

ပြိုင်ပွဲကနောက်နေ့ဆိုဆော့
ပြိုင်ပွဲဝင်တော်တော်များများကအရမ်းစိတ်လှုပ်ရှားနေြ
ြသည်၊ အခြားလူများမှာ
ဂျက်လေယာဉ်နောက်ကျနေခြင်းကြောင့်အနားယူနေကြ
သည်၊

သားရဲများအားလုံးကိုချုပ်ထားကြသည်၊
၎င်းတို့အနက်မှအခြားသားရဲများဖြင့်လည်း
တိုက်ခိုက်မှုများမရှိကြပေ။

***

စာစဉ် ၁၅ ပြီး၏။